# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း (၁၄)ရက် ၊ ကြာသပတေးနေ့ ၊ (1-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၄၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ ပြည်သူ့အကျိုး ရွက်သယ်ပိုးမည့် အားကိုးထိုက်သူ ရွေးကြစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ ၂၀၂၆ ခုနှစ် နှစ်သစ်မင်္ဂလာကျင့်ဖွယ်ရာ

ယနေ့သည် ၂၀၂၅ ခုနှစ်ဟု ဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၂၀၂၆ ခုနှစ်ဟု ဆိုအပ်သော ကမ္ဘာသူ၊ ကမ္ဘာသားတို့၏ နှစ်သစ်သမယအချိန်အခါသို့ ရောက်ရှိသည့် မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံသော မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ယခုကဲ့သို့ မင်္ဂလာအပေါင်း ခညောင်းပြည့်စုံ ကောင်းမြတ်သောဂုဏ်နှင့်ပြည့်စုံသော ကမ္ဘာ့နှစ်သစ်မင်္ဂလာအချိန်ကာလသမယမှစ၍ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့် ကမ္ဘာသူ၊ ကမ္ဘာသား၊ အများသူငါ သတ္တဝါအားလုံးတို့သည် ကျရောက်ဆဲ၊ကျရောက်လတ္တံ့ဖြစ်သော ဘေးရန်အန္တရာယ်၊ရန်စွယ်အပေါင်း၊ မကောင်းဟူသမျှ ပြစ်ဒေါသတို့မှ ကင်းစင်ပကြ၍ ကောင်းကျိုးအဖြာဖြာ လိုရာဆန္ဒအဝဝတို့နှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ပတ္ထနာမှု တောင်းဆုပြုလျက်-

> "ဖြဟ္မစိုရ်လေးဖြာ၊ တည်ကြခါမှ
> သတ္တဝါဟူ၊ ဦးမည်းဖြူတို့
> ရှင်လူခပင်း၊ ရောဂါကင်းလျက်
> ဘေးရှင်းရန်ကွာ၊ ဆင်းအင်္ဂါနှင့်
> ချမ်းသာခွန်အား၊ သက်ရှည်ပွား၏" ဟူသော

မဃဒေဝလင်္ကာကြီး၌ မိန့်ဆိုထားသည်နှင့်အညီ ဖြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထား၍ ပွားများနေထိုင်ကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့ကို အနာရောဂါကင်းခြင်း၊ဘေးရန်အန္တရာယ်မရှိခြင်း၊ရုပ်ဆင်းအင်္ဂါနှင့်ပြည့်စုံခြင်း၊ ချမ်းသာခြင်း၊ ခွန်အားဗလကြီးမားခြင်း၊

စာမျက်နှာ ၁၇ ကော်လံ ၁


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



၂၀၂၅ ခုနှစ်ကုန်ဆုံးလို့ ၂၀၂၆ ခုနှစ်ကို ကူးပြောင်းရောက်ရှိလာတဲ့ နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပြီး ကောင်းကျိုးလိုအင်ဆန္ဒများပြည့်ဝကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျော်ဖြတ်ခဲ့တဲ့ ၂၀၂၅ ခုနှစ်ဟာ ကျွန်တော်တို့နိုင်ငံအတွက် အင်မတန်အရေးကြီးတဲ့ နှစ်တစ်နှစ်ဖြစ်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှာ နိုင်ငံတော်ကို အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာစဉ်က ပါရှိခဲ့တဲ့ကိစ္စရပ်အားလုံးကို ကျွန်တော်တို့အနေနဲ့

စာမျက်နှာ ၁၈ ကော်လံ ၁

ရတနာပုံ

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်

အယ်ဒီတာ့အာဘော်

# အတွေးသစ်၊ အမြင်သစ်၊ ရည်မှန်းချက်သစ်များဖြင့် နှစ်သစ်ဆီသို့

၂၀၂၅ ခုနှစ် နှစ်ဟောင်းကုန်ဆုံး၍ ၂၀၂၆ ခုနှစ် နှစ်သစ်သို့ရောက်ခဲ့ပြီဖြစ်သည်။ အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဆိုသည့်အတိုင်း အချိန်သည် လူကိုမစောင့်ဘဲ တရွေ့ရွေ့ကုန်ဆုံးသွားပေသည်။ ယခု နှစ်သစ်ရောက်ရှိချိန်တွင် စိတ်သစ်၊ အတွေးသစ်၊ ရည်မှန်းချက်အသစ်တို့ဖြင့် ကောင်းမွန်သော အနာဂတ်များပိုင်ဆိုင်နိုင်အောင် ဆင်ခြင်မှု၊ ပြင်ဆင်မှုတို့ဖြင့် ဘဝကိုပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

နှစ်ဟောင်းတွင် အောင်မြင်မှုများကို အကြိမ်ကြိမ်ဆုပ်ကိုင်နိုင်သကဲ့သို့ ကျရှုံးမှုများကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့သူများရှိနေမည်ဖြစ်သည်။ ထိုသို့ အောင်မြင်မှုနှင့် ကျရှုံးမှုသည် ဒွန်တွဲလျက်ရှိပေရာ အချိန်ကို အကျိုးရှိစွာအသုံးချနိုင်သူများ၊ စဉ်ဆက်မပြတ် လေ့လာဆည်းပူးအားထုတ်ကြိုးပမ်းသူများ၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိသူများသည် နယ်ပယ်တစ်ခုတွင် အောင်မြင်မှုရရှိခဲ့မည်ဖြစ်သည်။ လူတိုင်း တစ်ရက်လျှင် ၂၄ နာရီ ပိုင်ဆိုင်ထားကြသည်။ ထိုပိုင်ဆိုင်ထားသည့်အချိန်ကို အကျိုးရှိရှိအသုံးချတတ်ရန် လိုသကဲ့သို့ ရည်မှန်းချက်များထားကာ ဆောင်ရွက်တတ်ရန်လိုပေသည်။ အချိန်ဖြုန်းသူများ၊ ပျင်းရိသူများ၊ ရည်မှန်းချက်ပျောက်ဆုံးနေသူများသည် မည်သည့်အောင်မြင်မှုကိုမျှမရရှိဘဲ တစ်နှစ်ကုန်၍အသက်တစ်နှစ်ကြီးသွားသည်သာရှိမည်ဖြစ်သည်။ ထို့ကြောင့် နှစ်သစ်တစ်ခုသို့ရောက်ရှိတိုင်း ဘဝရှေ့ရေးအတွက် ရည်မှန်းချက်များထားရှိကာ အောင်မြင်အောင် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လူတစ်ဦး၏အောင်မြင်မှုကို မိသားစုအတွက်တာဝန်ကျေပွန်အောင် ဆောင်ရွက်ခဲ့မှု၊ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှ ပါဝင်ဆောင်ရွက်နိုင်ခဲ့မှုတို့အပေါ်ကြည့်၍ တိုင်းတာနိုင်သည်။ လူတစ်ဦးသည် မိသားစုအတွက်ဖြစ်စေ၊ အများအကျိုးအတွက်ဖြစ်စေ၊ နိုင်ငံအကျိုးအတွက်ဖြစ်စေ ကောင်းရာကောင်းကျိုးကို ဆောင်ကြဉ်းပေးနိုင်ခြင်းမရှိလျှင် ထိုသူသည် လူပိုတစ်ဦးသာဖြစ်ပေလိမ့်မည်။ ထို့ကြောင့် မိမိကိုယ်မိမိ လူပိုတစ်ဦးမဖြစ်စေရန် နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ အတွေးသစ်၊ ခွန်အားသစ်များဖြင့် ကြိုးပမ်းသွားမည်ဟူသော ရည်မှန်းချက်များဖြင့် နှစ်သစ်သန္နိဋ္ဌာန်များချမှတ်ထားကြရမည်ဖြစ်သည်။ နှစ်သစ်တွင် မိဘများကိုအလုပ်အကျွေးပြုခြင်း၊ စာကောင်းပေမွန်များဖတ်ရှုခြင်း၊ မိသားစုအတွက် အချိန်ပေးခြင်း၊ ကျန်းမာရေးလေ့ကျင့်မှုများ ပိုမိုလုပ်ဆောင်ခြင်း၊ လုပ်ဖော်ကိုင်ဖက်များကို ကူညီခြင်း၊ ပရဟိတအဖွဲ့များတွင် ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ဖြင့် မိမိအကျိုးအတွက်သာမက အများအကျိုးအတွက်ပါ ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

လူတို့သည် စားဝတ်နေရေးအပြင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ဆောင်ရွက်ဖွယ်များစွာရှိသည်။ ထိုတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် ခံယူချက်နှင့်ကြိုးပမ်းအားထုတ်မှုအပေါ်တွင်သာ မူတည်နေပေသည်။ ယခု နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်ရှိခဲ့ပြီဖြစ်ရာ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုးတို့ကို ကြုံတွေ့ခဲ့ကြရမည်ဖြစ်သည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်သကဲ့သို့ နှစ်သစ်တွင် ရည်မှန်းထားသည့်စိတ်ကူးအိပ်မက်များ အမှန်တကယ်ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နှစ်သစ်တွင် ကျန်းမာပျော်ရွှင်ဖွယ်ရာ မိသားစုများတည်ဆောက်ကြပြီး မိမိအတွက်၊ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် ကောင်းသောအတွေး၊ ကောင်းသောအမြင်၊ ကောင်းသောလုပ်ရပ်များကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ပြင် တစ်ဦးအပေါ်တစ်ဦး ကိုယ်ချင်းစာတရား၊ မုဒိတာတရားများထားကာ အတွေးသစ်၊ အမြင်သစ်၊ ရည်မှန်းချက်အသစ်များဖြင့် နှစ်သစ်ဆီသို့ တက်လှမ်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ပြင်ဦးလွင်မြို့ရှိ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံ့တော) ခေတ်မီဈေးသစ်ကြီးကို အောင်မြင်စွာဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**မန္တလေး ဒီဇင်ဘာ ၃၁**

ပြင်ဦးလွင်မြို့ရှိ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံ့တော) ခေတ်မီဈေးသစ်ကြီးကို အောင်မြင်စွာဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ တည်ဆောက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့၌ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ (ညံ့တော) ခေတ်မီဈေးသစ်ကြီးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ရှိသူများအနေဖြင့် ကဏ္ဍများအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများကို အမြန်ဆုံးအပြီးသတ် ဆောင်ရွက်သွားနိုင်ရေး၊ ဆိုင်ခန်းများ အမြန်ဆုံးဖွင့်လှစ်သွားနိုင်ရေး၊ ဖွင့်ပွဲအခမ်းအနားမတိုင်ခင် ကြိုတင်ပြင်ဆင်နေစဉ်ကာလနှင့် ဖွင့်ပွဲအခမ်းအနားကျင်းပနေစဉ် အချိန်တို့တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေး လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်း ဆောင်ရွက်ပေးနေကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှတာဝန်ရှိသူများက ဈေးသစ်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ ဈေးသစ်၏ ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဓနုဖြူမြို့နယ်တွင် ဒေသထွက် ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းမွန်နေ

**ဓနုဖြူ ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ဒေသထွက် ငရုတ်သီးစိမ်းများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ဒီဇင်ဘာလ ဒုတိယပတ်မှ ယနေ့ထိ ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ငရုတ်သီးစိမ်းများပေါ်နေချိန်ဖြစ်ပြီး ငရုတ်သီးစိမ်းတစ်ပိဿာလျှင် ငွေကျပ် ၈၉၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်မှာ ငရုတ်သီးစိမ်းတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒီဘက် ဒေသမှာတော့ တောင်သူတွေက ငရုတ်သီးစိမ်း စိုက်ပျိုးတာများပါတယ်။ လက်ရှိတောင်သူတွေ စိုက်ပျိုးထားတဲ့ ငရုတ်သီးတွေ စတင်ပေါ်နေတဲ့ အချိန်ဖြစ်ပါတယ်။ အခုလို ငရုတ်သီးစိမ်းတွေ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ၊ လယ်ယာလုပ်သားတွေ အလုပ်အကိုင်အဆင်ပြေလာတာတွေ့ရပါတယ်။ ငရုတ်သီးစိမ်းတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေ ကောင်းနေတာပါ"ဟု ဓနုဖြူမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ငရုတ်သီးများသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါကင်းရှင်းကြောင်း၊ အဆိုပါဒေသထွက်ငရုတ်သီးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ငရုတ်စိုက်တောင်သူများအပြင် လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်

**ချောင်းဦး ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် နေကြာ ၂၈၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၈၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ချောင်းဦးမြို့နယ်အတွင်း နေကြာ ၂၈၇၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၈၈၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကိုလျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေသြဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

**(၂၀၆)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော် ရွှေထီးတော်အသစ် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ငလျင်အလွန်ပြန်လည်ထူထောင်ရေးပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ



**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေး မဟာမုနိရုပ်ရှင်တော် ရွှေထီးတော်အသစ် တင်လှူပူဇော်ပွဲမဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အတွင်းရေးမှူး၊ မဟာအောင်မြေခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မဟာမုနိရုပ်ရှင်တော်ပြန်လည်ပြုပြင်ရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများကို ပြင်ဆင်ဖွဲ့စည်းတာဝန်ပေး၍ ရှေးမူမပျက် ပြန်လည်ပြင်ဆင်ခြင်း၊ တည်ဆောက်ခြင်းလုပ်ငန်းများကို ဩဝါဒစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒများခံယူကာ မြေငလျင်ဒဏ်ခံနိုင်မှုရှိရေးနှင့် အကောင်းဆုံးဖြစ်အောင်၊ လုပ်ငန်းများအမြန်ဆုံးပြီးစီးအောင် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း၊ မဟာမုနိရုပ်ရှင်တော် ရွှေထီးတော်အသစ် တင်လှူပူဇော်ပွဲကို နိုင်ငံတော်အဆင့်အခမ်းအနားအဖြစ် ကျင်းပမည်ဖြစ်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ချမှတ်ထားသည့်မူဝါဒများ၊ လမ်းညွှန်ချက်များကိုအလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ ထီးတော်သစ်တင်လှူပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည်များကို အချိန်နှင့်တပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ မဟာမုနိရုပ်ရှင်ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် မဟာမုနိရုပ်ရှင်တော်နှင့် ဘုရားကြီးပရဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ ရွှေထီးတော်အသစ်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်နှင့် ဘုံအဆင့်ဆင့် တင်လှူပူဇော်နိုင်ရေး၊ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး၊ အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ New Starlight Group of Companies ၏ငလျင်အလွန် ပြန်လည်ထူထောင်ရေးကာလတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ကုမ္ပဏီမှဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကိုဒီဇင်ဘာ ၃၀ ရက်ညပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အတွင်းရေးမှူး၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms.Gao Ping နှင့် တာဝန်ရှိသူများ၊ New Starlight Group of Com–paines မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မြောင်းမြခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၂၈၄၁၅၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ပုသိမ် ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၂၈၄၁၅၅ ကေထိ ပြန်လည်ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၂၁၉၆၄ ကေထိ လျာထားစိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးခဲ့သည့် စပါးခင်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ၂၈၄၁၅၅ ကေထိပြန်လည် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။



"မိုးသီးနှံ စိုက်ပျိုးရာသီမှာ မြောင်းမြခရိုင် တစ်ခုလုံးအနေနဲ့ စပါးဧက ၅၂၀၀၀၀ ကျော်ထိ လျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ စပါးဧက ၂၈၀၀၀၀ ကျော်ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့က စပါးတွေအခက်အခဲမရှိ လျာထားဧကအတိုင်း အဆင်ပြေပြေ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တာတွေ ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ ဓာတ်မြေဩဇာနဲ့ အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကိုလဲ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ လိုအပ်သလို ချိတ်ဆက်ကူညီပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်တွင် စပါး ၅၂၁၉၆၄ ကေကို အခက်အခဲမရှိ စနစ်တကျရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ စိုက်ပျိုးရေးအသင်းအဖွဲ့များ၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြကြောင်း၊ အဆိုပါစပါးများ ဖြစ်ထွန်းအောင်မြင်စေရန်၊ စပါးအရည်အသွေးနှင့် အထွက်နှုန်းကောင်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ ရွှေခရုအန္တရာယ်ကာကွယ်စေရန် စသည့်တောင်သူအသိပညာပေး လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် သံဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး


**ဝမ်းတွင်း ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၂ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိမရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သံဘိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၆ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၃၃ ဒသမ ၁၅ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၃ ဒသမ ၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂ ဒသမ ၉ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**



# သာချင်းနိဒါန်းနှင့် ဆရာကြီး ဦးအောင်ဖြိုး (၁)

ဗိုလ်ရှိတ်(ရတနာပူရ)

ဆရာကြီး ဦးအောင်ဖြိုးသည် အမရပူရခေတ် ဘိုးတော်ဗဒုံမင်းလက်ထက်တွင် ထင်ရှားသော စာဆိုတော်ကြီးဖြစ်သည်။ သာချင်းများစွာကို ရေးဖွဲ့ခဲ့သူဖြစ်ခြင်းကြောင့် သာချင်းဆရာကြီး ဦးအောင်ဖြိုးဟုထင်ရှားသည်။ ဆရာကြီးဦးအောင်ဖြိုး၏မွေးဖွားနှစ်နှင့် မိဘအမည်တို့ကိုမသိရပေ။ ဆရာကြီးမွေးဖွားရာဇာတိကိုလည်း ပုဂံဖြစ်သည်။ ဟန်လင်းဖြစ်သည်ဟူ၍ နှစ်မျိုးကွဲနေသည်။ ဗိုလ်မှူးဘသောင်း၏ စာဆိုတော်များ အတ္ထုပ္ပတ္တိတွင် ဟန်လင်းမြို့ သမိုင်းလင်္ကာကို အထောက်အထားပြုပြီး ဆရာကြီးဦးအောင်ဖြိုး၏ ဇာတိသည် ဟန်လင်းမြို့ဖြစ်သည်ဟုဆိုထားသည်။ ဟန်လင်းမြို့သမိုင်းလင်္ကာစာအုပ်သည် မဟာဝိဇ္ဇာဘွဲ့ရ ဦးတင်တည်းဖြတ်ပြီး မြန်မာနိုင်ငံသုတေသနအသင်းက တည်းဖြတ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်သည်။ ထိုစာအုပ်၌ ဟန်လင်းမြို့သမိုင်းလင်္ကာကို စည်သူကျော်ထင်အမတ်ရေးသည်ဟု ဖော်ပြထားသည်။

ထိုသို့ဖော်ပြထားသော်လည်း ဗိုလ်မှူးဘသောင်းက ဟံသာဝတီဦးဘရင်၏မှတ်စုကို အထောက်အထားပြုကာ စည်သူကျော်ထင်ဟူသောဘွဲ့သည် ဆရာကြီးဦးအောင်ဖြိုးရရှိခဲ့သောဘွဲ့ဖြစ်ကြောင်း ဖော်ပြပြီး ဟန်လင်းမြို့သမိုင်းလင်္ကာသည် ဆရာကြီးဦးအောင်ဖြိုး ရေးခဲ့ခြင်းဖြစ်သည်ဟုဆိုထားသည်။ ထိုလင်္ကာကို ဦးအောင်ဖြိုးရေးသည်ဟုယူဆပြီး လင်္ကာပိုဒ်ရေ ၃၁ ပိုဒ်ပါ အောက်ပါစာပိုဒ်ကို အထောက်အထားပြုကာ ဗိုလ်မှူးဘသောင်းက ဆရာကြီးဦးအောင်ဖြိုးသည် ဟန်လင်းမြို့ဇာတိဖြစ်သည်ဟု ဆိုထားသည်။

"စည်သူကျော်ထင်၊ ရွှေဘွဲ့ဆင်၍
မှူးအင်ကုံလုံ၊ တတ်မျိုးစုံလျက်
မှူးပုံမတ်လယ်၊ သောက်ရှူးကြယ်သို့
နှံ့ကျယ်ပညာ၊ မြိုက်နာဝါဟု
ရောင်ဖြာထွန်းလှည့်၊ ဆုတောင်းပြည့်နှင့်
ရွှေမှည့်ရောင်ရွှန်း၊ သင်းချောသွန်းသား
မော်ကွန်းသညာ၊ ကျောင်းမြတ်စွာ၏
တကာမှန်ဘိ၊ မတ်ပဏ္ဍိလျှင်
ဇာတိတွက်စစ်၊ မူလဖြစ်၍
သနစ်သနာ၊ သိစိမ့်ငှာလျှင်
လင်္ကာသာညင်း၊ မော်ကွန်းထွင်းသည်
ဟန်လင်းရွှေမြို့သမိုင်းတည်း"

ဟန်လင်းမြို့ သမိုင်းလင်္ကာပါ စည်သူကျော်ထင်သည် ဆရာကြီးဦးအောင်ဖြိုး၏ ဘွဲ့ဖြစ်သည်ဟုဆိုလျှင် ဆရာကြီးဦးအောင်ဖြိုးသည် ဟန်လင်းမြို့ဇာတိဖြစ်ကြောင်းကို အငြင်းပွားဖွယ်ရာမလိုပေ။ သို့သော် စည်သူကျော်ထင်ဘွဲ့နှင့် ဆရာကြီး ဦးအောင်ဖြိုးမှာ တစ်ဦးစီဖြစ်သည်ဟုဆိုလျှင် ဆရာကြီး ဦးအောင်ဖြိုးမှာ ဟန်လင်းဇာတိလည်းမဟုတ်တော့သလို ဟန်လင်းမြို့သမိုင်းလင်္ကာမှာလည်း ဆရာကြီး ဦးအောင်ဖြိုးရေးခြင်း မဟုတ်တော့ပေ။

ရှေးခေတ်စာဆိုတော်များ အတ္ထုပ္ပတ္တိကျမ်းတစ်ကျမ်းဖြစ်သော ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်းတွင် ဆရာကြီးဦးအောင်ဖြိုးအကြောင်းကို တိုတိုတုတ်တုတ် မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ထို့ပြင် ဆရာကြီးရေးခဲ့သော စာစုစာရင်းကိုပါ ဖော်ပြထားသည်။ အမည်မှာမူ ဦးအောင်ဖြိုးမဟုတ်ဘဲ မောင်အောင်မြို့ဟူ၍ဖြစ်နေ၏။ အဆင့်ဆင့်ကူးယူရာတွင်လွဲမှား၍ ဦးအောင်ဖြိုးမှ ဦးအောင်မြို့ဖြစ်သွားသည်လောဟု တွေးရသည်။ သို့သော် ဆရာကြီး ဦးအောင်ဖြိုးအကြောင်းကို ရေးသားကြောင်းကား ထင်ရှား၏။ ကဗျာဝိဒူအနုဗုဒ္ဓိကထာကျမ်းသည် မင်းတုန်းမင်းကြီးလက်ထက်၌ ရေးသားခဲ့သော ကျမ်းဖြစ်သည်ဟု ကျမ်းတွင်းပါ အထောက်အထားများအရ ယူဆရပါသည်။ ထိုကျမ်းတွင်တွေ့ရသော ဆရာကြီးဦးအောင်ဖြိုး၏အကြောင်းမှာ ဤသို့ဖြစ်၏။

"ဆရာကြီးမောင်အောင်မြို့(ဖြိုး) အကြောင်း အရာကား ဇာတိရင်း ပုဂံမြို့သား၊ ၎င်းဆိုစာစုမှာ ရာမသာချင်း၊ ဇနကရကန်၊ ကျန်စစ်သားကြုတ်ဖွင့်ခန်းသာချင်း၊ တရုတ်ပြည်စွယ်တော်တောင်း သာချင်း၊ ဗောဓိပင်ကိုမာရ်နတ်သားလုခန်း သာချင်း၊ မင်းဆက်သာချင်း၊ ရကန်အများရေးသားသည်"ဟူ၍ ဖြစ်သည်။ အထက်ပါကျမ်းအလိုအရ ဆရာကြီး ဦးအောင်ဖြိုးသည် ပုဂံမြို့ဇာတိဟုဆိုရပေမည်။ စာဆိုတော်များအကြောင်း ရေးထားသည့် ပေမူတစ်ဆူတွင်လည်း "ဇာတိရင်း၊ ပုဂံမြို့သား။ ၎င်းစာဆိုစာစုမှာ ရာမသာချင်း၊ ဇနကရကန်၊ ကျန်စစ်သားကြုတ်ဖွင့်ခန်းသာချင်း၊ တရုတ်ပြည်စွယ်တော်တောင်းသာချင်း၊ ဗောဓိပင်ကို မာရ်နတ်သားလုခန်း သာချင်း၊ မင်းဆက်သာချင်း၊ နှစ်ကျိပ်ရှစ်ဆူဘုရားသာချင်း၊ ရကန်အများရေးသည်"ဟူ၍ ဦးအောင်ဖြိုးမှာ ပုဂံဇာတိဖြစ်ကြောင်း ဖော်ပြထားသည်။ ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်းနည်းတူပင် ကဗျာသင်္ဂဟမေဒနီကျမ်း၊ ဆရာလှသမိန်၏ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိတို့တွင် ဆရာကြီး ဦးအောင်ဖြိုးသည် ပုဂံဇာတိဖြစ်ကြောင်း ဖော်ပြထားသည်။ ကဗျာသင်္ဂဟမေဒနီကျမ်းပါ စာဆိုတော်များ အတ္ထုပ္ပတ္တိသည် တစ်ချိန်က ရန်ကုန်မြို့ ဘားနဒ်ပိဋကတ်တိုက်၌ ရှိခဲ့သော ရှေးဟောင်းပုရပိုက်တစ်ဆူမှ ကူးယူထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။

**ပေမူအမှတ်အသားနှင့် ပုရပိုက်အမှတ်အသား**

ဆရာကြီးဦးအောင်ဖြိုး၏ ရာဇဝင်သာချင်း ပေမူတစ်စောင်နှင့် ပုရပိုက်မူတစ်စောင်ကို လေ့လာခွင့်ရခဲ့ပါသည်။ ထိုပေမူနှင့် ပုရပိုက်မူတွင် ဦးအောင်ဖြိုး၏ သာချင်းအကြောင်းကို "အမရပူရ ပဋ္ဌမမြို့တည် နန်းတည်မင်းတရားကြီး ရွှေလက်ထက်တော် ပုဂံမြို့မဇာတိ ဆရာကြီးဦးအောင်ဖြိုးဆက်သည့် ရာဇဝင်သာချင်း"ဟူ၍ စာခေါင်းတပ်ထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ဦးအောင်ဖြိုးသည် ပုဂံဇာတိဖြစ်သည်ဟုဆိုနိုင်သည်။

**❖ ဆရာကြီးဦးအောင်ဖြိုး၏ ရာဇဝင်သာချင်း ပေမူတစ်စောင်နှင့် ပုရပိုက်မူတစ်စောင်ကို လေ့လာခွင့်ရခဲ့ပါသည်။ ထိုပေမူနှင့် ပုရပိုက်မူတွင် ဦးအောင်ဖြိုး၏ သာချင်းအကြောင်းကို "အမရပူရ ပဋ္ဌမမြို့တည်နန်းတည် မင်းတရားကြီး ရွှေလက်ထက်တော် ပုဂံမြို့မဇာတိ ဆရာကြီးဦးအောင်ဖြိုးဆက်သည့် ရာဇဝင်သာချင်း" ဟူ၍ စာခေါင်းတပ်ထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ဦးအောင်ဖြိုးသည် ပုဂံဇာတိဖြစ်သည်ဟုဆိုနိုင်သည်။ အထက်တွင် ဖော်ပြခဲ့သည့် အထောက်အထားများကိုကြည့်ပါက ဆရာကြီး ဦးအောင်ဖြိုးသည် ပုဂံဇာတိဖြစ်သည်ဟု ရှင်းရှင်းလင်းလင်းပေါ်လွင်နေပါသည်။ ❖**

အထက်တွင်ဖော်ပြခဲ့သည့် အထောက်အထားများကိုကြည့်ပါက ဆရာကြီးဦးအောင်ဖြိုးသည် ပုဂံဇာတိဖြစ်သည်ဟု ရှင်းရှင်းလင်းလင်းပေါ်လွင်နေပါသည်။ ဟံသာဝတီဦးဘရင်၏ မှတ်စုကို ကိုးကား၍ ဆရာကြီး ဦးအောင်ဖြိုးသည် ဟန်လင်းဇာတိဖြစ်သည်ဟု ဖော်ပြခဲ့သော ဗိုလ်မှူး ဘသောင်း၏ အဆိုအမိန့်သည် အထောက်အထားမခိုင်လုံပါ။ ဟံသာဝတီ ဦးဘရင်၏ မှတ်စုသည်လည်း မည်သည့်ကျမ်းကို အထောက်အထားပြု၍ဆိုကြောင်း မသိနိုင်ပါ။ ထို့ကြောင့် မူရင်းကျမ်းအထောက်အထား တိကျစွာမပြနိုင်သဖြင့် ဗိုလ်မှူးဘသောင်း၏အဆိုသည် မခိုင်လုံဟု ယူဆပါသည်။

အထက်တစ်နေရာတွင် စာရေးသူ ကိုးကား ဖော်ပြခဲ့သော ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်းသည် မင်းတုန်းမင်းနန်းတက်စက ပြုစုခဲ့သည့်ကျမ်းဖြစ်သောကြောင့် ရှေးကျ၍ ခိုင်မာသောရှေးမှတ်တမ်းတစ်စောင်ဖြစ်သည်။ စာရေးသူ စုဆောင်းရှာဖွေထားသော စာဆိုတော်များ အတ္ထုပ္ပတ္တိပေမူနှင့် ရာဇဝင်သာချင်းပေမူ၊ ပုရပိုက်မူတို့သည် ရှေးကျသော မူရင်းအထောက်အထားများဖြစ်သည်။ ထို့ကြောင့် သာချင်းဆရာကြီးဦးအောင်ဖြိုးသည် ပုဂံဇာတိဖြစ်ပြီး ဟန်လင်းဇာတိမဟုတ်ကြောင်း မှတ်သားရမည်ဖြစ်ပြီး ဦးအောင်ဖြိုးနှင့် ဟန်လင်းမြို့ သမိုင်းလင်္ကာကို ရေးခဲ့သော စည်သူကျော်ထင်မှာ တစ်ဦးစီဟု ကွဲပြားစွာ မှတ်သားရမည်ဖြစ်သည်။ ထိုသို့ သာချင်းဆရာကြီး ဦးအောင်ဖြိုးနှင့် စည်သူကျော်ထင်သည် တစ်ဦးစီဖြစ်သောကြောင့် ဟန်လင်းမြို့သမိုင်းလင်္ကာကို ဆရာကြီး ဦးအောင်ဖြိုး၏စာစုစာရင်းမှ ပယ်ဖျက်ရပါမည်။

**ဆရာကြီး၏ စာစုစာရင်း**

ဆရာကြီး ဦးအောင်ဖြိုးရေးခဲ့သော စာပေစာရင်းမှာ ကဗျာသင်္ဂဟမေဒနီကျမ်းအရ အောက်ပါအတိုင်းဖြစ်၏။

၁။ ရာမသာချင်း
၂။ ဇနကရကန်
၃။ ကျန်စစ်သားကြုတ်ဖွင့်ခန်းသာချင်း
၄။ စွယ်တော်တောင်းသာချင်း
၅။ ဗောဓိပင်ကိုမာရ်နတ်သားလုခန်းသာချင်း
၆။ မင်းဆက်သာချင်း
၇။ နှစ်ကျိပ်ရှစ်ဆူဘုရားသာချင်း
၈။ ရာဇဝင်သာချင်း
၉။ ငှက်ကြီးသာချင်းတို့ဖြစ်သည်။

ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်းတွင် တွေ့ရသော စာရင်း၌ ငှက်ကြီးသာချင်းမပါပေ။ ရာဇဝင်သာချင်းနှင့် မင်းဆက်သာချင်းမှာ အတူတူဖြစ်သည်ဟု ယူဆရသည်။ ကျမ်းတစ်ခုတည်းကို အမည်နှစ်မျိုးဖြင့် မှတ်တမ်းတင်ထား၍ ကျမ်းနှစ်စောင်ဖြစ်နေသည်ဟု ထင်ပါသည်။

**သာချင်းစာဆိုများ**

မြန်မာစာပေသမိုင်းတစ်လျှောက်တွင် တွေ့ရသော သာချင်းစာဆိုအရေအတွက်မှာ မများလှသလို သာချင်းစာပေမှာလည်း များများစားစားမတွေ့ရပေ။ ဟံသာဝတီတိုက်ထုတ် ဦးအောင်ဖြိုး၏ ကျန်စစ်သားကြုတ်ဖွင့်သာချင်းစာအုပ်၌တွေ့ရသော သာချင်းများနှင့် သာချင်းစာဆိုများစာရင်းမှာ အောက်ပါအတိုင်းဖြစ်၏။

**မင်းဇေယျရန္တမိတ်ဘွဲ့ခံတောင်ခွင်မြို့စားဦးသာအောင်**

၁။ ဥတေနသာချင်း
၂။ ပဋ္ဌာစာရီသာချင်း
၃။ စိဉ္စမာဏဓိန်းမသာချင်း
၄။ မဟော်သာချင်း

**အကြီးတော် ဦးသံမှို**

၁။ ဗျိုင်းစေခန်းသာချင်း

**မန်လည်ဆရာတော်**

၁။ ရတနာသာချင်း

**မောင်ချင်းဖြူ**

၁။ ကျန်စစ်သားသာချင်း
၂။ ပုဂံငှက်ကြီးသာချင်း

**ရေပုပ်ကျောင်းဒကာဦးသူ(ဦးခွေးပု)**

၁။ ယသောရောကန်တော့ခန်းသာချင်း
၂။ ဝိဓူရသာချင်း
၃။ တောထွက်ခန်းသာချင်း
၄။ မရဏာသန္ဓသာချင်း၊
၅။ ဘူရိဒတ္တသာချင်း၊
၆။ အရိန္ဒမာသာချင်း
၇။ တေမိသာချင်း
၈။ နေမိသာချင်း
၉။ ကြိုးကြာသာချင်း

**ရှင်ဝရသာမိ**

၁။ ကမ္ဗဋ္ဌာနသာချင်း

**စစ်တွေမြို့ တန်းခိုးရှာစာဟောဆရာ ဆရာထွန်း**

၁။ ကောကနသာချင်း

**အမည်မသိစာဆို**

၁။ အင်္ဂုလိမာလသာချင်း
၂။ သတ္တဓနုသာချင်းတို့ဖြစ်ပေသည်။

အထက်ပါစာရင်းတွင် မပါသေးသော သာချင်းများ များစွာရှိနိုင်ပါသည်။ ဤစာရင်း၌ တန်းခိုးရှာ ဆရာထွန်းရေးဖွဲ့သော သာချင်းကို တစ်စောင်တည်း ပြဆိုထားသည်။ အမှန်က တန်းခိုးရှာ ဆရာထွန်းရေးသောသာချင်းသည် ၃၃စောင်မျှရှိလေသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## နှစ်သစ်အလင်း အမောင်ခွင်း

- မြန်မာပြည် နယ်တစ်ဝန်း
အေးချမ်းဖို့ စည်းလုံးပါ၊
သွေးခွဲသော် မပြိုကွဲ
ဆင်နွဲညီညာ၊
ပန်းတိုင်သို့ ရောက်ဖို့ရာ
မောင်းနှင်ကာ ကြိုးစား၊
အလုပ်ကို မပျင်းရိ
ပီတိဖြင့်သွား။

- ရွှေမြန်မာ တိုင်းရင်းသား
စိတ်ကောင်းထား ဖြူဖြူစင်၊
အဖျက်ရန် ကျော်ဖြတ်ရေး
အားမွေးပြင်ဆင်၊
အောင်မြင်မှု ရလိုလျှင်
ဖွဲမာန်နှင့် အစဉ်မြဲ၊
တိုးတက်မည် မြန်ပြည်အလှ
စံပြအောင်ပွဲ။

- မြန်မာတွေ ရင်ဘတ်ထဲ
သွေးစည်းနွဲ့ ပန်းတိုင်အောင်၊
အမျိုးဂုဏ် ထိန်းသိမ်းရေး
လေးစားမှုဆောင်၊
နှစ်သစ်အလင်း ခွင်းအမောင်
တို့ပြည်ထောင် မြန်မာ့စွမ်း၊
မှတ်ကျောက်တင် သမိုင်းကျိုးကို
သယ်ပိုးလို့ထမ်း။ ။

ရွှေမြိုင်သူ(မြန်မာစာ)

## မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ဧက ၁၀၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မြောင်းမြ ဒီဇင်ဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ဧက ၁၀၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ ငရုတ် ၄၇၉၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ငရုတ်ဧက ၁၀၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ငရုတ်များ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးနေကြောင်း သိရသည်။

"ဒီနှစ်အတွက် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငရုတ်တွေ လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေကို လုပ်ဆောင်ပေးနေပါတယ်။ တောင်သူတွေကလဲ မျိုးကောင်းမျိုးသန့်တွေ စနစ်တကျရွေးချယ်စိုက်ပျိုးလာတာ တွေ့ရပါတယ်။ စိုက်ပျိုးထားတဲ့ ငရုတ်စိုက်ခင်းတွေကိုလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ အသိပညာပေး၊ နည်းပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ငရုတ်ကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငရုတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

## မော်လိုက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၇၇၉၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

မော်လိုက် ဒီဇင်ဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ၁၇၇၉၃ ဧကထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၉၆၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၇၇၉၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၃ ဒသမ ၅၂ တင်းထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ စပါး ၁၈၉၆၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေတာမှာ ဒီနေ့မှာတော့ ၁၇၇၉၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လဲ ရိတ်သိမ်းနေပါတယ်။ စပါးစိုက်ပျိုးတဲ့အချိန်မှာလဲ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ၊ သွင်းအားစုတွေကိုလဲ ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စပါးများ အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများအမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

## ပေါင်မြို့နယ် ဇင်းဘာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

ပေါင် ဒီဇင်ဘာ ၃၁

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံငွေဖြင့် ဇင်းဘာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းလွင်၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့်ဝန်ထမ်းများက ဇင်းဘာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်နှင့်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် လမ်းအရှည် ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရဖြည့်စွက်ရန်ပုံငွေကျပ် ၁၆၅ ဒသမ ၈ သန်းဖြင့် ပေါင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ်မစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဇင်းဘာကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားတိုးတက်ကောင်းမွန်လာတော့မည်ဖြစ်ကြောင်း သိရသည်။ **သုတ**

## နိုင်ငံတကာ သတင်းများ

# ပြည်ပတရားရုံးများ၏ စီရင်ချက်ကို တရားဝင်ငြင်းပယ်နိုင်မည့် ဥပဒေကြမ်းကို ရုရှားသမ္မတပူတင် လက်မှတ်ရေးထိုး



**မော်စကို ဒီဇင်ဘာ ၃၁**

ပြည်ပနိုင်ငံများမှ တရားရုံးများ၊ နိုင်ငံတကာတရားရုံးများက စွဲဆိုထားသည့် ရာဇဝတ်စွဲချက်များ၊ စီရင်ချက်များကို ငြင်းပယ်ခွင့်ပေးထားသည့် ဥပဒေကြမ်းတစ်ရပ်ကို ရုရှားသမ္မတ ပူတင်က ဒီဇင်ဘာ ၂၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယူကရိန်းပဋိပက္ခကို အကြောင်းပြု၍ ရုရှားနိုင်ငံအပေါ် အရေးယူမှုများပြုလုပ်ရန် ယူကရိန်းနှင့် ဥရောပမဟာမိတ်များက ကြိုးပမ်းနေချိန်တွင် အဆိုပါဥပဒေကြမ်းကို ရုရှားသမ္မတပူတင်က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ရုရှားအစိုးရ တာဝန်ရှိသူများနှင့် ရုရှားတပ်မတော် တာဝန်ရှိသူများကို စစ်ရာဇဝတ်မှုစွဲချက်များဖြင့် တရားစွဲဆိုမည့် အစီအစဉ်များကို တုံ့ပြန်သည့်အနေဖြင့် အဆိုပါ ဥပဒေကြမ်းကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းပဋိပက္ခအတွင်း စစ်ရာဇဝတ်မှုများကျူးလွန်ခဲ့ကြောင်း ယူကရိန်းနှင့် ဥရောပနိုင်ငံများက စွပ်စွဲထားပြီး ယင်းစွပ်စွဲချက်ကို ရုရှားအစိုးရက ငြင်းပယ်ထားသည်။

ရုရှားသမ္မတပူတင်လက်မှတ်ရေးထိုးခဲ့သည့် ဥပဒေကြမ်း၌ ပြည်ပအစိုးရများ၏ကိုယ်စား ပြည်ပတရားရုံးများက စွဲဆိုထားသည့် ရာဇဝတ်စွဲချက်များနှင့် စီရင်ချက်တို့ကို ရုရှားအစိုးရအနေဖြင့် ရုရှားပြည်တွင်း ဥပဒေများနှင့်အညီ ငြင်းပယ်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

ယူကရိန်းနှင့် ဥရောပနိုင်ငံများသည် ရုရှားကို တရားစွဲဆိုမှုများပြုလုပ်နိုင်ရေးအတွက် အထူးတရားရုံးတစ်ရုံးဖွဲ့စည်းရန် ယခုနှစ်ဇွန်လအတွင်း သဘောတူညီချက်ရယူထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ယီမင်နိုင်ငံ မူကယ်လာဆိပ်ကမ်းကို ဆော်ဒီအာရေဗျလေတပ် ဗုံးကြဲတိုက်ခိုက်

**ဆာနား ဒီဇင်ဘာ ၃၁**

ယီမင်နိုင်ငံ မူကယ်လာဆိပ်ကမ်းမြို့ကို ဆော်ဒီအာရေဗျလေတပ်က ဒီဇင်ဘာ ၃၀ ရက်တွင် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယူအေအီးနိုင်ငံက ယီမင်ခွဲထွက်ရေးတပ်များထံ ပေးပို့ခဲ့သည့် လက်နက်ခဲယမ်းများ ရောက်ရှိလာပြီးနောက် မူကယ်လာဆိပ်ကမ်းကို ဆော်ဒီအာရေဗျလေတပ်က ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယူအေအီးကျောထောက်နောက်ခံပြု တောင်ပိုင်းအသွင်ကူးပြောင်းရေးကောင်စီတပ်များက ယီမင်၌ စစ်ရေးအရ အသာစီးအချို့ရယူနိုင်ချိန်တွင် ဆော်ဒီအာရေဗျက မူကယ်လာဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

တောင်ပိုင်းအသွင်ကူးပြောင်းရေးကောင်စီကို ယူအေအီးနိုင်ငံက လက်နက်ခဲယမ်းများ ထောက်ပံ့နေမှုမှာ အလွန်အန္တရာယ်များကြောင်း ဆော်ဒီအာရေဗျနိုင်ငံက ပြောကြားထားသည်။

ယီမင် တောင်ပိုင်းခွဲထွက်ရေးအုပ်စုဖြစ်သည့် တောင်ပိုင်းအသွင်ကူးပြောင်းမှု ကောင်စီတပ်များသည် ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း လျှပ်တစ်ပြက်ထိုးစစ်များဖြင့် ယီမင်တောင်ပိုင်းနယ်မြေအများအပြားကို သိမ်းယူခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် နိုင်ငံတကာအသိအမှတ်ပြု ယီမင်အစိုးရကို ကျောထောက်နောက်ခံပေးထားသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ပီရူးနိုင်ငံ မာချူပစ်ချူနယ်မြေ၌ ရထားနှစ်စီး ခေါင်းချင်းဆိုင် ဝင်တိုက်

**လီမာ ဒီဇင်ဘာ ၃၁**

ပီရူးနိုင်ငံ မာချူပစ်ချူအင်ကာယဉ်ကျေးမှုနယ်မြေ၌ ဒီဇင်ဘာ ၃၀ ရက်က ရထားနှစ်စီး ခေါင်းချင်းဆိုင် ဝင်တိုက်ခဲ့ရာ ရထားစက်ခေါင်းမောင်းတစ်ဦး သေဆုံး၍ လူဦးရေ ၄၀ ကျော် ဒဏ်ရာရခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရထားနှစ်စီး ခေါင်းချင်းဆိုင် ဝင်တိုက်မှုအတွင်း ဒဏ်ရာရရှိသူများအနက် ဦးရေ ၂၀ ခန့်၏ ဒဏ်ရာမှာ အနည်းငယ် ပြင်းထန်ကြောင်း ပီရူးတာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိတွင် ရထားနှစ်စီး ဝင်တိုက်မှုဖြစ်စဉ် နောက်ခံအကြောင်းရင်းကို ပီရူးတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ခေါင်းချင်းဆိုင် ဝင်တိုက်ခဲ့သည့် ရထားနှစ်စီးမှာ မာချူပစ်ချူ အင်ကာ ယဉ်ကျေးမှုနယ်မြေသို့ ခရီးသည်များကို ပို့ဆောင်ပေးနေသည့် ရထားများဖြစ်ကြသည်။

ယူနက်စကို၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နယ်မြေများ စာရင်းတွင်ပါဝင်နေသည့် မာချူပစ်ချူ ယဉ်ကျေးမှုနယ်မြေသည် အင်ကာလူမျိုးများ၏ အံ့မခန်းဗိသုကာလက်ရာများ တည်ရှိရာနယ်မြေဖြစ်သည်။

မာချူပစ်ချူ ယဉ်ကျေးမှုနယ်မြေသို့ နှစ်စဉ် ခရီးသွားဧည့်သည် တစ်သန်းကျော် လာရောက်လေ့ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# ထိုင်းနိုင်ငံ၌ ၁၅၅ ရက်ကြာ ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင် ၁၈ ဦး ပြန်လည်လွတ်မြောက်

**ဗန်ကောက် ဒီဇင်ဘာ ၃၁**

ဒီဇင်ဘာ ၂၇ ရက်တွင် ရယူထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ထိုင်းနိုင်ငံ၌ ဖမ်းဆီးထိန်းသိမ်းခံထားသည့် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင် ၁၈ ဦးကို ထိုင်းအစိုးရက ယနေ့တွင် ပြန်လွှတ်ပေးခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ရက်၂၀ ကြာ နယ်စပ်ပဋိပက္ခများကို အဆုံးသတ်ရေးအတွက် ထိုင်းနှင့် ကမ္ဘောဒီးယားတို့ ရယူထားသည့် သဘောတူညီချက်အရ ယခုနှစ် ဇူလိုင်လမှစ၍ ထိုင်းနိုင်ငံ၌ ဖမ်းဆီး ထိန်းသိမ်းခံထားရသော အဆိုပါ ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များကိုပြန်လွှတ်ပေးရန် ထိုင်းနိုင်ငံက သဘောတူထားသည်။

ယနေ့တွင် ထိုင်းအာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင် ၁၈ ဦးကို နှစ်နိုင်ငံနယ်စပ်ဂိတ်၌ ကမ္ဘောဒီးယား တာဝန်ရှိသူများထံ လွှဲပြောင်းအပ်နှံခဲ့ကြောင်း ကမ္ဘောဒီးယား ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အတည်ပြုထားသည်။

ရက်ပေါင်း ၁၅၅ ရက်ကြာ ဖမ်းဆီးထိန်းသိမ်းထားစဉ်အတွင်း အဆိုပါ ကမ္ဘောဒီးယားတပ်ဖွဲ့ဝင် ၁၈ ဦးကို နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေများနှင့် အညီ ဆက်ဆံခဲ့ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဒီဇင်ဘာ ၇ ရက်တွင် စတင်ခဲ့သည့် ရက် ၂၀ ကြာ နယ်စပ်ပဋိပက္ခများအတွင်း ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်ဖက်ပြည်သူ ၁၀၁ ဦး သေဆုံးခဲ့ပြီး ဦးရေငါးသိန်းကျော် အိုးအိမ်များ စွန့်ခွာထွက်ပြေးခဲ့ရသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားတို့သည် နယ်စပ် အငြင်းပွားမှုများကို အကြောင်းပြု၍ ယခုနှစ် ဇူလိုင်လကလည်း ငါးရက်ကြာ နယ်စပ် ပဋိပက္ခများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# ဂျာမနီနိုင်ငံ၌ ဘဏ်တိုက်ဖောက်ထွင်းခံရ၊ အမေရိကန်ဒေါ်လာ ၃၅ သန်းခန့် ဖောက်ထွင်းသမားများရယူ

**ဘာလင် ဒီဇင်ဘာ ၃၁**

ဂျာမနီနိုင်ငံ အနောက်ပိုင်း ဂျယ်ဆန်ကာချန်မြို့၌ ဖောက်ထွင်းသမားများက ဘဏ်တိုက်တစ်ခုကို ဖောက်ထွင်း၍ အမေရိကန်ဒေါ်လာ ၃၅ သန်းတန်ဖိုးရှိ ငွေစက္ကူနှင့် ရတနာများကို ရယူသွားကြောင်း ဂျာမနီရဲတပ်ဖွဲ့က ဒီဇင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဖောက်ထွင်းသမားများသည် ခရစ္စမတ်ကာလ အားလပ်ရက်ကို အသုံးချ၍ စပါကတ်ဆေးအမည်ရှိ ဘဏ်တစ်ခုကို ဖောက်ထွင်းခဲ့ခြင်းဖြစ်ကြောင်း ဂျာမနီရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဂျာမနီရဲတပ်ဖွဲ့၏ အဆိုအရ ဖောက်ထွင်းသမားများသည် စပါကတ်ဆေးဘဏ်၏ ကွန်ကရစ်နံရံကိုဖောက်ထွင်း၍ ငွေတိုက်ထဲဝင်ရောက်ခဲ့ပြီး အာမခံသေတ္တာများကိုဖွင့်လှစ်၍ ငွေစက္ကူနှင့် အဖိုးတန်ရတနာများ ရယူသွားခြင်းဖြစ်သည်။

စပါကတ်ဆေးဘဏ် ဖောက်ထွင်းခံရမှုကို ဂျာမနီရဲတပ်ဖွဲ့က ဒီဇင်ဘာ ၂၉ ရက်မှသာ သိရှိခဲ့ခြင်းဖြစ်ကြောင်း ဂျာမနီပြည်တွင်း မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါဖောက်ထွင်းသမားများသည် ခရစ္စမတ်အားလပ်ရက်ကာလအတွင်း ဂျာမနီနိုင်ငံပြည်တွင်းရှိ ဈေးဆိုင်နှင့် ဘဏ်အများစု ပိတ်ထားချိန်ကိုအသုံးချ၍ စပါကတ်ဆေးဘဏ်ကိုဖောက်ထွင်းခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် စပါကတ်ဆေးဘဏ်ကို ဖောက်ထွင်းခဲ့သူများမှာ လွတ်မြောက်နေဆဲဖြစ်ကြောင်း ဂျာမနီရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ရုရှားအာကာသအေဂျင်စီက အီရန်ဆက်သွယ်ရေးဂြိုဟ်တုသုံးစင်းကို ဒီဇင်ဘာ ၃၀ ရက်တွင် ဆိုယုဇ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့



**မော်စကို ဒီဇင်ဘာ ၃၁**

ရုရှားအာကာသအေဂျင်စီသည် ဒီဇင်ဘာ ၃၀ ရက်တွင် အီရန်ဆက်သွယ်ရေးဂြိုဟ်တု သုံးစင်းကို ဆိုယုဇ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အီရန်ဆက်သွယ်ရေး ဂြိုဟ်တုသုံးစင်းကို ရုရှားနိုင်ငံ အရှေ့ပိုင်း ဗော့စတော့ချ်နီ အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဆိုယုဇ်ဒုံးပျံသည် အီရန်ဆက်သွယ်ရေးဂြိုဟ်တုသုံးစင်းကို ကမ္ဘာမြေပြင်အထက် မိုင် ၃၁၀ အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အထက်ပါ ဂြိုဟ်တုသုံးစင်း အနက် ပါယာအမည်ရှိဂြိုဟ်တုမှာ ကီလိုဂရမ် ၁၅၀ ထိရှိရာ အီရန်နိုင်ငံ လွှတ်တင်ခဲ့ဖူးသမျှထဲတွင် အကြီးမားဆုံးဂြိုဟ်တုဖြစ်သည်။


ကျန်ဂြိုဟ်တု နှစ်စင်းအနက် ကိုဆာအမည်ရှိဂြိုဟ်တုမှာအလေးချိန် ၃၅ ကီလိုဂရမ်ရှိပြီး ဇာဖာ-၂ အမည်ရှိဂြိုဟ်တု၏အလေးချိန်ကိုမူ အီရန်မီဒီယာများက ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။

၂၀၂၅ ခုနှစ် ဇူလိုင်လကလည်း ရုရှား အာကာသအေဂျင်စီသည် နာဟစ်ဒ်-၂ အမည်ရှိ အီရန်ဆက်သွယ်ရေးဂြိုဟ်တု တစ်စင်းကို လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ရှေးအကျဆုံး စူပါနိုဗာကြယ်ပေါက်ကွဲမှုကို ထောက်လှမ်းတွေ့ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၃၁**



အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ရှေးအကျဆုံး စူပါနိုဗာ ကြယ်ပေါက်ကွဲမှုကို ထောက်လှမ်း တွေ့ရှိခဲ့ကြောင်း ဒီဇင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

GRB 250314 A ဟူ၍အမည်ပေးထားသော အထက်ပါစူပါနိုဗာ ကြယ်ပေါက်ကွဲမှုသည် စကြဝဠာ၏သက်တမ်း နှစ်ပေါင်း သန်း ၇၃၀ ခန့်တွင် ဖြစ်ပွားခဲ့သည့် ကြယ်ပေါက်ကွဲမှုဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

GRB 250314 A စူပါနိုဗာကြယ်ပေါက်ကွဲမှုသည် စကြဝဠာ၏ ပထမဆုံးကြယ်များနှင့် ကြယ်စုများ ပေါ်ထွက်ခဲ့သည့်ကာလအပိုင်းအခြားအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

အဆိုပါစူပါနိုဗာကြယ်ပေါက်ကွဲမှုမှပေါ်ထွက်လာသည့် ဂမ်မာရောင်ခြည်များကို SVOM အမည်ရှိ အာကာသယာဉ်တစ်စင်းက ၂၀၂၅ ခုနှစ် မတ် ၁၄ ရက်တွင် ပထမဆုံးအကြိမ် ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်လှမ်းတွေ့ရှိခဲ့ပြီး ရက်ပေါင်း ၁၁၀ အကြာတွင် အမေရိကန် သိပ္ပံပညာရှင်များက ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ကို အသုံးပြု၍ စူပါနိုဗာကြယ်ပေါက်ကွဲမှုကို အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

GRB 250314 A စူပါနိုဗာကြယ်ပေါက်ကွဲမှုသည် ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ စူပါနိုဗာကြယ်ပေါက်ကွဲမှုများအနက် ကမ္ဘာဂြိုဟ်နှင့်အဝေးလံဆုံး စူပါနိုဗာကြယ် ပေါက်ကွဲမှုဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## TOI-561 b နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းက အပူဓာတ်ပြင်းထန်သော်လည်း ထူထဲသည့်လေထုလွှာကို နှစ်ပေါင်းဘီလီယံနှင့်ချီ၍ ထိန်းထားနိုင်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၃၁**

TOI-561 b အမည်ရှိ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းသည် မိခင်ကြယ်နှင့် နီးကပ်မှုကြောင့် အလွန်တရာ အပူဓာတ်ပြင်းထန်သော်လည်း ထူထဲသည့်လေထုလွှာကို နှစ်ပေါင်းဘီလီယံနှင့်ချီ၍ ထိန်းထားနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

TOI-561 b ဂြိုဟ်သည် မိခင်ကြယ်ကို ကီလိုမီတာ ၁ ဒသမ ၆ သန်းအကွာမှတစ်ဆင့် ဗဟိုပြုလှည့်ပတ်နေသည့် ကျောက်သားဂြိုဟ်တစ်စင်းဖြစ်သည်။

မိခင်ကြယ်နှင့် ထိုမျှနီးကပ်သည့်ဂြိုဟ်များ၏ လေထုလွှာများသည် မိခင်ကြယ်၏ဖြာထွက်ရောင်ခြည်ရိုက်ခတ်မှုကြောင့် အချိန်ကာလမကြာမြင့်မီမှာပင် ပျောက်ကွယ်သွားတတ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် TOI-561 b ဂြိုဟ်သည် မိခင်ကြယ်နှင့် အလွန်နီးကပ်သော်လည်း ထူထဲသည့်လေထုလွှာကို နှစ်ပေါင်းဘီလီယံနှင့်ချီ ထိန်းထားနိုင်ခဲ့ကြောင်း အမေရိကန်နိုင်ငံ ကာနက်ဂျီအင်စတီကျူမှသိပ္ပံပညာရှင်များက ပြောကြားသည်။

TOI-561 b ဂြိုဟ်ပေါ်၌ တည်ရှိသည့် ချော်ရည်သမုဒ္ဒရာသည် ဂြိုဟ်၏ဓာတ်ငွေ့များကို ပြန်လည်ဖြည့်ဆည်းပေးခြင်းဖြင့် လေထုလွှာ တည်မြဲရေးအတွက် အထောက်အကူပေးခဲ့ဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

TOI-561 b ဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၂၈၀ အကွာတွင်တည်ရှိသည့်ဂြိုဟ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## ကိုယ်အလေးချိန်လျှော့ချရေးဆေးများက ဆီးကျိတ်ကင်ဆာဆဲလ်များပျံ့နှံ့မှုကို လျှော့ချနိုင်ပြီး ကုထုံးများ၏အာနိသင်ကို မြှင့်တင်ပေးနိုင်

**လန်ဒန် ဒီဇင်ဘာ ၃၁**

ကိုယ်အလေးချိန်လျှော့ချရေး ဆေးများသည် ဆီးကျိတ်ကင်ဆာ ဆဲလ်များပျံ့နှံ့မှုကို လျှော့ချနိုင်ပြီး ကုထုံးများ၏အာနိသင်ကို မြှင့်တင် ပေးနိုင်ကြောင်း ဒီဇင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

ဆီးကျိတ်ကင်ဆာဆဲလ်များ သည် အဆီဓာတ်နှင့်ထိတွေ့ချိန်တွင် ပို၍ပုံတူပွားနိုင်ခြေ၊ ကင်ဆာဆဲလ်များ ပို၍ပျံ့နှံ့နိုင်ခြေမြင့်တက်လာနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ပြီးနောက် ဗြိတိန်သုတေသန ပညာရှင်များက ဆီးကျိတ် ကင်ဆာရောဂါကို ကိုယ်အလေးချိန်လျှော့ချရေး ဆေးများဖြင့် စမ်းသပ်ကုသရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

Mounjaro နှင့် Wegovyကဲ့သို့ ကိုယ်အလေးချိန်လျှော့ချရေးဆေးများသည် ဆီးကျိတ်ကင်ဆာနှင့် အဆီဓာတ်တို့ကြား ဆက်နွယ်မှုများကို ဖြတ်တောက်ပေးနိုင်ဖွယ်ရှိကြောင်း ဗြိတိန်သုတေသနပညာရှင်များက ယူဆထားသည်။

ကိုယ်အလေးချိန်လျှော့ချရေး ဆေးများသည် ဆီးကျိတ်ဝန်းကျင်ရှိ အဆီများကို လျှော့ချပေးနိုင်သည်ဖြစ်ရာ ကင်ဆာဆဲလ်များပျံ့နှံ့မှုအတွက် လိုအပ်သည့်လောင်စာကိုဖြတ်တောက်ပေးနိုင်မည့်အလားအလာရှိကြောင်း သိရသည်။

ထို့ပြင် ကိုယ်အလေးချိန်လျှော့ချရေးဆေးများသည် ဆီးကျိတ် ကင်ဆာကိုကုသရာတွင် အသုံးပြုနေသည့် ဟော်မုန်းကုထုံးများ၏ အာနိသင်ကိုလည်းမြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## တစ်နှစ်လျှင် နှစ်ကြိမ် ထိုးနှံ့ရန်လိုအပ်သော ထိုးဆေးတစ်မျိုးက ပန်းနာရင်ကျပ်လူနာများကို ရောဂါဖောက်မှုများမှ ကာကွယ်ပေးနိုင်

**လန်ဒန် ဒီဇင်ဘာ ၃၁**

တစ်နှစ်လျှင် နှစ်ကြိမ် ထိုးနှံ့ရန်လိုအပ်သော ထိုးဆေးတစ်မျိုးသည် ပန်းနာရင်ကျပ်ရောဂါလူနာများကို အသက်အန္တရာယ်ရှိသော ရောဂါဖောက်မှုများမှ ကာကွယ်ပေးနိုင်ကြောင်း ဒီဇင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Depemokimab အမည်ရှိ အထက်ပါ ထိုးဆေးသည် ပန်းနာရင်ကျပ်လူနာများရောဂါဖောက်မှုကြောင့် ဆေးရုံတက်ရနိုင်ခြေကို ၇၂ ရာခိုင်နှုန်းလျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ Depemokimab ဆေးသည် ဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြင့် အဆင့်မြင့်ပန်းနာရင်ကျပ်ရောဂါ ဖောက်မှုများကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

Depemokimab ထိုးဆေးတွင် အဆုတ်အင်္ဂါတွင်းရောင်ရမ်းမှုများကိုလျှော့ချပေးနိုင်သည့် ပဋိပစ္စည်းများပါဝင်သော ထိုးဆေးဖြစ်ပြီး ပန်းနာရင်ကျပ်ရောဂါကို ကုသရာတွင် ဆန်းသစ်သည့်ကုထုံးဖြစ်လာနိုင်ကြောင်း သိရသည်။

Depemokimab ထိုးဆေးသည် ခြောက်လလျှင် တစ်ကြိမ်သာ ထိုးနှံ့ရန်လိုသော အာနိသင်ရှည်ကြာသည့် ထိုးဆေးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဗြိတိန်ဘုရင်ချားလ်၏ နှစ်သစ်ကူးဂုဏ်ပြုအခမ်းအနားတွင် ဗြိတိန်အပြေးမယ် ရက်ဒ်ကလစ်ကို Order of the British Empire (OBE) ဘွဲ့ချီးမြှင့်

**လန်ဒန် ဒီဇင်ဘာ ၃၁**

ဗြိတိန်ဘုရင်ချားလ်သည် နှစ်သစ်ကူးပွဲတော်၌ ကဏ္ဍအသီးသီးမှ စွမ်းဆောင်ရည် မြင့်မားသူများကို စွမ်းဆောင်ရည်အလိုက် ဂုဏ်ပြုဘွဲ့တံဆိပ်များ ချီးမြှင့်လျက်ရှိရာ ၂၀၂၅ ခုနှစ် နှစ်သစ်ကူးပွဲတော်၏ ဘွဲ့တံဆိပ်ချီးမြှင့်သည့် အခမ်းအနားတွင် ဗြိတိန်အပြေးမယ်ရက်ဒ်ကလစ်ကို Order of the British Empire (OBE) ဘွဲ့ချီးမြှင့်ခဲ့ကြောင်း Guardians သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရက်ဒ်ကလစ်သည် အိုလံပစ် အားကစားပွဲတော်တွင် လေးကြိမ်ထိ ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးသူဖြစ်ပြီး တာဝေးပြေးလောကတွင် ဆုတံဆိပ်ပေါင်းများစွာ ဆွတ်ခူးထားသည့် အပြေးမယ်တစ်ဦး ဖြစ်ကြောင်း သိရသည်။

ဗြိတိန် အမျိုးသမီးအပြေးလောကတွင် အအောင်မြင်ဆုံး အားကစားသမားစာရင်း၌ ပါဝင်နေသူဖြစ်ပြီး ဗြိတိန်ကိုယ်စားပြုအနေဖြင့်လည်း အောင်မြင်မှုများစွာ ဆွတ်ခူးခဲ့သဖြင့် ဗြိတိန်ဘုရင်ချားလ်က Order of the British Empire(OBE) ဘွဲ့ချီးမြှင့်ကာ သူကောင်းပြုခဲ့ခြင်းဖြစ်သည်။

ရက်ဒ်ကလစ်က "အခုလို ဂုဏ်ယူစရာကောင်းတဲ့ ဘွဲ့ကို ချီးမြှင့်အပ်နှင်းခံရလို့ အတိုင်းမသိ ဝမ်းသာဂုဏ်ယူပါတယ်။ ပြေးခုန်ပစ်အားကစားလောကမှာ အသက် ၁၂ နှစ်အရွယ်ကတည်းက ကျင်လည်လာခဲ့တာပါ။ အခက်အခဲတွေ အများကြီးနဲ့ ရင်ဆိုင်ခဲ့ရသလို ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုတွေလဲ ရယူနိုင်ခဲ့ပါတယ်။ ကာလရှည်ဖြတ်သန်းခဲ့ပြီးတဲ့နောက် ပြေးခုန်ပစ်အားကစားလောက ကနေ အနားယူပြီးတော့ မိသားစုကို အချိန်ပေးခဲ့တယ်။ ဒါပေမဲ့လဲ ဒီကာလအတွင်း ပြေးခုန်ပစ်အားကစားလောကနဲ့ ပတ်သက်တဲ့ လှုပ်ရှားမှုတွေတော့ ပြုလုပ်နေဆဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Guardians

Trs : AZL




## အားကစားသတင်းအတိုအထွာများ

- စပါးအသင်းသည် တောင်ပံကစားသမားဂျွန်ဆင်ကို ပဲလေ့စ်အသင်းသို့ ရောင်းချရန်ဆုံးဖြတ်ပြီးနောက် လိုက်ပ်ဇစ်အသင်းမှ အသက် ၁၉ နှစ်ရှိ ဒီယိုမန်ဒီကို ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။
- ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း မန်ယူအသင်းက ခေါ်ယူမည့် ကစားသမားရှစ်ဦးစာရင်းတွင် နော်တင်ဟမ်အသင်းမှ အန်ဒါဆန်က ထိပ်ဆုံး၌ ရပ်တည်လျက်ရှိသည်။
- ၂၀၂၅ ခုနှစ်အတွက် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးဘောလုံးသမားစာရင်းတွင် ဘာစီလိုနာအသင်းမှ ကွင်းလယ်ကစားသမားများဖြစ်ကြသည့် ဘွန်မာတီနှင့် ပူတဲလ်လက်စ်တို့က ထိပ်ဆုံး၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်၊ မဟာယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၀)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့နှင့် တောင်ကြီးမြို့တို့တွင် ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ မဟာယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ သရေရလဒ်များ ထွက်ပေါ်ခဲ့ကြကြောင်း သိရသည်။




မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ယနေ့ ညနေ ၃ နာရီက တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ထိပ်တန်းအသင်း နှစ်သင်းတွေ့ဆုံသည်နှင့်အညီ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းလိုအပ်ချက်များကြောင့် နှစ်သင်းလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ဂိုးမရှိသရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။

ဆက်လက်ပြီး ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၂ မိနစ်နှင့် ၄၄ မိနစ်တို့တွင် အာကာ ကသွင်းယူခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၇ မိနစ်နှင့် ၇၅ မိနစ်တို့တွင် ပက်ထရစ်က သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ရမှတ် ၂၆ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံး၌ ဆက်လက်ဦးဆောင်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက ခုနစ်ပွဲနိုင်၊ နှစ်ပွဲ သရေ၊ တစ်ပွဲရှုံး၊ ရမှတ် ၂၃ မှတ်ဖြင့် အဆင့်(၂)နေရာမှ ဆက်လက်ဖိအား ပေးလျက်ရှိနေကြောင်း သိရသည်။

STA

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ၂၀၂၆ ခုနှစ်မှစတင်ပြီး လူကျွံဘောစည်းမျဉ်းသစ်ကိုအသုံးပြုရန် အတည်ပြု

**ဇူးရစ်ချ် ဒီဇင်ဘာ ၃၁**

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က ၂၀၂၆ ခုနှစ်မှစတင်ပြီး လူကျွံဘောသတ်မှတ်သည့် စည်းမျဉ်းကို အပြောင်းအလဲ လုပ်ဆောင်မည်ဖြစ်ပြီး အာဆင်နယ်အသင်းနည်းပြ ဟောင်း အာစင်ဝင်းဂါး အဆိုပြုတင်သွင်းထားသည့် စည်းမျဉ်းသစ်ကို အသုံးပြုမည်ဟု အတည်ပြုကြေညာခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

လက်ရှိ ဘောလုံးလောကတွင် လူကျွံဘော စည်းမျဉ်းအဖြစ် ကစားသမားများက လက်ဖျားသို့မဟုတ် ခြေဖျား အနည်းငယ်ကျွံနေပါက လူကျွံဘောသတ်မှတ်သည့်စည်းမျဉ်းကို အသုံးပြုနေခြင်းဖြစ်သည်။

လက်ရှိအသုံးပြုနေသည့် လူကျွံဘော သတ်မှတ်သည့်စည်းမျဉ်းသည် အငြင်းပွားဖွယ်ဖြစ်ရပ်အများအပြားနှင့် ကြုံတွေ့ခဲ့ရပြီးနောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က စည်းမျဉ်းကိုပြောင်းလဲရန် ကြိုးပမ်းခဲ့ရာ လက်ရှိတွင် အာစင်ဝင်းဂါး အဆိုတင်သွင်းထားသော လူကျွံဘောသတ်မှတ်သည့် စည်းမျဉ်းသစ်ကို ၂၀၂၆ ခုနှစ်မှစတင်ကာ ပြိုင်ပွဲများတွင် အသုံးပြုမည်ဖြစ်သည်။

အာစင်ဝင်းဂါး အဆိုတင်သွင်းထားသော လူကျွံဘောသတ်မှတ်သည့်စည်းမျဉ်းသစ်သည် ကစားသမားတစ်ဦးအနေဖြင့် ပြိုင်ဘက်အသင်းကစားသမား၏ ခန္ဓာကိုယ်တစ်ခုလုံးကို ကျော်လွန်ရောက်ရှိနေမှသာ လူကျွံဘောအဖြစ် သတ်မှတ်မည်ဖြစ်သည်။

အာဆင်နယ်အသင်း နည်းပြဟောင်း အာစင်ဝင်းဂါးသည် ပရော်ဖက်ရှင်နယ် နည်းပြဘဝမှ အနားယူခဲ့ပြီးနောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တွင် ဖွံ့ဖြိုးတိုးတက်ရေး အကြီးအကဲတာဝန် ထမ်းဆောင်နေသူ ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ပရီးမီးယားလိဂ် ရာသီဝက်ချန်ပီယံအဖြစ် အာဆင်နယ်အသင်းရပ်တည်

**လန်ဒန် ဒီဇင်ဘာ ၃၁**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၉)အဖြစ် အာဆင်နယ်အသင်းနှင့် အေဗီလာအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် အာဆင်နယ်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ပရီးမီးယားလိဂ် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။




အာဆင်နယ်အသင်းသည် ယခုပွဲစဉ်မတိုင်မီ ဒုတိယနေရာမှ မန်စီးတီးအသင်းနှင့် ရမှတ်နှစ်မှတ်သာ ကွာဟခဲ့သော်လည်း အေဗီလာအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် မန်စီးတီးအသင်းကို ရမှတ် ငါးမှတ် ဖြတ်တောက်ခဲ့ပြီး အမှတ်ပေးဇယား ထိပ်ဆုံးတွင် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်သမိုင်း တစ်လျှောက်တွင် ရာသီဝက်ချန်ပီယံအဖြစ် ခုနစ်ကြိမ် ရပ်တည်ခဲ့ပြီး မန်ယူအသင်း၊ လီဗာပူးအသင်းတို့၏စံချိန်ကို လိုက်မီခဲ့သည်။

အာဆင်နယ် အသင်းသည် အေဗီလာအသင်းနှင့် ပွဲစဉ်တွင် ပထမပိုင်းပွဲကစားချိန်၌ အေဗီလာအသင်း၏ခံစစ်ကို ကျော်ဖြတ်နိုင်ခြင်းမရှိဘဲ ဂိုးရရှိရန် ရုန်းကန်ခဲ့ရပြီး ဒုတိယပိုင်း စတင်ချိန်တွင် ကစားအားမြှင့်တင်ခဲ့ရာ ပွဲချိန် ၄၈ မိနစ်တွင် ဂါဘရီရယ်၊ ပွဲချိန် ၅၂ မိနစ်တွင် ဇူဘီမန်ဒီ၊ ပွဲချိန် ၆၉ မိနစ်တွင် ထရိုဆာ့ဒ်၊ ပွဲချိန် ၇၈ မိနစ်တွင် ဂျီးဆပ်စ်တို့၏ သွင်းဂိုးများဖြင့် ဦးဆောင်ခဲ့ပြီးနောက် ပြိုင်ပွဲကို ထိန်းချုပ်ကစားခဲ့ရာ ပွဲချိန် မိနစ် ၉၀ အပြီး အချိန်ပို လေးမိနစ်တွင် အေဗီလာအသင်း တိုက်စစ်မှူး အိုလီဝက်ကင်း၏ ချေပဂိုးကို ခွင့်ပြုခဲ့ရသော်လည်း လေးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ရာသီဝက် ချန်ပီယံအဖြစ် ရပ်တည်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တူကီယဲနိုင်ငံက မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်နှစ်စင်းဖြင့် အလိုအလျောက်စုဖွဲ့ပျံသန်းခြင်းဆိုင်ရာစမ်းသပ်မှုကို ဆောင်ရွက်နိုင်ခဲ့



တူကီယဲနိုင်ငံသည် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်နှစ်စင်းဖြင့် အလိုအလျောက် စုဖွဲ့ပျံသန်းခြင်းဆိုင်ရာ စမ်းသပ်မှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း Baykar ကုမ္ပဏီက ထုတ်ပြန်သော အချက်အလက်များအရ သိရသည်ဟု Defence Blog သတင်းဌာနက ဒီဇင်ဘာ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စမ်းသပ်မှုအတွင်း Bayraktar KIZI-LELMA ၏ တတိယမြောက် ရှေ့ပြေးပုံစံနှင့် ပဉ္စမမြောက်ရှေ့ပြေးပုံစံတို့သည် တစ်စင်းပြီးတစ်စင်း ဆက်တိုက်ပျံတက်ခဲ့ကြပြီး Baykar ကုမ္ပဏီမှ အင်ဂျင်နီယာများတီထွင်ထားသည့် ဉာဏ်ရည်တုသုံး အုပ်စုလိုက် အလိုအလျောက်စနစ်ကို အသုံးပြု၍ ဟန်ချက်ညီညီပျံသန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါ မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်နှစ်စင်းသည် အလိုအလျောက်တိုက်ပွဲဝင်လေယာဉ်မောင်းစနစ် အောက်တွင်ရှိနေစဉ် လူသား၏ကြားဝင်ထိန်းချုပ်မှုမပါဘဲ အနီးကပ်စုဖွဲ့ပျံသန်းမှုများကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီ၏ အဆိုအရ ဤသည်မှာ လေကြောင်းလောကသမိုင်းတွင် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်နှစ်စင်းက အနီးကပ်စုဖွဲ့ပျံသန်းမှုကို အလိုအလျောက်စနစ်ဖြင့် ပထမဆုံးအကြိမ် လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ နည်းပညာတိုးတက်လာမှုနှင့်အတူ ယခင်က လူလိုက်ပါမောင်းနှင်ရသည့် တိုက်လေယာဉ်များဖြင့်သာ လုပ်ဆောင်နိုင်သော ခက်ခဲနက်နဲသည့် လေကြောင်းစစ်ဆင်ရေးများကို အလိုအလျောက်စနစ်သုံး လက်နက်စနစ်များဆီသို့ ပြောင်းလဲလာနေပြီဖြစ်သည်ဟု ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

ဤစွမ်းဆောင်ရည်သည် မောင်းသူမဲ့လေယာဉ်အများအပြားကို ကွပ်ကဲမှုစနစ်တစ်ခုတည်းအောက်တွင် လည်ပတ်နိုင်စေပြီး ပူးတွဲစစ်ဆင်ရေးတစ်ခုဆောင်ရွက်နေစဉ်အတွင်း ၎င်းတို့၏ တည်နေရာများကို အလိုအလျောက် ချိန်ညှိနိုင်စေမည်ဟု Baykar ကုမ္ပဏီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဤစနစ်သည် လေယာဉ်မောင်းသူ၏ တိုက်ရိုက်ထိန်းချုပ်မှုမလိုဘဲ ယာဉ်ပေါ်ပါ တွက်ချက်မှုစနစ်များ၊ အချိန်နှင့်တစ်ပြေးညီ ဒေတာဖလှယ်မှုများအပေါ်အခြေခံကာ ဟန်ချက်ညီညီပျံသန်းခြင်းနှင့် လှုပ်ရှားခြင်းများကို လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ အဆိုပါစမ်းသပ်မှု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် KIZILELMA မောင်းသူမဲ့လေယာဉ်ရှေ့ပြေးပုံစံများသည် CAP ဟုခေါ်သော တိုက်ပွဲဝင်လေကြောင်းကင်းလှည့်ခြင်းစစ်ဆင်ရေးကိုလည်း လုပ်ဆောင်ခဲ့ကြသည်။ Baykar ကုမ္ပဏီ၏ အဆိုအရ CAP သည် ခေတ်မီလေကြောင်းတိုက်ပွဲများ၏ အဓိကကျသောအစိတ်အပိုင်းတစ်ခုဖြစ်ပြီး သတ်မှတ်ထားသော လေပိုင်နက်ကို ကာကွယ်ရန်နှင့် ဖြစ်ပေါ်လာနိုင်သောခြိမ်းခြောက်မှုများကို ကြားဖြတ်ဟန့်တားရန်အတွက် အများအားဖြင့် အသုံးပြုခြင်းဖြစ်သည်။

စမ်းသပ်ပျံသန်းမှုအတွင်း KIZILELMA မောင်းသူမဲ့လေယာဉ်များသည် လေယာဉ်အုပ်ဆိုင်ရာ အလိုအလျောက်စနစ်သုံး ဆော့ဖ်ဝဲကိုအသုံးပြု၍ ကြိုတင်သတ်မှတ်ထားသောလမ်းကြောင်းအတိုင်း ကင်းလှည့်ပျံသန်းမှုများကို ဆောင်ရွက်ခဲ့ကြသည်။ ဤလေ့ကျင့်မှုသည် လေကြောင်းရန်ကာကွယ်ရေးမစ်ရှင်များကို ပြည်တွင်းထုတ် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်အုပ်စုတစ်စုက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သည့် ယူနစ်တစ်ခုအဖြစ် လုပ်ဆောင်နိုင်ခဲ့ကြောင်း အတည်ပြုပေးနိုင်ခဲ့သည်ဟု Baykar ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

ကင်းလှည့်ခြင်းနှင့် ကြားဖြတ်ဟန့်တားခြင်းမစ်ရှင်များကို KIZILELMA မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ်အုပ်များက အလိုအလျောက်စနစ်ဖြင့် လုပ်ဆောင်နိုင်လိမ့်မည်ဖြစ်သည်။ ဤနည်းလမ်းသည် လေယာဉ်မောင်းသူ၏ အလုပ်တာဝန်၊ ဝန်ထုပ်ဝန်ပိုးကို လျှော့ချရန်နှင့် လေကြောင်းရန်ကာကွယ်ရေးဆိုင်ရာ စစ်ဆင်ရေးနယ်ပယ်ကို ပိုမိုကျယ်ပြန့်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။

စမ်းသပ်မှုဖြစ်စဉ်တစ်လျှောက်တွင် အင်ဂျင်နီယာများသည် အလိုအလျောက်စနစ်များ၏ စွမ်းဆောင်ရည်နှင့် လေယာဉ်အများအပြားပါဝင်သော စစ်ဆင်ရေးများကိုထိန်းချုပ်သည့် ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာကို အနီးကပ်စောင့်ကြည့်ခဲ့ကြသည်။ စမ်းသပ်ပျံသန်းမှုအတွင်း ရရှိခဲ့သောဒေတာများကို မောင်းသူမဲ့ယာဉ်အများအပြားဖြင့် ပူးတွဲစစ်ဆင်ရေးများ လုပ်ဆောင်နိုင်သည့်စွမ်းရည်ကို ပိုမိုကောင်းမွန်အောင် ပြုပြင်မွမ်းမံရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**Turkey moves closer to unman-ned air warfare** ကို ဘာသာပြန်ဆိုထားပါသည်။

---

## ပြင်သစ်နိုင်ငံက SAMP/T NG လေကြောင်းရန်ကာကွယ်ရေးစနစ်ကို စမ်းသပ်ပစ်ခတ်ခဲ့



ပြင်သစ်နိုင်ငံသည် SAMP/T NG လေကြောင်းရန် ကာကွယ်ရေးစနစ်ကို စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း Thales ကုမ္ပဏီက သတင်းထုတ်ပြန်ခဲ့သည်ဟု Army Recognition သတင်းဌာနက ဒီဇင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Thales ကုမ္ပဏီ၏အဆိုအရ ယခုစမ်းသပ်ပစ်ခတ်မှုသည် ခေတ်မီစေရန် အဆင့်မြှင့်တင်ထားသော တိုက်ပွဲဝင်ထိန်းချုပ်ရေးစနစ်နှင့် Ground Fire ရေဒါတို့၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းဆောင်ရည်ကို အတည်ပြုပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် ပြင်သစ်နှင့် အီတလီနိုင်ငံတို့သို့ SAMP/T NG လက်နက်စနစ်ပေးပို့မှုများကို ၂၀၂၆ ခုနှစ်တွင် စတင်ရန်စီစဉ်ထားကြောင်း Thales ကုမ္ပဏီက ထုတ်ပြန်ထားသည်။

SAMP/T NG စနစ်သည် ပဲ့ထိန်းဒုံးကျည်များ၊ လမ်းကြောင်းပြောင်းလဲနိုင်သောဒုံးကျည်များနှင့် အုပ်စုလိုက် အလုံးအရင်းတိုက်ခိုက်မှုများကို တာလတ်နှင့် တာဝေးအတွင်းကာကွယ်နိုင်သည့် တစ်ခုတည်းသော ဥရောပထုတ် လက်နက်စနစ်ဖြစ်ကြောင်း Thales ကုမ္ပဏီက ထုတ်ပြန်ထားသည်။ Thales ကုမ္ပဏီ၏ အမှုဆောင်အရာရှိ Raphael Desi ကလည်း အဆိုပါစနစ်ကို ၂၀၂၆ ခုနှစ်တွင် တပ်တော်ဝင် အသုံးပြုနိုင်ရန်လျာထားကြောင်း အတည်ပြုပြောကြားခဲ့သည်။ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ကမူ ဤလက်နက်စနစ်ကို ယူကရိန်းနိုင်ငံတွင် ပထမဆုံး တပ်ဖြန့်ထားသင့်သည်ဟု ရှုမြင်ထားကြောင်း ပြောကြားခဲ့သည်။

SAMP/T NG လက်နက်စနစ်သည် မြို့တစ်မြို့စာ အကျယ်အဝန်းရှိသော နယ်မြေ သို့မဟုတ် တန်ဖိုးကြီးမားသည့် အခြေစိုက်စခန်းများကို အကာအကွယ်ပေးရန်ဒီဇိုင်းထုတ်ထားသည့် လမ်းမပေါ်တွင် ရွှေ့လျားသွားလာနိုင်သော လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ခုဖြစ်သည်။ ၎င်းသည် ပစ်ခတ်ပြီးသည်နှင့် ရန်သူ၏ တုံ့ပြန်တိုက်ခိုက်မှုကို ရှောင်ရှားနိုင်ရန်အတွက် တစ်နေရာမှတစ်နေရာသို့ လျှင်မြန်စွာရွှေ့ပြောင်းနိုင်သော စွမ်းဆောင်ရည်ရှိသည်။

ဤမြေပြင်အခြေစိုက် လက်နက်စနစ်၏ အဓိကဗဟိုချက်မှာ ဒစ်ဂျစ်တယ် တိုက်ပွဲထိန်းချုပ်ရေး စနစ်ဖြစ်သည်။ ၎င်းသည် ပစ်မှတ်ခြေရာခံချက်များကို ပေါင်းစပ်ခြင်း၊ ပစ်မှတ်အလိုက် လက်နက်များကို ခွဲဝေသတ်မှတ်ခြင်းနှင့် ပစ်ခတ်မှုယူနစ်ကို စီမံခန့်ခွဲခြင်းတို့ကို လုပ်ဆောင်ပေးနိုင်သည်။ ဤလက်နက်စနစ်ကို တစ်ခုတည်း သီးခြားတပ်ဖြန့် အသုံးပြုနိုင်သကဲ့သို့ ပေါင်းစပ်ညှိနှိုင်းထားသော ကာကွယ်ရေးကွန်ရက် အတွင်းမှလည်း တပ်ဖြန့်အသုံးပြုနိုင်သည်။ သာမန်ဖွဲ့စည်းပုံအရ လက်နက်စနစ်တပ်ခွဲတစ်ခွဲသည် ဒေါင်လိုက်ဒုံးပစ်စင် ခြောက်ခုထိ ထိန်းချုပ်နိုင်သည်။ ဒုံးပစ်စင်တစ်ခုစီတွင် အသင့်ပစ်ခတ်နိုင်သော Aster 30 အုပ်စုဝင်ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် ရှစ်စင်းစီ ပါဝင်ဖွဲ့စည်းထားသည်။ ထို့ကြောင့် ဒုံးပစ်စင်တစ်ခုတည်းကပင် ရန်သူ့တိုက်ခိုက်မှုအတွင်း ဒုံးကျည်များ ချက်ချင်းပြန်လည်ဖြည့်တင်းရန်မလိုဘဲ အလုံးအရင်းဖြင့် တုံ့ပြန်ပစ်ခတ်နိုင်စွမ်းကို အပြည့်အဝ ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**French SAMP/T NG Air Defense System Test Success Sparks Ukraine Deployment Talks for 2026 ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။**

မင်းမျိုး

# မင်္ဂလာရှိသောနှစ်သစ်ကို အေးချမ်းပျော်ရွှင်စွာ ကြိုဆိုစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်ရှိလာပြီ ဖြစ်သည်။ နှစ်သစ်ကူးအကြို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်(New Year's Eve)ည ၁၂ နာရီ ထိုးခါနီးအချိန်တွင် အချို့လူငယ်များသည် New Year Count-down လုပ်ပြီး ၂၀၂၆ ခုနှစ်ကိုကြိုဆိုကြသည်။ ည ၁၂ နာရီထိုးလျှင် ထိုးခြင်း "Happy New Year" ဟု သံပြိုင်အော်ကြသည်။ မိမိချစ်ခင်ရသူများ၊ ဆွေမျိုးများ၊ မိတ်ဆွေများထံသို့ "နှစ်သစ်မှာ ပျော်ရွှင်ချမ်းမြေ့ပါစေ" ဆိုသော နှစ်သစ်ကူးနှုတ်ခွန်းဆက်စာ(New Year Message)များ အပြန်အလှန်ပို့ကြသည်။ ကြည်နူးဖွယ်ရာပင်ဖြစ်သည်။ နှစ်သစ်ကို မင်္ဂလာရှိစွာကြိုဆိုနိုင်ရန်အတွက် မင်္ဂလာရှိသောအလုပ်များကို လုပ်ဆောင်သွားရန်လိုအပ်သည်။

အနောက်နိုင်ငံများတွင် ခရစ္စမတ်နေ့မှသည် နှစ်သစ်ကူးကာလထိ ရုံးပိတ်ပေးထားသည်။ မိသားစုလိုက် အပန်းဖြေခရီးထွက်ကြသည်။ အပြန်အလှန်လက်ဆောင်များပေးကြသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ နှစ်သစ်ကူးသဝဏ်လွှာများပို့ကြသည်။ ထို့ပြင် နှစ်သစ်ကူးကာလတွင် ကုန်တိုက်များ၌ကုန်ပစ္စည်းများကို ဈေးချပေးထားသဖြင့် ဈေးဝယ်သူများနှင့် စည်ကားနေလေ့ရှိသည်။ အထူးသဖြင့် ပျော်ပွဲရွှင်ပွဲများ၊ ဂီတဖျော်ဖြေပွဲများ ပြုလုပ်ပေးထားခြင်းဖြစ်သည်။

**နှစ်သစ်သန္နိဋ္ဌာန်ချမှတ်သင့်**

ဆိုရလျှင် အချို့သောသူများသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညပိုင်းတွင် နှစ်သစ်ကိုကြိုဆိုရန်ဆိုသော ခေါင်းစဉ်အောက်၌ ဝိုင်းဖွဲ့စုရုံးကာ သောက်စား၊ ပျော်ပါး အချိန်ဖြုန်းလေ့ရှိကြသည်။ စင်စစ်အားဖြင့် ပြိုင်ဆိုင်မှုပြင်းထန်လှသောခေတ်ကြီးတွင် အပျော်အပါးကိုသာ မက်မောနေသူများသည် နောက်ကျကျန်ခဲ့မည်ဖြစ်သည်။ အထူးသဖြင့် နှစ်သစ်အတွက် ကိုယ်စီစိတ်ကူးအိပ်မက်တွေချမှတ်ထားဖို့လိုအပ်သည်။ နှစ်သစ်ကူးနေ့သည်ပျော်ပွဲရွှင်ပွဲအတွက် သက်သက်မဟုတ်ပေ။ လာမည့်နှစ်သစ်အတွက် ခိုင်မာသောသန္နိဋ္ဌာန်ချမှတ်သွားရန်ဖြစ်သည်။ အချို့သောသူများသည် တစ်နှစ်ဆိုသောအချိန်သာ ကုန်ဆုံးသွားသော်လည်း မည်သည့်အရာကိုမျှ အောင်မြင်အောင်မစွမ်းဆောင်နိုင်ခဲ့ကြပေ။ တိုင်းပြည်နှင့် လူမျိုးအတွက်လည်း အုတ်တစ်ချပ်သဲတစ်ပွင့်မျှ သယ်ပိုးဆောင်ရွက်ခဲ့ခြင်းမရှိကြပေ။

**လူသစ်၊ စိတ်သစ်၊ အတွေးအခေါ်သစ်များဖြင့် ကြိုးပမ်း**

အချိန်ကုန်ဆုံးမှုသည် မြန်ဆန်လွန်းလှပေသည်။ လူတစ်ဦး၏သက်တမ်းသည် အမှတ်တမဲ့အချိန်အတွင်းလျင်မြန်စွာကုန်ဆုံးသွားသည်။ ကွယ်လွန်ချိန်တွင် ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ဓနငွေကြေး၊ ရာထူး၊ စည်းစိမ်၊ အောင်မြင်ကျော်ကြားမှု စသည့် ပိုင်ဆိုင်မှုအားလုံးထားခဲ့ကြရသည်။ ထို့ကြောင့် မိမိတို့အနေဖြင့် သက်ရှိထင်ရှားရှိစဉ် အချိန်ကုန်အကျိုးရှိစွာအသုံးချပြီး စဉ်ဆက်မပြတ်ကြိုးပမ်းကာ လောကလူ့ရှာကောင်းကျိုးအတွက် တစ်ခုခုတော့လုပ်ဆောင်ထားခဲ့သင့်သည်။

ဆိုရလျှင် ၂၀၂၆ ခုနှစ်ကို လူသစ်၊ စိတ်သစ်၊ အတွေးအခေါ်သစ်၊ ခွန်အားသစ်များနှင့် မင်္ဂလာရှိစွာကြိုဆိုသွားသင့်သည်။ သို့မှသာလျှင် နှစ်သစ်အတွက် လိုအပ်ဖွယ်ရာများကို ကြိုတင်ပြင်ဆင်နိုင်ကြမည်ဖြစ်သည်။ အထူးသဖြင့် နှစ်သစ်သန္နိဋ္ဌာန်တစ်ခုလောက်တော့ ကိုယ်စီမပျက်မကွက်ချမှတ်သွားသင့်သည်။ ဥပမာ- မိဘများကိုအလုပ်အကျွေးပြုခြင်း၊ စာကောင်းပေမွန်များဖတ်ရှုခြင်း၊ မိသားစုအတွက်အချိန်ပေးခြင်း၊ ကျန်းမာရေးလေ့ကျင့်မှု ပုံမှန်လုပ်ဆောင်ခြင်း၊ လုပ်ဖော်ကိုင်ဖက်များကို ကူညီခြင်း၊ ပရဟိတအဖွဲ့များတွင် ပူးပေါင်းဆောင်ရွက်ခြင်း စသည်ဖြင့် ကောင်းနိုးရာရာဆုံးဖြတ်ချက်များ ကြိုတင်ချမှတ်သွားသင့်သည်။ ထိုသို့ချမှတ်ထားသော စိတ်ကူးအိပ်မက်ကိုလည်း လက်တွေ့ကျကျအကောင်အထည်ဖော်ဖို့လိုမည်ဖြစ်သည်။

လူ့လောကတွင် စဉ်ဆက်မပြတ်မနားမနေ ပြင်းပြင်းထန်ထန်ကြိုးပမ်းအားထုတ်နေမှသာလျှင် အောင်မြင်မှုဆိုသောအရာကို ဆုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ နည်းပညာများ လျင်မြန်စွာတိုးတက်နေပြီး ပြိုင်ဆိုင်မှုပြင်းထန်လှသော မျက်မှောက်ခေတ်ကြီးတွင် ပျင်းရိလေးလံတွေဝေထိုင်းမှိုင်းနေသောသူများ၊ အပြောသမားများအတွက် နေရာမရှိတော့ပေ။




အထူးသဖြင့် တန်ဖိုးရှိသောအချိန်ကို စနစ်တကျ စီမံခန့်ခွဲနိုင်စွမ်းမရှိသူများသည် အဘက်ဘက်မှ နောက်ကျကျန်ရစ်နေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားအားလုံးအနေဖြင့် ၂၀၂၆ ခုနှစ်တွင် အချိန်မဖြုန်းဘဲ ကိုယ်စီတာဝန်များကို ကျေပွန်စေရန် လက်တွေ့ကျကျ အလုပ်လုပ်သွားကြရတော့မည်ဖြစ်သည်။

**မင်္ဂလာရှိသောနှစ်**

မြန်မာနိုင်ငံ၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်သည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် အပိုင်း(၂)ကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ထို့ပြင် အပိုင်း(၃)ကိုလည်း နှစ်ပတ်အကြာတွင်ထပ်မံကျင်းပသွားမည်ဖြစ်သည်။ ထို့နောက် ၂၀၂၆ ခုနှစ်အတွင်း လွှတ်တော်အစည်းအဝေးများ ခေါ်ယူကာ သမ္မတနှင့်ဒုတိယသမ္မတများရွေးကောက်တင်မြှောက်ပြီး အစိုးရဖွဲ့စည်းသွားတော့မည်ဖြစ်သည်။ ပြည်သူများက ရွေးကောက်တင်မြှောက်ထားသော တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသည့် ဒီမိုကရေစီအစိုးရလက်ထက်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုပိုမိုဖော်ဆောင်သွားနိုင်တော့မည်ဖြစ်သည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်အဖြေရှာသွားနိုင်မည်ဖြစ်သည်။ ဆိုရလျှင် ၂၀၂၆ ခုနှစ်သည် မြန်မာနိုင်ငံအတွက် ပြောင်းလဲတိုးတက်မှုများစွာကိုသယ်ဆောင်လာနိုင်သည့် မင်္ဂလာရှိသော နှစ်ပင်ဖြစ်သည်။

**တိုင်းပြည်တိုးတက်ရေး**

နိုင်ငံတစ်နိုင်ငံကိုပြည်သူများဖြင့်တည်ဆောက်ထားခြင်းဖြစ်သည်။ ထိုနိုင်ငံတွင် မှီတင်းနေထိုင်သော ပြည်သူတစ်ဦးတစ်ယောက်ချင်းစီသည် ဖွဲ့လုံ့လ၊ ဝီရိယကြီးမားမှု၊ ပညာတတ်မြောက်မှု၊ ကြိုးပမ်းအားထုတ်မှု၊ တွေးခေါ်မြော်မြင်နိုင်စွမ်းရှိမှု စသည့်ဂုဏ်အင်္ဂါရပ်များနှင့် ပြည့်စုံနေမှသာလျှင် ထိုနိုင်ငံသည် တိုးတက်မှုရှိနေမည်ဖြစ်သည်။ စာမဖတ်သူများ၊ လူပျင်းများ၊ လူမိုက်များ၊ အချိန်ဖြုန်းသူများ၊ အပျော်အပါးလိုက်စားသူများ၊ လောင်းကစားဝါသနာပါသူများ၊ ဘေးထိုင်ဘုပြောသူများ၊ တစ်ဦးကိုတစ်ဦးလက်ညှိုးထိုးအပြစ်တင်ဝေဖန်နေသူများသာ မှီတင်းနေထိုင်သော နိုင်ငံတစ်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံသားတစ်ဦးချင်း၊ မိသားစုတစ်စုချင်း၊ လူ့အသိုက်အဝန်းတစ်ခုချင်းမှသည် တိုင်းပြည်တိုးတက်ရေးကိုရည်မှန်းလျက် ကြိုးပမ်းသွားရန်လိုအပ်မည်ဖြစ်သည်။ လူတိုင်းတွင် လုပ်ဆောင်နိုင်သည့်စွမ်းအားများ မြောက်မြားစွာရှိနေကြသည်။ မလုပ်ဆောင်သေးခြင်း၊ စတင်လုပ်ဆောင်ရန် ပျက်ကွက်နေခြင်းသာဖြစ်သည်။ ကြိုးပမ်းအားထုတ်မည်ဆိုလျှင် အောင်မြင်မှုသည်လက်တစ်ကမ်းတွင် ရှိနေသည်။ ထို့ကြောင့် နှစ်သစ်တွင်အောင်မြင်မှုတစ်ခုခုကိုရရှိအောင် ကြိုးပမ်းသွားမည်ဆိုသော စိတ်ကူးအိပ်မက်များကို ကိုယ်စီထားရန်လိုမည်။

**စေတနာဖြင့်တိုက်တွန်းလို**

လူငယ်များအနေဖြင့် ၂၀၂၆ ခုနှစ်အတွင်း တိုးတက်မှုများ ဖော်ဆောင်နိုင်ရေးအတွက် အရက်၊ ကွမ်းယာ၊ ဆေးလိပ်ဖြတ်ပြီး နေ့စဉ်လမ်းမှန်မှန်လျှောက်ကာ ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင်သွားရန်၊ အပြုသဘောဆောင်စွာတွေးခေါ်ပြီး ပျော်ပျော်ရွှင်ရွှင်နေထိုင်သွားရန်၊ ငွေကြေးစုဆောင်းခြင်းနှင့်ရင်းနှီးမြှုပ်နှံခြင်းများ ပြုလုပ်သွားရန်၊ အသက်မွေးဝမ်းကျောင်းပညာကိုကျွမ်းကျင်အောင် လေ့လာဆည်းပူးလေ့ကျင့်ပြီး လက်ရှိလုပ်ငန်းတာဝန်ကို ပိုမိုကောင်းမွန်အောင်ထမ်းဆောင်သွားရန်၊ ပညာရေးတိုးတက်အောင်စဉ်ဆက်မပြတ်လေ့လာဆည်းပူးသွားရန်၊ (ဘွဲ့ဒီဂရီရရှိအောင်နှင့် နိုင်ငံခြားဘာသာစကားတစ်ခုခုကို တတ်မြောက်အောင်သင်ယူသွားရန်)၊ စိတ်အာဟာရရှိသော စာကောင်းပေမွန်များကိုဖတ်ပြီး စိတ်ဖိစီးမှုများကို လျှော့ချသွားရန်၊ ပရဟိတလုပ်ဆောင်သွားရန်၊ မိသားစုများအတွက် အချိန်ပို၍ပေးသွားရန်၊ မိတ်ဆွေသစ်များတိုးချဲ့သွားရန်၊ အပန်းဖြေခရီးသွားရန်၊ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် အချိန်ဖြုန်းမှုလျှော့ချသွားရန်နှင့် စုပေါင်းလှုပ်ရှားအားကစားများတွင်ပါဝင်ဆောင်ရွက်သွားရန် စေတနာဖြင့်အကြံပြုသွားလိုသည်။

**မင်္ဂလာရှိသောနှစ်သစ်ကို အေးချမ်းပျော်ရွှင်စွာ ကြိုဆိုစေလို**

နှစ်သစ်ကို မင်္ဂလာရှိစွာကြိုဆိုနိုင်ရေးအတွက် နှစ်သစ်ကူးအကြိုနေ့(New Year's Eve) ဒီဇင်ဘာ ၃၁ ရက် ညပိုင်းတွင် အသောက်အစားအလွန်အကျွံမဖြစ်စေရန်လိုအပ်သည်။ အချို့ဆိုလျှင် မူးယစ်ရမ်းကားအချင်းများကာ ရန်ဖြစ်ကြသည်။ မူးယစ်နေသဖြင့် မော်တော်ဆိုင်ကယ်နှင့်မော်တော်ယာဉ်တိုက်မှုများဖြစ်ကြသည်။ သာဓကအနေဖြင့် အိမ်နီးချင်းနိုင်ငံတွင် နှစ်သစ်ကူးကာလ၌ ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုတို့ကြောင့် နှစ်စဉ်လူရာချီ၍ သေကျေ၊ ထိခိုက်ဒဏ်ရာရရှိနေကြသည်။ အချို့လူငယ်များသည် ဘီယာ၊ အရက်သောက်ထားသောကြောင့် မိမိကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းလျော့နည်းလာကြသည်။

မည်သည့်အရာတွင်မဆိုလွန်လွန်ကျူးကျူးမဖြစ်စေရန် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ လူကြီးများသည်လူငယ်များကို ထိန်းသိမ်းရန်တာဝန်ရှိသည်။ တန်ဆေး၊ လွန်ဘေး ဆိုသလို အပျော်လွန်ရာမှအပျက်ဘက်သို့ဦးတည်မသွားအောင် ထိန်းထိန်းသိမ်းသိမ်းပျော်ကြဖို့လည်းလိုသည်။ အချို့သောလူကြီးများသည် လူငယ်များနှင့်အတူ ကိုယ်တိုင်ပါဝင်သောက်စားမူးယစ်နေကြသည်။ အညွန့်တလူလူ တက်နေသောလူငယ်များလမ်းမှားမရောက်စေရန်သည် စာရေးသူတို့လိုအသက်အရွယ်ရလာသည့် လူကြီးများက ထိန်းသိမ်းပေးရန်တာဝန်ရှိသည်။ လူကြီးနှင့်လူငယ်များအကြားအပြန်အလှန်လေးစားမှု၊ ယုံကြည်အားကိုးမှု၊ တန်ဖိုးထားမှုများရှိနေစေရန်အတွက် သဟဇာတဖြစ်အောင် နေထိုင်သွားကြရမည်ဖြစ်သည်။

အမှန်တော့ မေတ္တာတရားသည်အရာအားလုံးကိုလွှမ်းမိုးနိုင်စွမ်းရှိသည်။ နှစ်သစ်တွင် လူတစ်ဦးနှင့်တစ်ဦး၊ ဘာသာတစ်ခုနှင့်တစ်ခု၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား မေတ္တာထားသွားကြရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် အချင်းချင်းအမြင်လွဲမှားနေမှုများ၊ ပဋိပက္ခများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ လူအချင်းချင်း ဆင်းရဲ၊ ချမ်းသာ၊ ပညာတတ်၊ ပညာမဲ့၊ ရာထူးကြီး၊ ငယ်၊ ဇာတ်နိမ့်၊ ဇာတ်မြင့်မခွဲခြားဘဲ မေတ္တာအရင်းခံဖြင့်သာ ဆက်ဆံသွားမည်ဆိုလျှင် အေးချမ်းသော လူ့အသိုက်ဝန်းကြီးကို ဧကန်မုချတည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့ကမ္ဘာကြီးသည် ထာဝစဉ်အေးချမ်းသာယာနေမည်ဖြစ်သည်။

ဆိုရလျှင် ၂၀၂၆ ခုနှစ်ဆိုသော နှစ်သစ်ကို မင်္ဂလာရှိစွာဖြင့် ကြိုဆိုနိုင်ရေးအတွက် လူတစ်ဦးတစ်ယောက်ချင်းစီသည် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ အတ္တများကို တတ်နိုင်သမျှလျှော့ချကာ မေတ္တာစိတ်မွေးမြူသွားရန် လိုအပ်မည်ဖြစ်သည်။ အထူးသဖြင့် ၂၀၂၆ ခုနှစ်အတွင်း မိမိနှင့် မိမိမိသားစု၊ မိမိအသိုက်အဝန်း၊ မိမိတိုင်းပြည်အတွက် ကောင်းရာကောင်းကျိုးတစ်ခုခုကို ဆောင်ကြဉ်းပေးနိုင်အောင် ကြိုးပမ်းသွားသင့်သည်။ သို့မှသာလျှင် လူ့တာဝန်ကျေပွန်သော လူတစ်ဦးဖြစ်နေမည်ဖြစ်သည်။ ထို့ကြောင့် နှစ်သစ်တွင် ပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး စိတ်ကူးအိပ်မက်များ အောင်မြင်မှုရရှိအောင် လက်တွေ့ကျကျ အကောင်အထည်ဖော်သွားကြရမည်ဖြစ်ပါကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

# နယူးအော်လံ ရုပ်ရှင်ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်




**ရန်ကုန် ဒီဇင်ဘာ ၃၁**

The Ray ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် နယူးအော်လံ ရုပ်ရှင်ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပြောပြ၍ သိရသည်။

နယူးအော်လံ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ရန်နိုင်ထွန်းနှင့် မောင်သစ္စာက ရေးသားထားပြီး မင်းကိုစိုး(နတ်သံကွင်း)က ဇာတ်ညွှန်း ရေးသားကာ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က The Ray ရုပ်ရှင်ထုတ်လုပ်ရေး အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ အချစ်ဟာသဇာတ်မြူးကားလေးပါ။ ဟာသရုပ်ရှင်ကြိုက်ကြတဲ့ ပရိသတ်တွေအတွက် ဟာသရုပ်ရှင်ဇာတ်ကားကောင်းတစ်ကား အနေနဲ့မြင်ရမှာပါ။ သူ့အရှေ့မှာ ရှယ်အော်လံဆိုတဲ့ ဟာသဇာတ်မြူးလေးလဲ ရှိခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီဇာတ်ကားမှာ ပါဝင်တဲ့ သရုပ်ဆောင်အားလုံး ပြန်လည်ပါဝင်ထားပါတယ်။ ရှယ်အော်လံရဲ့ ဒုတိယပိုင်းလိုမျိုး ရိုက်ထားတာတော့မဟုတ်ဘူး။ အဆက်သဘောမျိုး ကြည့်မယ်ဆိုရင်လဲ ရမယ်ပေါ့"ဟု ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပြောပြသည်။

နယူးအော်လံရုပ်ရှင် ဇာတ်ကားတွင် သရုပ်ဆောင် တိုင်ရွှန်၊ နေဝင်း၊ ခင်လှိုင်၊ ငှက်ပျောကြော်၊ ထူးခြား၊ ကေညီ၊ ပန်းသီး၊ သွက်လက်၊ စိုးမြတ်သူဇာ၊ ချူးလေး၊ နော်ဖေဝါအယ်ထားနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# စနေရတနာ ရုပ်သံဇာတ်လမ်းတွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

CANAL+ ရုပ်သံလိုင်း၏ ကိုယ်ပိုင်ဖန်တီးမှုအဖြစ် မြင်တွေ့ရမည့် စနေရတနာ ရုပ်သံဇာတ်လမ်းတွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သရုပ်ဆောင် စိုးပြည့်သဇင်က ပြောပြ၍ သိရသည်။

စနေရတနာ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို Evren က ခံစားရေးဖွဲ့ထားပြီး ဟေမာန်ဟိဏ်း၊ စန်းစန်းရင်နှင့် တုန္နိုင်းချာန်တို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ အိအိခိုင်က တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"စနေရတနာ ဇာတ်လမ်းတွဲကတော့ Canal Plus မှာ ပြမှာပါ။ စိုးပြည့်က ဒီထဲမှာတော့ ရုပ်ရှင်မင်းသမီးတစ်ယောက် ကာရိုက်တာပေါ့နော်။ အရင် စိုးပြည့် ရွှေမင်းသမီး ရုပ်ရှင်ဇာတ်ကားနဲ့ အကယ်ဒမီရခဲ့ပေမဲ့ ကာရိုက်တာတွေကတော့မတူပါဘူး။ စိတ်နေစိတ်ထားတွေ၊ ပုံစံတွေက မတူပါဘူး။ စိုးပြည့်နဲ့ သိပ်မတူတဲ့ကာရိုက်တာကို သရုပ်ဆောင်ထားပါတယ်။ အန်တီစိုးမိုးကြည်နဲ့က ခဏခဏ ရိုက်ဖူးပေမဲ့ ကျန်တဲ့ MRTV-4 မင်းသားတွေနဲ့ကတော့ ပထမဆုံးတွေ့ဆုံတဲ့ ဇာတ်လမ်းတွဲပါ"ဟု သရုပ်ဆောင် စိုးပြည့်သဇင်က ပြောပြသည်။




စနေရတနာ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အောင်ရဲချမ်း၊ စည်သူဝင်း၊ စိုးပြည့်သဇင်၊ လင်းလပြည့်ထက်၊ စိုးမိုးကြည်၊ စံပယ်မိုး နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# အသက် ၉၀ နှင့်အထက် သက်ကြီးသဘင်ပညာရှင်ကြီးများကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှစတင်၍ လစဉ်ငွေကျပ် တစ်သိန်းစီ ပံ့ပိုးလှူဒါန်းပေးသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

အသက် ၉၀ နှင့်အထက် သက်ကြီးသဘင်ပညာရှင်ကြီးများကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ စတင်၍ လစဉ် ငွေကျပ် တစ်သိန်းစီ ပံ့ပိုးလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) အတွင်းရေးမှူး ဦးနေဝင်းက ပြောပြ၍ သိရသည်။

အဆိုပါသက်ကြီးသဘင်ပညာရှင်များကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှစတင်၍ လစဉ် ငွေကျပ် တစ်သိန်းစီ ပံ့ပိုးလှူဒါန်းပေးသွားမည့် အစီအစဉ်အတွက် သက်ကြီးသဘင့်ဘိုးဘွား ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားပြီးဖြစ်ကြောင်း သိရသည်။

"သက်ကြီးသဘင်ဘိုးဘွားတွေကတော့ ကျွန်တော်တို့စာရင်းအရဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ၅၃ ယောက်ရှိပါတယ်။ ဒီသဘင်ဘိုးဘွားတွေကို သက်ကြီးသဘင့်ဘိုးဘွားရန်ပုံငွေတစ်ရပ်ထူထောင်ပြီး အခုလာမဲ့ ၂၀၂၆ ခုနှစ် ဇန်နဝါရီလက စတင်ပြီးတော့ လစဉ် ငွေကျပ် တစ်သိန်းစီ ပံ့ပိုးလှူဒါန်းဖို့စီစဉ်နေပါတယ်။ ဒီသက်ကြီးသဘင့်ဘိုးဘွားရန်ပုံငွေကိုတော့ မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ မြို့ရွှေမန်းသားဖိုးချစ်ကနေ ငွေကျပ်သိန်း ၅၀ နဲ့ မတည်ပေးထားတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟိုအတွင်းရေးမှူး) ဦးနေဝင်းက ပြောပြသည်။

အဆိုပါ သက်ကြီးသဘင့်ဘိုးဘွားရန်ပုံငွေတွင် ထည့်ဝင်ငွေများကို ငွေပဒေသာပင်စိုက်ထူ၍ ရရှိလာသည့် အတိုးငွေများဖြင့် သက်ကြီးသဘင် ဘိုးဘွားများကို လစဉ်ပံ့ပိုးလှူဒါန်းသွားမည်ဖြစ်ကာ ရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းငွေ ပမာဏအပေါ် မူတည်ကာ သက်ကြီးသဘင် ဘိုးဘွားများ၏ အသက်သတ်မှတ်ချက်ကို လျှော့ချပေးသွားမည်ဖြစ်ပြီး လစဉ်လှူဒါန်းငွေများကိုလည်း တိုးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) ၏ သဘင့်လူမှုကူညီစောင့်ရှောက်ရေးကော်မတီမှလည်း သဘင့်လောကသားများ၏ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များကို အသက်အရွယ်မရွေး ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

ASH

# X-Men ဇာတ်ကားများရိုက်ကူးရန် မာဗယ်နှင့် ဒါရိုက်တာ ဂျော်ဒန်ပီလီတို့ ဆွေးနွေးနေ

**နယူးယောက် ဒီဇင်ဘာ ၃၁**

မာဗယ်စတူဒီယို၏ စူပါဟီးရိုး ရုပ်ရှင်ဇာတ်ကားသစ်များကို အော်စကာဆုရှင်ဒါရိုက်တာ ဂျော်ဒန်ပီလီနှင့် ရိုက်ကူးရန် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ဒီဇင်ဘာ ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

မာဗယ်စတူဒီယိုသည် X-Men စူပါဟီးရိုးဇာတ်ကားများကို ပြန်လည်ဆန်းသစ်ရိုက်ကူးရန် စီစဉ်ထားကြောင်း သိရသည်။

ဟောလိဝုဒ် ရုပ်ရှင်လောက အတွင်း ပေါ်ထွက်နေသည့် သတင်းများအရ မာဗယ်စတူဒီယိုသည် X-Men ဇာတ်ကားကို ရိုက်ကူးရေးအတွက် ဒါရိုက်တာ ဂျော်ဒန်ပီလီကို ကမ်းလှမ်းထားကြောင်း၊ ထို့ပြင် X-Men ဇာတ်ကားများကို ပူးပေါင်းဖန်တီးရေးကိစ္စအတွက် ဒါရိုက်တာ ဂျော်ဒန်ပီလီနှင့် မာဗယ်စတူဒီယိုတို့ကြား တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မာဗယ်စတူဒီယိုသည် Blade ဇာတ်ကားများကို ပြန်လည်ဆန်းသစ်ရိုက်ကူးရေးအတွက် ဒါရိုက်တာ ဂျော်ဒန်ပီလီကို ကမ်းလှမ်းခဲ့ဖူးပြီး ၎င်းကမ်းလှမ်းချက်ကို ဂျော်ဒန်ပီလီက ငြင်းပယ်ထားသည်။

X-Men ဇာတ်ကားများ ရိုက်ကူးရန် ဒါရိုက်တာ ဂျော်ဒန်ပီလီနှင့် မာဗယ်စတူဒီယိုတို့က ဆွေးနွေးဆဲဖြစ်ပြီး ရိုက်ကူးဖြစ်၊ မဖြစ်ကို အတည်ပြုထားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# Avatar:Fire and Ash ဇာတ်ကား၌ ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ သန်း ၇၆၀ ကျော်ရှိလာ

**နယူးယောက် ဒီဇင်ဘာ ၃၁**

၂၀ ရာစုရုပ်ရှင်၏ Avatar: Fire and Ash ဇာတ်ကားသည် ခရစ္စမတ်အားလပ်ရက်ကာလအတွင်း ဝင်ငွေအရ ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Avatar: Fire and Ash ဇာတ်ကားသည် ဒီဇင်ဘာ ၂၈ ရက်ထိ အမေရိကန်ဒေါ်လာ ၈၈ သန်းထိ ဝင်ငွေရှိခဲ့သည်။


သို့ဖြစ်ရာ လက်ရှိတွင် Avatar: Fire and Ash ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၇၆၀ ဒသမ ၄ သန်းထိရှိလာပြီဖြစ်သည်။

အဆိုပါဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် လာမည့်သီတင်းပတ် ရက်များအတွင်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ကျော်လွန်သွားနိုင်ကြောင်း ရုပ်ရှင်ဈေးကွက်စောင့်ကြည့်သူများက ခန့်မှန်းထားသည်။

၂၀ ရာစုရုပ်ရှင်စတူဒီယိုသည် Avatar: Fire and Ash ဇာတ်ကားကို ဒီဇင်ဘာ ၁၉ ရက်တွင် စတင်ရုံတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# New Year greetings extended by Acting President of the Republic of the Union of Myanmar and State Security and Peace Commission Chairman Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing

On the New Year occasion when the year 2025 comes to an end and the New Year 2026 comes in, I would like to first extend my greetings and best wishes to all national brethren living throughout Myanmar. May your lives be filled with happiness and prosperity, may your mind and body be healthy and peaceful, and may all your good intentions and aspirations be fully realized.

The year 2025 has been an extremely important year for our country. We have successfully addressed all the issues that arose when a state of emergency was declared on 1 February 2021. To continue advancing the country along the path of multiparty democracy, it is absolutely necessary to hold a general election. Therefore, in order to end the state of emergency and return the responsibilities of the State, these duties were handed back to the National Defence and Security Council. Under the leadership of the National Defence and Security Council and in accordance with the provisions of the 2008 Constitution, arrangements were made to hold a multiparty general election as soon as possible. To ensure that this election is free and fully fair, both domestic and international election observers were invited. Moreover, Myanmar Electronic Voting Machines (MEVM) are being used to prevent any irregularities in voting.

From the very beginning of carrying out our state responsibilities, we set clear and firm directions and worked steadily, keeping in mind the path our country must follow. Thanks to the collective support and cooperation of the people, we are now able



Senior General Min Aung Hlaing extends New Year greetings.

to see the goal of multiparty democracy that everyone desires. On 28 December, the multiparty general election was successfully held in 102 townships, which was made possible by the enthusiastic participation and collaboration of voters who cherish and support multiparty democracy in their respective townships. We also wish to express our gratitude to all the voters who actively came out to cast their ballots. Since the election is being held in phases, it is necessary for voters in the remaining townships to fully exercise their rights as citizens of Myanmar and participate in the ongoing elections.

During the year 2025, many significant changes took place for the development of the country. We were able to strengthen and build friendly and cooperative relations with our partner countries, as well as take steps to help domestic products reach overseas markets and to increase both domestic and foreign investment in areas that are most needed within the country.

We were also able to carry out peace meetings, including the ceremony to mark of the 10th anniversary of the Nationwide Ceasefire Agreement (NCA), and establish important foundational pillars for the durable peace. During our government's tenure, the outcomes of these meetings—centered on jointly implementing union-level peace and development—led to an agreement on 43 points for potential amendments to the 2008 Constitution. These points will be discussed in the upcoming Hluttaw and implemented in accordance with the law.

Throughout our tenure in office, we have strived to ensure the country's stability, peace, and development. After the elections, we will hand over state responsibilities to the newly formed government as part of continuous making the best efforts to serve the second chapter of the State.

I believe that the incoming year 2026 will be an auspicious New Year for our country—a year in which we can rebuild a modern, developed, and democratic new nation. It will be a year capable of achieving the durable and stable peace that all citizens desire, as well as a year in which the social and economic lives of all ethnic communities can flourish. Therefore, in 2026, we must learn lessons from past experiences, base ourselves on love for the nation and our fellow citizens, uphold the spirit of the union, and move forward with unity, mutual understanding, and trust to successfully overcome challenges. I hope that all national brethren have to march towards the democratic goal and pass on a legacy of good history for our country.

At this auspicious moment of the New Year, I extend my heartfelt wishes that all citizens of Myanmar, all national brethren, may treat one another with love and goodwill, and contribute to the well-being and prosperity of the Union. May everyone embrace correct new ideas, fresh perspectives, and renewed beliefs, helping to achieve national stability and durable peace, and may all enjoy joyful, prosperous, and peaceful lives.

Thank you all.

# Merchants dispatch baskets of Hnanka paddy strain to Yangon market in November

**Mawlamyinegyun December 31**

Traders from Mawlamyinegyun Township of Ayeyawady Region supplied a large volume of Hnanka paddy strain to Yangon market in November, said Daw Pa Pa Lin, the owner of rice and paddy trading depot in Mawlamyinegyun Township.

From Mawlamyinegyun Township, only up to 55,000 baskets of Hnanka paddy were transported and sold to the Yangon market during October, while as much as 68,000 baskets were shipped and sold during the one-month period of November, according to reports. The price of Hnanka paddy is currently reported to be as high as K1.47 million per 100 baskets.

"We mainly transport and sell agricultural products from Mawlamyinegyun Township to the Yangon and Pathein markets. More paddy was shipped and sold in November than in October. At present, in December, we have also received many purchase offers for Hnanka paddy. As trading in paddy and rice has improved, businesses involved in agricultural exports are gaining more job opportunities, and those who have stored paddy are also benefiting," said Daw Pa Pa Lin, a rice and paddy trader and warehouse operator from Mawlamyinegyun Township.

In Mawlamyinegyun Township, business operators systematically produce agricultural products, including Hnanka paddy, and primarily sell them by linking with traders in the Yangon market. These products are also being distributed and sold onward to other regions.Kyaw Kyaw Lin

# Danubyu Township supplies a large volume of dried areca nuts

**Danubyu December 31**

Local merchants from Danubyu Township of Ayeyawady Region sold many viss of dried areca nuts to Yangon market in November, said Daw Thet Su Khin, the owner of areca nut trading in Danubyu Township.

From Danubyu Township, only up to 90,000 viss of dried areca nuts were transported and sold to the Yangon market over the past month this year, while as much as 120,000 viss were shipped and sold during the one-month period from November 1 to 30, according to sources. The price of dried areca nuts is reported to have reached K24,500 per viss.

"The dried areca nuts currently being traded are stocks that were previously purchased and stored. Over the past month, large volumes of dried areca nuts were shipped to the Yangon market. The dried areca nuts sent to Yangon are of good quality. At present, there is strong buying interest in dried areca nuts from this region in the Yangon market. This year, domestic demand for dried areca nuts is very high, and there are daily orders coming from Yangon," said Daw Thet Su Khin.

In Danubyu Township, areca nut traders purchase locally produced areca nuts and process them systematically into two forms—whole nuts and sliced nuts—before shipping them to the Yangon market. With prices for dried areca nuts rising, those who have stored dried areca nuts, areca nut growers, traders, warehouse operators, and areca nut processing workers are reportedly benefiting.

Kyaw Kyaw Lin

# Tatmadaw columns totally recontrolled and reopened Mandalay-Maddaya-Singu-Thabeikkyin road Locals accord a rousing welcome to security forces



Local residents warmly welcoming and greeting Tatmadaw columns.



Scenes showing Tatmadaw columns arriving in villages within Thabeikkyin Township.

**Nay Pyi Taw December 31**

The combined terrorist insurgent groups by the name PDF entered Maddaya, Singu and Thabeikkyin townships in Mandalay Region, committing terrorists acts in various forms including abducting passengers after blocking roads, extorting money, looting people's belongs by entering homes, destroying and torching factories that were benefitting the country, illegally extracting aboveground and underground resources of the country just for self-interest, erecting bunkers in public homes, factories, workshops and other buildings, installing gates on roads and demanded extortion money from passengers. In order to restore peace and stability and rule of law in the townships, the Tatmadaw columns launched counterterrorism operations after making necessary preparations.

Launching counterterrorism operations in a systematic way, the Tatmadaw columns completely recontrolled the area in and around Thabeikkyin in Mandalay Region on 23 July 2025, Phayaungtaung mines in Maddaya Township on 24 August, Alpha cement factory on 28 August, Hsedaw village and dam on 7 November, and the area in and around Singu on 19 December respectively, by taking footholds and launching attacks stage-by-stage with the help of information provided by the people, and totally destroyed the fantasy military goal of the terrorists.

The Tatmadaw columns took area security measures for preventing terrorist insurgents from hiding in the said townships and ensuring a smooth and secure socioeconomic life for the locals, and restoring rule of law and regional peace and security. In doing so, Tatmadaw columns conducting area clearance operation in Thabeikkyin captured Waphyutaung village in Thabeikkyin Township on 11 October, Phwattaw junction on 13 October, Zayatkwin village on 18 December and Leikkya village on 22 December; likewise, Tatmadaw columns marching from Letpanhla village in Singu Township conducted area clearance operations in Kyitaukbauk village on 28 December, Chaunggyivillage in Thabeikkyin Township on 29 December and Leikkyavillage today. After launching the offensive operation stage by stage, the Tatmadaw columns joined hands and gathered, and recontrolled the Mandalay-Maddaya-Singu-Thabeikkyin road completely and reopened the thoroughfare. Locals and passengers from other places can now use the road safely.

In their efforts to ensure peace and stability in the Mandalay-Madaya-Singu-Thabeikkyin area and to allow the public to travel safely along the communication routes, Tatmadaw columns performed their duties with great courage and sacrifice. During these operations, clashes occurred with terrorist insurgents, and some officers and soldiers made the ultimate sacrifice for the state.

As Tatmadaw columns carried out security operations and cleared the area, local residents—who had been suffering from the unjust torture of NUG-subordinate PDF terrorists in villages along the route—were seen joyfully and enthusiastically welcoming the arriving troops. Men and women of all ages held sprigs of victory Eugenia and floral wreaths to greet them, creating a heartening scene of public support.

To secure the socioeconomic lives of local residents near the Thabeikkyin-Mogok area, ensure the quick and smooth flow of goods, and systematically manage surface and underground natural resources that support national economic growth, Tatmadaw columns will continue to carry out necessary security operations to reopen the Thabeikkyin-Mogok communication route as soon as possible. Myawaddy TV brings you this good news.

100



As the Mandalay–Maddaya–Singu–Thabeikkyin transportation route has been reopened, passenger vehicles and cargo trucks of the traveling public are now able to pass through.

# Large volume of sundried salt sent to Yangon market in November

**Ngaputaw December 31**

Daw Aye Myat, the owner of sundried salt trading whoesale in Ngaputaw Township of Ayeyawady Region stated that local salt farmers sell a large volume of sundried salt to Yangon market in November this year.

From Ngaputaw Township, only up to 50,000 viss of locally produced sun-dried salt were transported and sold to the Yangon market during October, while as much as 85,000 viss were shipped and sold during the one-month period in November this year, according to reports.

"We sell locally produced sun-dried salt mainly to the Yangon market. Over the past month, up to 85,000 viss of salt were transported and sold in the Yangon market. With salt trading improving in this way, salt production businesses and those connected to the sector are gaining employment opportunities and seeing better livelihoods," said Daw Aye Myat.

In Ngaputaw Township, salt producers systematically manufacture locally produced sun-dried salt and primarily sell it to the Yangon market. The sun-dried salt is currently trading at prices of up toK47,000 per 10 viss. The locally produced sundried salt is mainly used in the production of fish paste, dried fish, fish sauce, and related products, according to sources.

Kyaw Kyaw Lin

# 538 illegal buildings used for online scam gambling demolished in KK Park; confiscated items continue to be destroyed by burning



A two-story residential building illegally constructed within Section (3) of the KK Park area.

Before demolition. After demolition.

**Nay Pyi Taw December 31**

The Myanmar government is continuing its crackdown on online scam gambling operations by clearing illegal buildings and destroying equipment used in such activities in the Shwe Kokko and KK Park areas, where these crimes have been most concentrated. Through coordinated operations involving security forces, administrative bodies and local authorities, six more illegal buildings were demolished today in the KK Park area.

As part of today's operations in Section (3) of the Myawady–Maehtawthalay (KK Park) area, two three-storey buildings and eleven two-storey buildings used for online scam gambling were dismantled, bringing the total demolished structures in KK Park to 538 out of 635 illegal buildings identified.

In addition, illegal buildings that had already been demolished using heavy machinery are being further destroyed using controlled burning to ensure complete destruction. These operations began on December 14, and as of today, five more two-storey buildings were fully destroyed, raising the total number of buildings completely demolished to 81.

Authorities also continued the systematic burning of confiscated items used in online scam gambling to prevent their reuse. The government reaffirmed that combating online scam gambling is a national responsibility and stated it will continue coordinated efforts with domestic forces as well as neighbouring countries to ensure that such criminal activities cannot take root anywhere in Myanmar.

100



Scenes showing the burning and destruction of items used in online scam gambling activities in the KK Park area.

# News Analysis: Germany ends 2025 in broad stagnation as U.S. tariffs derail recovery hopes

**Berlin December 31**

Germany's economy remains mired in stagnation as 2025 draws to a close, following two consecutive years of contraction. Early-year hopes of a modest recovery were dashed by an unexpected escalation of tariffs by the United States.

Germany's leading economic institutes are forecasting growth of just 0.1 percent for the year, after repeatedly cutting projections that had stood at 0.8 percent last autumn. The downgrades followed Washington's decision to raise duties earlier in 2025.

Analysts say the tariff shock has compounded the export-driven economy's structural weaknesses, with manufacturing already under strain. The combination of weaker external demand, eroded confidence, and limited traction from domestic policy has once again pushed recovery out of reach.

Overseas shipments represent more than 40 percent of Germany's gross domestic product (GDP), and for decades they have helped cushion the economy during downturns.

In 2025, however, that long-standing buffer has faded. With the United States among Germany's main export destinations, exporters have been hit hard by the higher U.S. tariffs.

The tariffs have hit sectors that underpin Germany's export strength, led by the automotive industry. A report published last week by the German Economic Institute (IW) showed that exports of German-made cars and auto parts to the United States, the largest category of shipments to that market, fell 13.9 percent year-on-year in the first three quarters of 2025. Shipments of mechanical engineering and chemical products, meanwhile, both declined by around 10 percent.

Xinhua



The Reichstag is seen illuminated in Berlin, Germany, June 15, 2025.

# Pakistan urges vigilance against digital extremist threats to minors

**Islamabad December 31**

Pakistani authorities said on Tuesday that terrorists and extremist groups are using online platforms for radicalization targeting vulnerable children, making it a serious digital threat.

Interior Minister of the country's southern Sindh province Zia Ul Hassan Lanjar said that the online radicalization followed a structured pattern, beginning with ideological exposure and gradually progressing to direct psychological manipulation.

"The method included the use of anonymous social media accounts, emotional validation to build trust, repeated exposure to extremist propaganda, and fear-based narratives aimed at creating emotional dependence and a distorted sense of purpose," said the minister.

The minister also called on the local and international social media companies to strengthen compliance measures, including the proactive removal of extremist and hate-based content, shutting down terrorist-linked accounts and proxy networks, and enhancing safeguards to prevent minors from being exposed to violent propaganda.

Underscoring the growing challenge of online radicalization, the minister reaffirmed the state's resolve to protect children, dismantle extremist networks and enforce the law without exception.

Earlier on Monday, the minister, along with other police officials, told media that security agencies had saved a minor girl who was recruited as a suicide bomber by handlers linked to a terrorist network with hate-based and extremist content and subjected to psychological grooming.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



မင်းကင်း ဒီဇင်ဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၆၁၂ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါပဲတီစိမ်းစိုက်ပျိုးမှုကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၆၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲတီစိမ်း ၅၆၁၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၅၆၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်တွင် ဒေသထွက် ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းမွန်နေ

ပန်းတနော် ဒီဇင်ဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒေသထွက် ပီလောပီနံ့ဥများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ပီလောပီနံ့ဥများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင်ပီလောပီနံ့ဥများ ပေါ်နေချိန်ဖြစ်ပြီး ပီလောပီနံ့ဥ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပီလောပီနံ့ဥတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အခုနှစ် ပီလောပီနံ့ဥ အရောင်းအဝယ် ကောင်းတာက မနှစ်ကထက် ပီလောပီနံ့ဥ စိုက်သူတွေနည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ အခုလိုဒေသထွက်ပီလောပီနံ့ဥတွေ အရောင်းအဝယ်ကောင်းနေတော့ ပီလောပီနံ့စိုက်တဲ့ တောင်သူတွေနဲ့ လုပ်သားတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။



ပန်းတနော်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ပီလောပီနံ့ဥအပါအဝင် အခြားရာသီပေါ် သီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကံမမြို့နယ် လဲလူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကံမ ဒီဇင်ဘာ ၃၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကညင်တိုင်းကျေးရွာအုပ်စု လဲလူကုန်းကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၃၀ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက စီမံကိန်းအကြောင်းအရာများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လဲလူကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၆ ဒသမ ၃၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၂၉ ဒသမ ၁၃ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၈ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နော်လူး




# မိုင်းတုံမြို့နယ် လီဆူရွာသစ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



မိုင်းတုံ ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် မိုင်းဟန်ကျေးရွာအုပ်စု လီဆူရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ လီဆူရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

လီဆူရွာသစ်ကျေးရွာ၌ အရှည် ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာ တွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ခုနှစ် ဩဂုတ်လ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်း အားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်း ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး သွားသဖြင့် လီဆူရွာသစ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေ လွယ်ကူတော့မည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စွာထံမှ သိရသည်။

မောင်ခိုင်

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ကြပါစို့



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတော်သြဝါဒါစရိယ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတိလောကာဘိဝံသ ဆရာတော်ကြီး၏ ၂၀၂၆ ခုနှစ်အတွက် နှစ်သစ်ဆုတောင်းသဝဏ်လွှာ



ဒီနေ့ဟာ ၂၀၂၅ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၆ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယဖြစ်ပါတယ်။ မြန်မာနိုင်ငံသူ၊မြန်မာနိုင်ငံသားအပါအဝင် ကမ္ဘာသူ၊ကမ္ဘာသားအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ၊ နှစ်သစ်မှစ၍ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး ကပ်ဘေးအပေါင်းတို့မှ ကင်းဝေးလို့ လိုရာဆန္ဒပြည့်ဝကြပါစေ၊ ငြိမ်းချမ်းတဲ့ကမ္ဘာကြီးဖြစ်ပါစေလို့လဲ အထူးဆုတောင်းမေတ္တာပို့သပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသား အပါအဝင် ကမ္ဘာသူ၊ ကမ္ဘာသားတွေကို ဆရာတော်ပြောကြားလိုတာက နှစ်ဟောင်းက မကောင်းတဲ့ စိတ်ဓာတ်၊ အညစ်အကြေး၊ လုပ်ရပ်အညစ်အကြေးတွေ နှစ်ဟောင်းမှာ ထားခဲ့ပြီး နှစ်သစ်မှာ စိတ်ဓာတ်ရော၊ လုပ်ရပ်ရော အကောင်းဆုံးဖြစ်အောင်ကြိုးစားကြပါလို့ အထူးပဲ တိုက်တွန်းပါတယ်။ မင်္ဂလာအပေါင်းနဲ့လဲ ပြည့်စုံကြပါစေ။

မင်္ဂလာအပေါင်းနှင့် ပြည့်စုံဖို့ဆိုတာ ပါးစပ်ကပြောရုံနဲ့ မပြီးဘူး၊ တကယ့်လက်တွေ့မင်္ဂလာရှိတဲ့လုပ်ငန်းတွေ လုပ်ဖို့လဲလိုအပ်တယ်။ မင်္ဂလာရှိတဲ့လုပ်ငန်းတွေ လုပ်တယ်ဆိုရာမှာ အချိန်ဆိုတာတားထားလို့ရတဲ့အရာ မဟုတ်ဘူး။**"အချိန်နှင့် ဒီရေသည် လူကိုမစောင့်"**ဆိုတဲ့ အတိုင်း အချိန်ဟာ စက္ကန့်တိုင်း၊ မိနစ်တိုင်း၊ နာရီတိုင်း၊ နေ့ရက်၊ လတွေ၊ နှစ်တွေမှာ ကုန်ဆုံးသွားတာ၊ ရရှိတဲ့ အချိန်မှာ မိမိအတွက် အကောင်းဆုံးဖြစ်အောင်၊အကျိုးရှိအောင်၊ကျန်အောင်ပြုလုပ်ဖို့ အရေးကြီးတယ်။ပြုလုပ်တဲ့ အခါမှာ မှတ်လို့လွယ်အောင် **"သင့်တွက်ရလာ၊ ချိန်အခါ၊ သင့်မှာကောင်းကျိုး ကျန်ပါစေ။ အချိန်ရှိခိုက်၊ လုံ့လစိုက်၊ ယူလိုက် ကုသိုလ်၊ ပညာ၊ ဥစ္စာတွေ"**ဆိုတဲ့ အတိုင်းအချိန်ဆိုတာ မိမိအတွက်ရလာတာကို မိမိကောင်းကျိုးကျန်ဖို့အရေးကြီးတယ်။ ကောင်းကျိုးကျန်ဖို့ဆိုတာ အချိန်တိုင်းမှာ ကုသိုလ်၊ ပညာ၊ ဥစ္စာသုံးခုထဲက တစ်ခုခုကိုလည်းကောင်း၊ သုံးခုလုံးကိုသော်လည်းကောင်း ရအောင်ယူနိုင်မှအကျိုးရှိမှာဖြစ်တယ်။ အချိန်ကို အကျိုးရှိစွာအသုံးပြုနိုင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်နိုင်ကြပါစေ။

မင်္ဂလာအပေါင်းနဲ့ပြည့်စုံဖို့ဆိုတာ လက်တွေ့မှာ မင်္ဂလာတရားတော်ကို လိုက်နာကျင့်သုံးဖို့လဲ လိုအပ်တယ်။ ကြီးပွားကြောင်း၊ ချမ်းသာကြောင်း၊ အောင်မြင်ကြောင်းတရားတွေကို မြတ်စွာဘုရားက မင်္ဂလသုတ်ဒေသနာမှာ သုံးဆယ့်ရှစ်ဖြာမင်္ဂလာအနေနဲ့ ဟောကြားခဲ့တာရှိတယ်။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာထဲက ပထမဆုံးမင်္ဂလာကို နမူနာအနေနဲ့ ပြောကြားလိုပါတယ်။

အသေဝနာစဗာလာနံ-၌ ဗာလကို-

၁။ ပညတ်အနေနှင့် ရှုမြင်မယ်ဆိုလျှင် လူဆိုးလူမိုက် ပုဂ္ဂိုလ်ဖြစ်သည်။

၂။ ရုပ်ပရမတ်အနေနှင့် ရှုမြင်မယ်ဆိုလျှင် ဆိုးမိုက်သောကာယကံမှု၊ ဝစီကံမှုဖြစ်သည်။

၃။ စိတ်၊စေတသိက် နာမ်ပရမတ်အနေနှင့် ရှုမြင်မယ်ဆိုလျှင် ဆိုးမိုက်သော အကုသိုလ် စိတ်၊ စေတသိက် ဖြစ်သည်။

ဆိုးမိုက်သောပုဂ္ဂိုလ်ဖြစ်ရခြင်းမှာ ဆိုးမိုက်သောလုပ်ရပ်ကြောင့်ဖြစ်သည်။ ဆိုးမိုက်သောလုပ်ရပ်လုပ်သည်မှာလည်း ဆိုးမိုက်သောစိတ်ဓာတ်ကြောင့်ဖြစ်သည်။ဆိုးမိုက်သော စိတ်ဓာတ်ကြောင့် ဆိုးမိုက်သော လုပ်ရပ်လုပ်ကြသည်။ ဆိုးမိုက်သောလုပ်ရပ် လုပ်သူကို ဆိုးမိုက်သောပုဂ္ဂိုလ်ဟု လောက၌ ခေါ်ဝေါ်သတ်မှတ်ကြသည်။ ဆိုးမိုက်သောစိတ်ဓာတ်များကို အဘိဓမ္မာ၌ အကုသိုလ်ဟုခေါ်သည်။ ဆိုးမိုက်သောလုပ်ရပ်များကိုတော့မကောင်းမှုဒုစရိုက်ဟုခေါ်သည်။ မကောင်းမှုဒုစရိုက်ပြုလုပ်သူ၊ ကျူးလွန်သူကို လူဆိုး၊ လူမိုက်၊ လူယုတ်မာဟုလောက၌ ခေါ်ဝေါ်သတ်မှတ်ပညတ်ကြသည်။ ယင်းသို့ဖြစ်ခြင်းကြောင့် ဗာလဟူသည် ဆိုးမိုက်ယုတ်မာသော စိတ်ဓာတ်နှင့်လည်းဆိုင်သည်၊ ဆိုးမိုက်ယုတ်မာသော လုပ်ရပ်နှင့်လည်း ဆိုင်သည်၊ ဆိုးမိုက်ယုတ်မာသော ပုဂ္ဂိုလ်နှင့်လည်းဆိုင်သည်၊ ထို့အတူ ဖြူစင်သန့်ရှင်းသောစိတ်ဓာတ်ကြောင့် ဒါန၊ သီလ၊ ဘာဝနာစသော ကုသိုလ်ကောင်းမှုများပြုလုပ်ကြသည်၊ကုသိုလ်ကောင်းမှုပြုလုပ်သူကို သူတော်စင်ပညာရှင်ဟု ခေါ်ဆိုကြသည်။

စိတ်ဓာတ်၊ လုပ်ရပ်၊ နှစ်ရပ်ပေါ်မှာ၊ ယုတ်၊ မြတ်ဟာ၊ တည်တာအမှန်ဖြစ်။

စိတ်ဓာတ်၊ လုပ်ရပ်၊ မြင့်မြတ်ဖြူစင်၊ သူတော်စင်၊ ယုတ်လျှင်သူယုတ်မာ။

အသေဝနာစဗာလာနံ- ဗာလကို မပေါင်းသင်းခြင်း မင်္ဂလာဖြစ်ဖို့ရာ အဘိဓမ္မာဒေသနာဖြင့် ရှုမြင်မည်ဆိုလျှင်-

၁။ ဆိုးမိုက်ယုတ်မာသောပုဂ္ဂိုလ်နှင့် မပေါင်းသင်းခြင်း၊ သူ့အတုမလိုက်ခြင်း၊

၂။ ဆိုးမိုက်ယုတ်မာသော မကောင်းမှုဒုစရိုက်မှ ကိုယ်တိုင်ရှောင်ကြဉ်ခြင်း၊ မပြုလုပ်ခြင်း၊

၃။ ဆိုးမိုက်ယုတ်မာသော အကုသိုလ်စိတ်ဓာတ် ကိုယ်တိုင်မမွေးခြင်းဟူသော အချက်သုံးချက်လုံးနှင့်ဆိုင်သည်။

ဤအချက် သုံးချက်လုံးပြည့်စုံမှ အသေဝနာစဗာလာနံ-ဗာလကို မပေါင်းသင်းခြင်းမင်္ဂလာအပြည့်အစုံဖြစ်မည်၊ အသေဝနာစဗာလာန မင်္ဂလာနှင့်ပြည့်စုံအောင် ဆိုးမိုက်တဲ့ စိတ်ဓာတ်တွေ မမွေးနဲ့ ၊ ဆိုးမိုက်တဲ့လုပ်ရပ်တွေ မလုပ်နဲ့ ၊ ဆိုးမိုက်တဲ့ လူဆိုးလူမိုက် လူယုတ်မာကို မပေါင်းသင်းနဲ့၊ ဒါက နမူနာအနေနဲ့ ပြောလိုက်တာ။ ဒါ့ကြောင့် အသေဝနာစဗာလာနံ-ဗာလကို မပေါင်းသင်းခြင်းမင်္ဂလာလိုက်နာခြင်း၊ ကျန်သောမင်္ဂလာများကိုလည်း လိုက်နာခြင်းဖြင့် ၂၀၂၆ ခုနှစ် နှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ငြိမ်းချမ်းတဲ့ကမ္ဘာကြီးဖြစ်နိုင်ပါစေကြောင်း နှစ်သစ်ဆုတောင်းသဝဏ်လွှာမိန့်အပ်ပါသတည်း။

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၏ ၂၀၂၆ ခုနှစ်အတွက် နှစ်သစ်ကူးသြဝါဒကထာ

နိုင်ငံတကာ ၂၀၂၆ ခုနှစ် နှစ်သစ်ကူးနေ့မှာပြောပြလိုတဲ့စကားရှိပါတယ်။

ဗုဒ္ဓမြတ်စွာသာသနာတော်အရ အဆုံးအမအရ လောကကြီးမှာ ဆင်းရဲမျိုးစုံရှိသလို လောကချမ်းသာမျိုးစုံလဲရှိကြပါတယ်။

လောကချမ်းသာ မျိုးစုံရဖို့အတွက် ဗဟုသုတရှိကြပါ၊ ဗဟုသုတရှိရင် ပညာဉာဏ်တိုးတယ်၊ ပညာတိုးရင် ချမ်းသာကိုရအောင်ဆောင်ရွက်နိုင်တယ်။ ဒါ့ကြောင့် ဗဟုသုတရှိအောင်ရှာမှီးကြပါ။

ရှေးတုန်းကတော့ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ဖြစ်စေ၊ ဆရာသမားတွေ၊ မိဘအဘိုးအဘွားတွေဆုံးမတာကနေ ဗဟုသုတရတယ်၊ ဆရာတော်၊ သံဃာတော်အရှင်မြတ်တွေဆုံးမတာကနေ ဗဟုသုတရကြတာပေါ့။

နောက်ကြတော့ ပေစာ၊ ကျမ်းစာ၊ ကျောက်စာတွေ၊ နောက်စာအုပ်တွေကနေစာတွေကို ဖတ်ကြမှတ်ကြလို့လဲပဲ ဗဟုသုတတွေတိုးကြတယ်။ ဗဟုသုတတိုးမှလဲ ပညာဉာဏ်တွေတိုးကြတယ်။

ဗဟုသုတတွေတိုးလာတဲ့အတွက် ဗဟုသုတဉာဏ်တွေတိုးတယ်၊ စဉ်းစားတွေးခေါ်တတ်တဲ့ ဉာဏ်တွေတိုးတယ်၊ သဘောပေါက်နားလည်ပြီးတော့ အချင်းချင်းနားလည်ပေးနိုင်တဲ့ ဉာဏ်တွေတိုးလာတာပေါ့။

အခုခေတ်နဲ့ ပြောရရင်တော့ အတန်းပညာတွေသင်ကြ၊ အတန်းပညာတွေထဲမှာ ဗဟုသုတရစရာတွေက အများကြီးပဲ။ လောကမှာ အတွေ့အကြုံတွေထဲက ဗဟုသုတကိုရအောင်ယူကြရသလို အတန်းပညာတွေထဲကလဲ ဗဟုသုတတွေကို ရအောင်ယူကြရတယ်။ Education ပညာရေးဆိုတာက မွေးကတည်းကနေ သေတဲ့ထိ သင်ယူကြရတဲ့ပညာပေ့ါ။

အတန်းပညာတွေသင်တဲ့အခါ အတတ်ပညာတွေ၊ အသိပညာတွေ တတ်သိလာကြရတယ်။ အဲဒီလိုတတ်လာသိလာတဲ့အခါ လုပ်ကိုင်ဆောင်ရွက်တတ်ပြီး လူတော်တွေဖြစ်လာကြသလို အသိပညာတွေရလာတဲ့အခါ လူကောင်းတွေဖြစ်လာကြတယ်။

အတတ်ပညာသမားတွေကလဲ လူတော်တွေဖြစ်လာပြီး လုပ်ကိုင်ဆောင်ရွက်တာနဲ့ပတ်သက်ပြီး **"ကောင်း၏၊ မကောင်း၏။" "အကျိုးရှိ၏၊ မရှိ၏။"** နားလည်လာတယ်။ လူကောင်းတွေကြတော့လဲ အကြောင်းအကျိုး၊ အကောင်းအဆိုးတွေကိုနားလည်ပြီး လူကောင်းတွေဖြစ်လာကြတယ်။

ဗဟုသုတက သင်ယူမှုကနေရရှိတဲ့ အသိပညာ၊ အတတ်ပညာတွေက နည်းနည်းသိရင် နည်းနည်းသိသလောက်၊ နည်းနည်းတတ်ရင် နည်းနည်းတတ်သလောက်၊ မိမိအတွက်ရော၊ အများအတွက်ရော ကောင်းကျိုးချမ်းသာတွေရအောင် ဆောင်ရွက်နိုင်တယ်။ ကြီးပွားတိုးတက်အောင်ဆောင်ရွက်နိုင်တယ်။

ကြီးပွားတိုးတက် အောင်မြင်ကြတဲ့သူတွေက အသိပညာ၊ အတတ်ပညာတွေ သိသွားတတ်သွားကြတာကြောင့် မိမိအကျိုးချမ်းသာကိုရော၊ သူများတွေရဲ့ အကျိုးချမ်းသာကိုရော ဆောင်ရွက်နိုင်ကြပါတယ်။

မိမိတို့ ငယ်စဉ်ကတည်းက ဘုန်းဘုန်းတို့အနေနဲ့ ပညာတတ်အောင်သင်ယူဖို့ မိမိတို့ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းဖြစ်တဲ့ မျက်စိ၊ နား၊ ပါးစပ်ကိုအလကားမထားဘဲ အသုံးပြုခဲ့ကြတယ်။ အဲဒီလိုမျိုးအားလုံးက ပညာတတ်အောင် အသိပညာတိုးအောင်ဆောင်ရွက်ကြစေချင်တယ်။

တတ်နိုင်သမျှဆောင်ရွက်ခဲ့ကြတဲ့အခါ **"ကြောင်လဲ ကြောင်အထွာ၊ ကျားလဲ ကျားအထွာ"**ပေ့ါ။ အသိပညာ၊ အတတ်ပညာတွေရှိသွားရင် လုပ်တတ်ကိုင်တတ်တဲ့ အတွက် ကောင်းကျိုးချမ်းသာကိုဆောင်ရွက်နိုင်သလို နားလည်မှုတွေရှိတဲ့အတွက် မည်သူ့ကိုမျှပြဿနာဖြစ်အောင်မလုပ်တော့ဘူး။ မိမိကိုယ်တိုင်လဲ ပြဿနာဖြစ်အောင်မနေတော့ဘူး။ ပြဿနာကင်းအောင် နေတတ်ထိုင်တတ်လာတယ်။

အဲဒီလိုအနေနဲ့ လူတိုင်းလူတိုင်းက မိမိနေထိုင်တဲ့ အိမ်၊ ရွာ၊ ရပ်ကွက်၊ မြို့၊ နိုင်ငံ၊ ကမ္ဘာစတဲ့ ပတ်ဝန်းကျင်ကို စွမ်းနိုင်သမျှ ကောင်းအောင်၊ချမ်းသာအောင်ဆောင်ရွက်ကြစေချင်တယ်။ မိမိတို့ နေထိုင်တဲ့ ဒီလူ့လောကကြီးကိုလဲ မိမိတို့ပဲကောင်းမွန်အောင်၊ ချမ်းသာအောင်၊ အကျိုးရှိအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

အဲဒီလို ဆောင်ရွက်နိုင်ဖို့အတွက်ကို အတတ်ပညာရှင်၊အသိပညာရှင်တွေကသာ လုပ်ကိုင်ဆောင်ရွက်နိုင်ကြပါတယ်။ ဒီလိုလုပ်ကိုင်နိုင်ဖို့အတွက် မျက်စိနဲ့ နားကို အသုံးချပြီး ဗဟုသုတရအောင် သင်ယူကြစေချင်တယ်။ အဲဒီလို ဆောင်ရွက်ခြင်းကို အတ္တဟိတလို့လဲခေါ်ပါတယ်၊ ပရဟိတလို့လဲခေါ်ပါတယ်။



ဘုန်းတော်ကြီးမြတ်စွာဘုရား မိန့်တော်မူတဲ့ လူသားတွေကျင့်ရမယ့်ကျင့်စဉ်တရားက ဒါပါပဲ။ ကိုယ့်အကျိုး၊ အများအကျိုးသယ်ပိုးတာက ပါရမီဖြည့်တယ်ဆိုတာပါပဲ။

ယခုနှစ်သစ်ကူးအခါသမယမှာ မိမိကောင်းကျိုး၊ အများကောင်းကျိုး၊ မိမိနိုင်ငံကောင်းကျိုး၊ တစ်ကမ္ဘာလုံးကောင်းကျိုးအတွက် ဆောင်ရွက်နိုင်အောင် အသိဉာဏ်ပညာမျိုးစုံကိုရရှိအောင် စတင်ဆောင်ရွက်ကြရင်းနဲ့ မိမိ၊သူတစ်ပါး၊အားလုံးအတွက် ကောင်းကျိုးချမ်းသာမျိုးစုံရကြရအောင် ဆောင်ရွက်နိုင်ကြတဲ့ သူတော်ကောင်းတွေဖြစ်ကြပါစေ။

# အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (အောင်ဆန်းဆရာတော်)၏ ၂၀၂၆ ခုနှစ်အတွက် နှစ်သစ်မင်္ဂလာဆုတောင်းလွှာ



ယနေ့ ကမ္ဘာသုံး ခရစ်နှစ် ၂၀၂၅ ခုနှစ်ကနေ ၂၀၂၆ ခုနှစ်သို့ နှစ်ပြောင်းသွားတဲ့နှစ်သစ် မင်္ဂလာအချိန်အခါမှာ မြန်မာနိုင်ငံရှိဆရာတော်၊ သံဃာတော်အရှင်သူမြတ်များနှင့်တကွ မြန်မာနိုင်ငံကို အုပ်ချုပ်နေသော အစိုးရမင်းများ၊ မြန်မာနိုင်ငံသူနိုင်ငံသား၊တိုင်းသူပြည်သား လူအများတို့နှင့် ကမ္ဘာသူ၊ ကမ္ဘာသား အားလုံးသော ခုနစ်ရက်သားသမီးအပေါင်းတို့ယနေ့နှစ်သစ်မင်္ဂလာအချိန်အခါမှာ

**"သုနက္ခတ္တံ သုမင်္ဂလံ**
**သုပ္ပဘာတံ သုဟုဋ္ဌိတံ**
**သုခဏော သုမုဟုတ္တောစ**
**သုယိဋ္ဌံ ဗြဟ္မစာရိသု"**

ဟူသော ပုဗ္ဗဏှသုတ္တ ဒေသနာတော်ပါဠိနှင့် လျော်ညီစွာ ယနေ့နှစ်သစ်မင်္ဂလာအချိန်အခါမှာ ကောင်းသောနက္ခတ်၊ ကောင်းသောမင်္ဂလာ၊ ကောင်းသောအချိန်အခါဖြစ်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

ကောင်းသောနက္ခတ်၊ကောင်းသောမင်္ဂလာ၊ကောင်းသောအချိန်အခါကိုယူ၍ မြန်မာနိုင်ငံသူနိုင်ငံသား၊ကမ္ဘာသူ၊ကမ္ဘာသား၊ နိုင်ငံကိုအုပ်ချုပ်နေသော အစိုးရမင်းများနှင့် တိုင်းသူပြည်သား၊ကမ္ဘာသူ၊ကမ္ဘာသားတို့ ယနေ့မှစ၍ ကောင်းစွာအိပ်စက်နိုင်ကြပါစေ၊ ကောင်းသောမိုးသောက်ခြင်းဖြင့် နိုးထနိုင်ကြပါစေ၊ နေ့စဉ်နေ့တိုင်းလဲ မသူတော်တရားတွေကင်းကြပြီး သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းတရားတွေ လက်ကိုင်ထားကျင့်သုံးနိုင်ကြပါစေ နိုးကြားနိုင်ကြပါစေဟူ၍ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

နှစ်သစ်မှစ၍ မြန်မာနှင့်တကွ ကမ္ဘာသူ၊ကမ္ဘာသားများတို့ ဗုဒ္ဓမြတ်စွာဟောကြားတော်မူတဲ့အတိုင်း ကံနဲ့ အကျိုးပေးကို ယုံကြည်ကြပါစေ၊ လက်ခံနိုင်ကြပါစေ၊ ကျင့်သုံးနိုင်ကြပါစေလို့ ဆန္ဒပြုဆုတောင်းမေတ္တာပို့သပါတယ်။

သတ္တဝါအားလုံးတိုင်းမှာ ကာယကံ၊ ဝစီကံ၊ မနောကံတွေရှိကြပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံတွေမှာ ကောင်းတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံရှိသလို ဒါတွေက ကောင်းတဲ့အကျိုးကိုပေးသလို မကောင်းတဲ့ကာယကံ၊ ဝစီကံ၊ မနောကံတွေလဲ မကောင်းတဲ့အကျိုးကိုပေးတတ်ပါတယ်။

ကံသုံးပါးတွင် ကိုယ်အမူအရာအားဖြင့် ကာယကံကောင်းတဲ့ ကိုယ်အမူအရာလုပ်ရင်ကောင်းတဲ့ကံဖြစ်ပါတယ်။ ဝစီကံကောင်းတာတွေလုပ်ရင် ကောင်းတဲ့ကံဖြစ်တယ်။ စိတ်ကလဲ ကောင်းတာတွေကြံရင် ကောင်းတာတွေဖြစ်တယ်။ တစ်ဖက်ကလဲ ကောင်းတဲ့အကျိုးတွေပေးပြီး ချမ်းသာမှုရသလို၊ မကောင်းတာတွေလုပ်ရင် မကောင်းတာတွေဖြစ်ကြပါတယ်။

ကောင်းမှုမကောင်းမှုဆိုတာက ကာယကံရှင်ပုဂ္ဂိုလ်တိုင်းပေါ်မှာမူတည်တယ်။ ဘုန်းကြီးတို့ဆန္ဒပြုဆုတောင်းတာကတော့ ကောင်းတာတွေလုပ်ရင် ကောင်းတာတွေဖြစ်ကြပါစေ၊ ကောင်းတာတွေပြောတဲ့အတွက် ကောင်းတာတွေဖြစ်ကြပါစေ၊ ကောင်းတာတွေ ကြံစည်တဲ့အတွက် ကောင်းတဲ့အကျိုးတွေပေးကြပါစေ၊ မကောင်းတဲ့ကာယကံတွေမပြုဘဲ မကောင်းကျိုးကိုပယ်ရှား၍ မကောင်းတဲ့ ဝစီကံကို မပြောမိဘဲနဲ့ မကောင်းကျိုးတွေကိုပယ်ရှား၍ မကောင်းတဲ့မနောကံတွေကို မကြံစည်မိသည့်အတွက် မကောင်းတဲ့အကျိုးကို မပေးကြပါစေနဲ့၊ မကောင်းတဲ့ကာယကံ၊ ဝစီကံ၊ မနောကံတွေကိုမကျူးလွန်နိုင်ပါစေနဲ့၊ကျူးလွန်မိရင် မကောင်းကျိုးတွေရရှိမှာဖြစ်သည့်အတွက် မကောင်းတာတွေမဖြစ်ကြပါစေနဲ့လို့ ဆုတောင်းမေတ္တာပို့သပါတယ်။ တစ်ဖက်ကလဲ ကောင်းတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေ ဆောင်ရွက်မိကြသည့်အတွက် ကောင်းကျိုးချမ်းသာတွေရရှိကြပါစေ၊ ဒါတွေက ပုဂ္ဂိုလ်တိုင်းနဲ့ဆိုင်တယ်။ လူမျိုးဘာသာနှင့်မဆိုင်၊ ပုဂ္ဂိုလ်တိုင်းနှင့်ဆိုင်သည့်အတွက် သတ္တဝါတိုင်း လူ၊ နတ်၊ ဗြဟ္မာတွေ အားလုံးမှာ ကံသုံးပါးရှိသည့်အတွက် အဲဒီကံတွေအပေါ် ကောင်းတဲ့အကျိုးချရင် ကောင်းတဲ့အကျိုးတရားတွေရပါတယ်။ နှစ်ဦးမင်္ဂလာမှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသား တိုင်းသူပြည်သားအားလုံး ကောင်းတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကြောင့် ကောင်းကျိုးတွေရကြပါစေ၊ မကောင်းတဲ့ကာယကံ၊ ဝစီကံ၊ မနောကံတွေကြောင့် မကောင်းကျိုးမဖြစ်ကြပါစေနဲ့၊ တိုင်းသူပြည်သား၊ကမ္ဘာသူ၊ကမ္ဘာသားအပေါင်းကို ဆုတောင်းမေတ္တာပို့သပါတယ်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းတရားတွေနဲ့ အမြဲမပြတ်ပျော်မွေ့ကြပါစေ၊ မသူတော်တရားတွေ ပယ်ဖျောက်ကြပါစေ၊ သူတော်ကောင်းတရားတွေ လက်ကိုင်ထားပြီး ကျင့်သုံးပွားများခြင်းဖြင့် ကောင်းတဲ့အကျိုးတရားတွေရကြပါစေ။

နိဗ္ဗာန်ဆိုတဲ့ ပန်းတိုင်ကို ဒိဋ္ဌိ ဝိစိကိစ္ဆာတွေပယ်ခွာပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးချမ်းသာတွေရရှိကြပါစေလို့ နှစ်ဦးမင်္ဂလာမှာဆုတောင်းမေတ္တာပို့သပါတယ်။ ယနေ့မြန်မာနိုင်ငံတော်ကြီးသည် ထေရဝါဒတိုင်းပြည်ဖြစ်သည့်အတွက် တရားမိုးတွေရွာသွန်းဖြိုးတဲ့ တိုင်းပြည်ဖြစ်တဲ့အတွက်ကြောင့် တစ်နိုင်ငံလုံး အစိုးရမင်းများနဲ့တကွ တိုင်းသူပြည်သားခုနစ်ရက်သားသမီးအပေါင်းတို့သည် တရားရေအေးကို သောက်ချိုးနိုင်ကြပါစေ၊ တရားတွေပွားများအားထုတ်နိုင်ကြပါစေ။

၂၀၂၅ ခုနှစ်ကနေ ၂၀၂၆ ခုနှစ်ကို နှစ်ကူးသွားတဲ့ နှစ်သစ်မင်္ဂလာအချိန်အခါမှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသား တိုင်းသူပြည်သား၊ ကမ္ဘာသူ၊ ကမ္ဘာသားအပေါင်းသည် ကောင်းတာတွေဖြစ်၍ မကောင်းတာတွေမဖြစ်ကြဘဲ ကောင်းကျိုးတွေရပြီး မကောင်းကျိုးတွေမရကြဘဲ ဒိဋ္ဌိ ဝိစိကိစ္ဆပယ်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့အကျင့်ကောင်းများကိုလဲ ကျင့်ကြံပွားများ အားထုတ်နိုင်ကြပါစေ။

ကျင့်ကြံပွားများအားထုတ်၍လဲပဲ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို လျင်မြန်စွာမျက်မှောက်ပြုနိုင်ကြပါစေ၊ နှစ်သစ်မင်္ဂလာအချိန်အခါမှာ မြန်မာနိုင်ငံတော်ရှိ တိုင်းသူပြည်သား၊ အစိုးရမင်းများနှင့်တကွ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးကို ဆုတောင်းမေတ္တာပို့သလိုက်ရပါတယ်။

# လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ဦးစီးပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တနိမလ၏ ၂၀၂၆ ခုနှစ်အတွက် နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ယနေ့ဟာ တစ်ကမ္ဘာလုံးအများသုံးဖြစ်သည့် ခရစ်နှစ် ၂၀၂၆ ခုနှစ်၏ နှစ်သစ်မင်္ဂလာအခါသမယနေ့ဖြစ်ပါသည်။ ယခု ၂၀၂၆ ခုနှစ်၏ နှစ်သစ်မင်္ဂလာအခါသမယနေ့မှစ၍ မြန်မာနိုင်ငံရှိ ရဟန်းရှင်လူပြည်သူများအပါအဝင် လူမျိုးဘာသာမရွေး၊ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ကျန်းမာ၊ ချမ်းသာ၊ ဘေးရန်ကွာ၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နှစ်သစ်ဖြစ်ပါစေဟု အထူးမေတ္တာပို့သအပ်ပါသည်။

**"ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊**
**သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။**
**န နော သမံ အတ္ထိ တထာဂတေန၊**
**ဣဒမ္ပိ ဗုဒ္ဓေရတနံ ပဏီတံ။**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။"**

ဤလူ့ပြည်၌လည်းကောင်း၊ နဂါးပြည်၊ ဂဠုန်ပြည် အစရှိသည်၌လည်းကောင်း၊ နတ်ပြည်၌လည်းကောင်း နှစ်သက်မြတ်နိုးအပ်သော အလုံးစုံသောရတနာသည် ရှိ၏။ ထိုရတနာတို့တွင် မြတ်စွာဘုရားနှင့် တူမျှသော ရတနာသည်မရှိ၊ ဤမြတ်စွာဘုရားသည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီးဖြစ်တော်မူ၏။ ဤသို့ မှန်စွာဆိုရသောသစ္စာစကားကြောင့် တစ်ကမ္ဘာလုံးချမ်းသာအေးမြစွာဖြင့် ထာဝရကမ္ဘာ့ငြိမ်းချမ်းရေး ပန်းများပွင့်လန်းဖြာဝေမွှေးကြိုင်လန်းဆန်းနိုင်ပါစေ။

**"ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊**
**သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။**
**န နော သမံ အတ္ထိ တထာဂတေန၊**
**ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။"**

ဤလူ့ပြည်၌လည်းကောင်း၊ နဂါးပြည်၊ ဂဠုန်ပြည် အစရှိသည်၌လည်းကောင်း၊ နတ်ပြည်၌လည်းကောင်း နှစ်သက်မြတ်နိုးအပ်သော အလုံးစုံသောရတနာသည် ရှိ၏။ ထိုရတနာတို့တွင် မြတ်စွာဘုရားတရားတော်နှင့် တူမျှသော ရတနာသည်မရှိ၊ ဤမြတ်စွာဘုရားတရားတော်သည်သာလျှင် လောကီရတနာအဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီးဖြစ်တော်မူ၏။ ဤသို့ မှန်စွာဆိုရသော သစ္စာစကားကြောင့် တစ်ကမ္ဘာလုံး ချမ်းသာအေးမြစွာဖြင့် ထာဝရကမ္ဘာ့ငြိမ်းချမ်းရေး ပန်းများပွင့်လန်းဖြာဝေမွှေးကြိုင်လန်းဆန်းနိုင်ပါစေ။

**"ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊**
**သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။**
**န နော သမံ အတ္ထိ တထာဂတေန၊**
**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ။**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။"**

ဤလူ့ပြည်၌လည်းကောင်း၊ နဂါးပြည်၊ ဂဠုန်ပြည် အစရှိသည်၌လည်းကောင်း၊ နတ်ပြည်၌လည်းကောင်း နှစ်သက်မြတ်နိုးအပ်သော အလုံးစုံသောရတနာသည် ရှိ၏။ထိုရတနာတို့တွင် မြတ်စွာဘုရားတပည့်သား၊ သံဃာတော်များနှင့်တူမျှသော ရတနာသည်မရှိ၊ ဤ မြတ်စွာဘုရား၏သားတော်သံဃာသည်သာလျှင်လောကီရတနာအဖြာဖြာတို့ထက်ကောင်းမြတ်သော ရတနာကြီးဖြစ်တော်မူ၏။ ဤသို့မှန်စွာဆိုရသော သစ္စာစကားကြောင့် တစ်ကမ္ဘာလုံး ချမ်းသာအေးမြစွာဖြင့် ထာဝရကမ္ဘာ့ငြိမ်းချမ်းရေးပန်းများပွင့်လန်းဖြာဝေမွှေးကြိုင်လန်းဆန်းနိုင်ပါစေဟု နှစ်သစ်ကာလ အခါသမယမှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေဟု ဆုတောင်းမေတ္တာအထူးပို့သအပ်ပါသည်။



ရှေ့ဖုံးမှအဆက်

အသက်ရှည်ခြင်းဟူသော အကျိုးတရားများကို ရရှိခံစားနိုင်ကြသဖြင့် ထိုပြဆိုအပ်ခဲ့ပြီးသော အကျိုးတရားများကို မြန်မာနိုင်ငံသူနိုင်ငံသားများနှင့်ကမ္ဘာသူကမ္ဘာသားအားလုံးတို့ နှစ်သစ်မင်္ဂလာအချိန်အခါမှစ၍ ရရှိခံစားနိုင်ကြစေရန်-

- သူတစ်ပါးအား ချမ်းသာစေလိုခြင်း မေတ္တာ၊
- သူတစ်ပါးအား သနားကြင်နာခြင်း ကရုဏာ၊
- ချမ်းသာသော သုခိတသတ္တဝါကို မြင်လျှင်ကြည်လင်သောစိတ်ဖြင့် ဝမ်းမြောက်ခြင်းမုဒိတာ၊
- အသင့်အားဖြင့်အညီအမျှ ရှုဆင်ခြင်ခြင်း ဥပေက္ခာဟူသော ဗြဟ္မစိုရ်လေးပါးမြတ်တရားကို နေ့စဉ်ပွားများလက်ကိုင်ထား၍ ဆောင်ရွက်နိုင်ကြပါစေကြောင်း မေတ္တာရေလောင်း၍ ဆုတောင်းပတ္ထနာပြုအပ်ပါသတည်း။

**❑ နိုင်ငံတော်ယာယီသမ္မတ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားမှ**

**ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေတဲ့၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မယ့်နှစ်တစ်နှစ်ဖြစ်ပြီး တိုင်းရင်းသားပြည်သူအားလုံးရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာမယ့်နှစ်လို့လဲ ယုံကြည်ပါတယ်။ ဒါ့ကြောင့် ၂၀၂၆ ခုနှစ်မှာ ကျွန်တော်တို့တစ်တွေဟာ နှစ်ဟောင်းကအတွေ့အကြုံတွေကိုသင်ခန်းစာယူပြီး နိုင်ငံနဲ့လူမျိုးကို ချစ်တဲ့စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်တွေကိုအခြေခံကာ အချင်းချင်းစည်းလုံးညီညွတ်မှု၊ နားလည်ယုံကြည်မှုများနဲ့ အောင်မြင်အောင်ကျော်လွှားသွားကြရပါမယ် . . .**

အောင်မြင်စွာဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းနိုင်ဖို့အတွက် အထွေထွေရွေးကောက်ပွဲတစ်ရပ် မဖြစ်မနေကျင်းပပေးဖို့လိုပါတယ်။

ဒါ့ကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာထားခြင်းမှ ရုပ်သိမ်းပေးနိုင်ဖို့နဲ့ပေးအပ်ထားသော နိုင်ငံ့တာဝန်များကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ ပြန်လည်အပ်နှံခဲ့ပါတယ်။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရဲ့ ဦးဆောင်မှုနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ သတ်မှတ်ချက်များအတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် အမြန်ဆုံးကျင်းပပေးဖို့ စီစဉ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲကိုလွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိတဲ့ ရွေးကောက်ပွဲဖြစ်စေဖို့အတွက် ပြည်တွင်းပြည်ပကရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေကိုလဲ ဖိတ်ခေါ်ခဲ့ပါတယ်။ မဲမသမာမှုတွေမဖြစ်ပေါ်စေဖို့အတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)တွေကို အသုံးပြုဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်စဉ်ကတည်းက နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းရမယ့်လမ်းကြောင်းကိုမျှော်မှန်းပြီး ဦးတည်ချက်တွေကို ခိုင်ခိုင်မာမာချမှတ်ကာ အကောင်အထည်ဖော် လျှောက်လှမ်းခဲ့ပါတယ်။ ဒီဦးတည်ချက်တွေ အောင်မြင်ဖို့ ပြည်သူများရဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြမှုနဲ့အတူ အခုဆိုရင် ကျွန်တော်တို့ ပြည်သူအားလုံး လိုလားတောင့်တ လျှောက်လှမ်းလိုတဲ့ ပါတီစုံဒီမိုကရေစီပန်းတိုင်ကို လှမ်းမြင်နေရပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၈ ရက်က မြို့နယ်ပေါင်း ၁၀၂ မြို့နယ်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ခဲ့တာဟာ သက်ဆိုင်ရာမြို့နယ်များမှာရှိတဲ့ ပါတီစုံဒီမိုကရေစီကိုချစ်မြတ်နိုးတဲ့ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ အင်တိုက်အားတိုက်ပူးပေါင်းပါဝင်မှုကြောင့်ဖြစ်ပါတယ်။ တက်ကြွစွာလာရောက်မဲပေးကြတဲ့ မဲဆန္ဒရှင်ပြည်သူပြည်သားအားလုံးကိုလဲ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပနေတာဖြစ်တဲ့အတွက် ကျန်ရှိတဲ့မြို့နယ်တွေက မဲဆန္ဒရှင်ပြည်သူများအနေနဲ့ မြန်မာနိုင်ငံသားတစ်ယောက်ရဲ့အခွင့်အရေးကို အပြည့်အဝအသုံးချပြီး ကျင်းပနေတဲ့ ရွေးကောက်ပွဲမှာ ပါဝင်မဲပေးကြဖို့လဲ လိုအပ်ပါတယ်။

၂၀၂၅ ခုနှစ်အတွင်းမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ ပြောင်းလဲမှုများစွာဖြစ်ပေါ်ခဲ့ပါတယ်။ မိတ်ဆွေနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးကို တိုးမြှင့်တည်ဆောက်နိုင်ခဲ့သလို ပြည်တွင်းထုတ်ကုန်တွေကို ပြည်ပဈေးကွက်ရရှိစေဖို့နဲ့ ပြည်တွင်းမှာ အဓိကလိုအပ်နေတဲ့နေရာတွေမှာ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေတိုးမြှင့်လာစေဖို့အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ရဲ့ ၁၀ နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားအပါအဝင် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုတွေကိုလဲဆောင်ရွက်နိုင်ခဲ့ပြီး ထာဝရငြိမ်းချမ်းရေးအတွက်အရေးပါတဲ့ အခြေခံအုတ်မြစ်တွေကို ချမှတ်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ အစိုးရကာလအတွင်း တွေ့ဆုံဆွေးနွေးမှုတွေကနေရရှိလာတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်းအကောင်အထည်ဖော်မယ်ဆိုတဲ့ အချက်တွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှာ ပြင်ဆင်နိုင်ရေးအတွက် အချက် ၄၃ ချက်တို့ကို သဘောတူညီခဲ့ကြပြီးဖြစ်လို့ ဖြစ်ပေါ်လာမယ့် လွှတ်တော်မှာဆွေးနွေးပြီး ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်တာဝန်ယူစဉ် ကာလတစ်လျှောက်လုံး နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ ရွေးကောက်ပွဲပြီးတဲ့ကာလမှာ ထွက်ပေါ်လာမယ့် အစိုးရကို နိုင်ငံ့တာဝန်တွေလွှဲပြောင်းပေးအပ်ပြီး ဒုတိယစာမျက်နှာကို အကောင်းဆုံးဖြစ်အောင်ထမ်းဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာပဲဖြစ်ပါတယ်။

ယခုကူးပြောင်းရောက်ရှိတဲ့ ၂၀၂၆ ခုနှစ်ဟာ ကျွန်တော်တို့ နိုင်ငံအတွက် မင်္ဂလာရှိတဲ့ နှစ်သစ်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြန်လည်တည်ဆောက်နိုင်မယ့်နှစ်လို့ ယုံကြည်ပါတယ်။ ပြည်သူတစ်ရပ်လုံးလိုလားတောင့်တနေတဲ့၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်မယ့် နှစ်တစ်နှစ်ဖြစ်ပြီး တိုင်းရင်းသားပြည်သူအားလုံးရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာမယ့်နှစ်လို့လဲယုံကြည်ပါတယ်။ ဒါ့ကြောင့် ၂၀၂၆ ခုနှစ်မှာ ကျွန်တော်တို့တစ်တွေဟာ နှစ်ဟောင်းက အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး နိုင်ငံနဲ့လူမျိုးကိုချစ်တဲ့စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်တွေကိုအခြေခံကာ အချင်းချင်းစည်းလုံးညီညွတ်မှု၊ နားလည်ယုံကြည် မှုများနဲ့ အောင်မြင်အောင်ကျော်လွှားသွားကြရပါမယ်။ ၂၀၂၆ ခုနှစ်ဟာ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးရဲ့ အောင်ပွဲဖြစ်တဲ့ ဒီမိုကရေစီပန်းတိုင်ကိုအရောက်လှမ်းပြီး နိုင်ငံအတွက် သမိုင်းကောင်းအမွေကို လက်ဆင့်ကမ်းပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ယခုလို မင်္ဂလာရှိတဲ့ နှစ်သစ်ကူးအချိန်အခါသမယကစပြီး မြန်မာနိုင်ငံသူ၊နိုင်ငံသား မိဘပြည်သူတိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်မေတ္တာစေတနာထားပြီး ပြည်ထောင်စုကြီးရဲ့ကောင်းကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ကြပါစေ၊ မှန်ကန်တဲ့ အတွေးသစ်၊ အမြင်သစ်၊ ယုံကြည်ချက်၊ခံယူချက်အသစ်တွေနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနဲ့ ထာဝရငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်ကြပါစေ၊ ပျော်ရွှင်ချမ်းမြေ့စွာနဲ့ အေးချမ်းသာယာတဲ့ဘဝများကိုပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ရပါတယ်ခင်ဗျား။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့ကအမှာစကားများ အသီးသီးပြောကြားကြသည်။ထို့နောက် အပိုင်း(၁)ရွေးကောက်ပွဲတွင် ဆောင်ရွက်ခဲ့သည့် မြို့နယ် ၁၂ မြို့နယ်၏ အားသာချက်၊ အားနည်းချက်များကို မြို့နယ်အုပ်ချုပ်ရေးမှူးများက အကြံပြုဆွေးနွေးတင်ပြပြီး အပိုင်း(၂) ရွေးကောက်ပွဲတွင် ဆောင်ရွက်မည့် မြို့နယ် ၁၇ မြို့နယ်၌ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များက အသီးသီးဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃၁**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်အဆင့်ရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊မကွေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှတာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီးမှ တိုင်းဒေသကြီး၊ခရိုင်အဆင့်ရဲတပ်ဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးအလိုက် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှတာဝန်ရှိသူများ၊တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိများနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက အပိုင်း(၁)ရွေးကောက်ပွဲတွင် ဆောင်ရွက်ခဲ့သည့် မြို့နယ်များ၏ အားသာချက်၊ အားနည်းချက်များကိုအကြံပြုဆွေးနွေး၍ဆက်လက်ကျင်းပမည့် အပိုင်း(၂)ရွေးကောက်ပွဲတွင် ဆောင်ရွက်သွားမည့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်ဩဝါဒါစရိယ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော်ကြီး၏ ၂၀၂၆ ခုနှစ် နှစ်သစ်ကူးဩဝါဒကထာ

သပ္ပုရိသအပေါင်း သူတော်ကောင်းတို့၊ တရားချစ်ခင်သူတော်စင်အပေါင်းတို့ ၂၀၂၅ ဆိုတဲ့ ကမ္ဘာသုံးနှစ် ခရစ်နှစ်တစ်ခု ကုန်သွားပြီးတော့ ယခု ၂၀၂၆ သို့ရောက်လာပြန်တယ်။ နှစ်ဟောင်းတစ်နှစ်တစ်နှစ်ကုန်လို့ နှစ်သစ်တစ်နှစ်တစ်နှစ်သို့ ပြောင်းပြောင်းသွားတယ်ဆိုရင် ဘုန်းကြီးတို့စဉ်းစားနေတာက သဘောပေါက်ကြဖို့ တစ်ခုပြောချင်တယ်။

ဘဝမှာနေဖို့ တစ်နှစ်ပြီးတစ်နှစ်နည်းသွားတယ်၊ သေမယ့်ဘက်ကို တစ်နှစ်ပြီး တစ်နှစ်နီးသွားကြပြီ၊ အဲဒီလို နှလုံးသွင်းပြီးတော့ ဘဝရဲ့အနှစ်သာရကို ရအောင်ယူ။

ဘဝသံသရာကို ယုံကြည်တဲ့ ဗုဒ္ဓဘာသာတွေအနေနဲ့ ဘဝသံသရာ၊ ဘဝသစ်တစ်ခုကို လှလှပပအေးအေးချမ်းချမ်းနေဖို့ အကျင့်ကောင်းတွေ၊ စနစ်ကောင်းတွေ၊ သူတော်ကောင်းတရားတွေ ရှာဖွေစုဆောင်းကြဖို့အတွက် အဟောင်းကိုပစ်ထားခဲ့ပြီး အသစ်ကို စနစ်ကောင်းတစ်ခုနဲ့ ရှာဖွေစုဆောင်းကြဖို့လိုမယ်ထင်တယ်။

ဒီနေ့တော့ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးတဲ့အခါသမယမှာ နေနည်းသုံးပါး ဒီစကားတစ်ခွန်းလောက်ပြောပြချင်တယ်။ ဘုန်းကြီးတို့ ပါဠိပိဋကတ်မှာ သုတ္တန်ပိဋကတ် ဒီဃနိကာယ်ကြီးတွေမှာ သုတ္တန်ကြီးတွေ မြတ်စွာဘုရားဟောတော်မူတဲ့အခါ ရာဇဂြိုဟ်ပြည် သာဝတ္ထိဇေတဝန်မှာနေတယ်၊ ကပိလဝတ်နဲ့ နိဂြောဓာရုံမှာနေတယ်၊ သတိပြုနားထောင်မိမယ်ဆိုရင် 'ဝိရဟတိ'ဆိုတာ သုတ္တန်တိုင်းရဲ့အစမှာပါတယ်။ ဝိရဟတိ ဘယ်လိုနေသလဲ၊ အိပ်နေသလား၊ ထိုင်နေသလား၊ စကားများနေသလား၊ ရန်ဖြစ်နေသလား၊ စီးပွားရေးလုပ်နေသလား၊ အဲဒါတွေ နေနည်းစနစ်ကို ဋီကာကျမ်းတွေမှာ ဖွင့်ပြတယ်၊ နေနည်းသုံးပါး၊ မြတ်စွာဘုရားက ဘယ်မှာပဲနေနေ၊ နေ့တိုင်းနေ့တိုင်းလောကကြီးကို ခြောက်ကြိမ်ကြည့်တော်မူတယ်။

နေ့သုံးကြိမ်၊ ညဥ့်သုံးကြိမ် ကမ္ဘာကြီးကို မြတ်စွာဘုရား ကြည့်တော်မူတယ်။ ဒီနေ့ ကမ္ဘာလောကကြီးမှာ ဘာတွေဖြစ်နေလဲဆိုတာ မြတ်စွာဘုရားက နေ့သုံးကြိမ်၊ ညဥ့်သုံးကြိမ် ခြောက်ကြိမ်ကြည့်ပြီး နေတော်မူတယ်။ တရားချစ်ခင်သူတော်စင်တွေ နိုင်ငံတော်ရဲ့အခြေအနေ၊ ကိုယ့်ပတ်ဝန်းကျင်ရဲ့ အခြေအနေ၊ လောကကြီးတစ်ခုလုံးရဲ့အခြေအနေ၊ ကမ္ဘာလောကကြီး တစ်ခုလုံးကြီးရဲ့အခြေအနေတွေကို မြတ်စွာဘုရားကြည့်တော်မူသလို ဘာတွေများဖြစ်နေကြပါသလဲ၊ ဒါကိုကြည့်ပြီးနေကြ။ ပတ်ဝန်းကျင်ရဲ့၊ နိုင်ငံတော်ရဲ့၊ကမ္ဘာကြီးတစ်ခုလုံးရဲ့၊ သတ္တလောကကြီးတစ်ခုလုံးရဲ့ဖြစ်နေတဲ့အခြေအနေတွေကို သေချာကြည့်ပြီး သေချာသိပြီးတော့ နေမယ်ဆိုရင် နေတတ်တဲ့နေနည်းနဲ့ နေသွားကြမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်တွေက ချမ်းသာစွာနေခြင်းကိုရတယ်။ သို့မဟုတ် ဘာနေရာက ဘာဖြစ်မှန်းမသိဘူး၊ ဘာမှလဲမသိဘူး၊ မနေတတ်မထိုင်တတ်နဲ့ နေသွားကြရင် ဆင်းရဲပင်ပန်းစွာနေကြရတတ်တယ်။ ဒါကြောင့် လောကကြီးကို တစ်နေ့နဲ့ တစ်ညဥ့် ခြောက်ကြိမ်ကြည့်လိုက်တော့ (၁)မြတ်စွာဘုရား မြင်တော်မူ



တာက သတ္တလောကကြီးတစ်ခုလုံးက ကာမနဲ့ ပင်ပန်းကြတယ်၊ ကာမဂုဏ်ငါးပါးနဲ့ လွန်ကျူးဖောက်ပြန်သောအကျင့်ကို ကျင့်သုံးပြီး ဒီလိုသာ နေနေကြရင် ဒီလောကကြီး ချမ်းသာစွာနေကြရမှာ မဟုတ်ဘူး။ တစ်ခုသောနေနည်းကို မြတ်စွာဘုရားက ဟောတယ်၊ ကာမဂုဏ်ဆိုတဲ့ကိစ္စက ယောကျ်ား၊ မိန်းမနှစ်ဦးသားခံစားတာ တစ်ခုတည်း ကာမဂုဏ် မဟုတ်ဘဲ၊စားစရာတွေလဲ ကာမဂုဏ်ပဲ၊ သောက်စရာတွေက ကာမဂုဏ်ပဲ။ နားထောင်စရာ၊ ကြည့်စရာဒါတွေလဲ ကာမဂုဏ်ပဲ၊ ဒီကနေ့ခေတ် ပိုများတယ်၊ ကာမဆိုတာ တဏှာ၊ အဲဒီအရာဝတ္ထု ငါးမျိုးက ထိတွေ့စရာလဲ ကာမဂုဏ်ပဲ၊ အဲဒီကာမဂုဏ်တရားတွေကို တဏှာနဲ့ လွန်ကျူးစွာလိုက်စားပြီး နေနေကြမယ်ဆိုရင် မြတ်စွာဘုရား ကိုယ်တော်မြတ်က ဆုံးမတော်မူတာက သမာဓိနဲ့နေကြ၊ ကာမဂုဏ်ကို ခုခံနိုင်သော၊ ကာမစိတ်ကို တွန်းလှန်နိုင်သော သမာဓိနဲ့နေ၊ နတ်စည်းစိမ်ခံစားနိုင်သလောက်ကို ချမ်းသာမယ်။

ကာမဂုဏ်ကို လွန်ကျူးစွာလိုက်စား၊ မိုက်မှားနေတဲ့ ကမ္ဘာလောကကြီးကို တွေ့လို့မြင်လို့ရှိရင် ကိုယ့်ပတ်ဝန်းကျင်ကိုကြည့်လို့ တွေ့ရင်မြင်ရင် သမာဓိသာခိုင်ခိုင်ထား၊ စိတ်ခါတ်မခိုင်ရင် ကာမဂုဏ်နောက်လိုက်ပြီးတော့ ပင်ပန်းဆင်းရဲရတတ်တယ်။ ဒါကြောင့် ကာမဂုဏ်သောင်းကျန်းတဲ့ခေတ်မှာ သမာဓိနဲ့နေ၊ နတ်စည်းစိမ်ခံစား စံစားရသလောက်ကို ချမ်းသာမယ်၊ ဒါ နေနည်းတစ်ပါးပါ။

သတ္တဝါတို့သည် အာဏာတန်ခိုးအုပ်စိုးလိုချင်တဲ့စိတ်၊ အာဏာတွေပါဝါတွေ အလွန်အကြူး လိုက်စားမိုက်မှားနေကြပြီဆိုရင် ခေတ်စကားအရပြောရင် အလွဲသုံးစားလုပ်နေကြပြီ၊ အလွန်အကြူးအာဏာကို သုံးစွဲနေကြပြီ၊ အာဏာပါဝါနောက်ကို လိုက်နေကြပြီဆိုရင် သတ္တလောကကြီး အလွန်ဆင်းရဲလိမ့်မယ်၊ အဲဒီအခါမှာ မြတ်စွာဘုရားကိုယ်တော်မြတ်က ဘယ်လိုနေရမလဲဆိုရင် အာဏာတန်ခိုးဖြစ်ဖို့ရန် အလို့ငှာ လူတွေနတ်တွေ ဖောက်ဖောက်ပြန်ပြန် ကျင့်သုံးနေကြပြီဆိုရင် ဗြဟ္မဝိဟာရနဲ့နေတဲ့။အာဏာပါဝါအတွက် အလွန်အကြူး အလွဲသုံးစားတွေဖြစ်ကုန်ပြီဆိုရင်တော့ ဗြဟ္မဝိဟာရဆိုတဲ့ မွန်မြတ်တဲ့နေခြင်းနဲ့နေ၊ အဲဒါဘာလဲဆိုရင် မေတ္တာနဲ့နေ၊ ဒေါသနဲ့ မုန်းတီးခြင်းကို ထိန်းချုပ်ပြီးနေတာကို 'ဗြဟ္မဝိဟာရ' လို့ခေါ်တယ်၊ မုန်းတီး၊ အာဃာတ ရန်ငြိုးတွေနဲ့ပယ်ပြီး ဖြေဖျောက်ပြီးနေတာကို 'ဗြဟ္မဝိဟာရ' ခေါ်တယ်၊ မေတ္တာနဲ့နေတာ ဗြဟ္မဝိဟာရ မေတ္တာဆိုတာ စိတ်ဆိုးခြင်း၊ မုန်းတီးခြင်းတွေကိုပယ်ရှားပြီး အေးအေးချမ်းချမ်းနေတာကို ဗြဟ္မဝိဟာရခေါ်တယ်၊ လောကကြီးကို တစ်နေ့ ခြောက်ကြိမ် ဘုရားကြည့်သလိုကြည့်၊ ကမ္ဘာလောကမှာ အာဏာပါဝါအတွက် ဖောက်ဖောက်ပြန်ပြန် ကျင့်သုံးတာတွေကို တွေ့ပြီဆိုရင် ဒေါသ၊ ရန်ငြိုး၊ အာဃာတ၊ မုန်းတီးခြင်းတွေကို ထိန်းချုပ်ပြီး မေတ္တာနဲ့နေကြ၊ ဒါကိုဗြဟ္မဝိဟာရခေါ်ပါတယ်။

တတိယနေနည်းက အချိန်အခါအလိုက်၊ ရဟန်းတော်တို့ရဲ့လောကဋ္ဌ ဓမ္မကိုငြင်းခုံပြီး အဓိကရုဏ်းတွေဖြစ်ပြီး ကွဲကွဲပြားပြားတွေ ဖြစ်နေကြတယ်၊မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော့ သံဃာတော်အပါး ၅၀၀ က တညီတညွတ်တည်း ပိဋကသုံးပုံမှာ တင်သွင်း အတည်ပြုပထမသင်္ဂါယနာမှာ သံဃာတော်အရှင်သူမြတ်တွေ ရာဇဂြိုဟ်မှာ အဇာတသတ်မင်းရဲ့ အထောက်အပံ့နဲ့ သင်္ဂါယနာတင်တော့ ရာဇဂြိုဟ်မှာ ဝါမဆိုရလို့ အမိန့်ထုတ်တာရှိတယ်၊ ပိဋကသုံးပုံကို အတည်ပြုမယ့်ကိစ္စ၊ ကန့်ကွက်မယ်၊ နှောင့်ယှက်မယ်၊ အလားအလာရှိတဲ့ အဓိပ္ပာယ်ဖော်ပြတဲ့ကိစ္စပေါ်လာတယ်၊ ပထမသင်္ဂါယနာထဲမှာကိုက မကောင်းတာ မှန်သမျှ အကုန်လုပ်တဲ့ ခြောက်ပါးအုပ်စု၊ မြတ်စွာဘုရားကို သတ်ဖို့ကြံစည်တဲ့ ဒေဝဒတ်အုပ်စု၊ အဲဒီ သံဃာတော်တွေရှိနေကြတယ်။ ဒါကြောင့် ရာဇဂြိုဟ်မှာ သံဃာအပါး ၅၀၀ မှ တခြားသံဃာဝါမဆိုရလို့ သတ်မှတ်လိုက်တယ်။

ဝေသာလီမှာ ဒုတိယသင်္ဂါယနာတင်ရတဲ့ အကြောင်းရင်းက ဒေဝဒတ်ရဲ့ တပည့်အုပ်စု ပိဋကသုံးပုံကိုပြင်မယ်။ အားလုံးလုပ်လာကြတယ်။ သံဃာတော် အပါး ၇၀၀ က ပထမသင်္ဂါယနာက သိက္ခာပုဒ်အငယ်စားလေး မူလအတိုင်းပဲထား၊ နုတ်ခြင်း၊ ဒုတိယသင်္ဂါယနာကျတော့ဖြုတ်ခြင်း၊ ထပ်ရေးခြင်းမလုပ်ရလို့၊ ဒုတိယသင်္ဂါယနာလဲ ပြီးရော သံဃာဂိုဏ်းက ၁၈ ဂိုဏ်း ကွဲသွားတယ်၊ တတိယသင်္ဂါယနာမှာ မူလထေရဝါဒဂိုဏ်း နှစ်ဂိုဏ်းပဲ ပါဋလိပုတ်မှာ ဝါဆိုစေ။ ဆန့်ကျင်ဘက်ဂိုဏ်းတွေ ပါဋလိပုတ်မှာ ဝါမဆိုရလို့၊ မကပ်ရလို့ နှင်ထုတ်လိုက်တယ်။

ဂိုဏ်းပေါင်း ၁၈ ဂိုဏ်းထဲက ၁၇ ဂိုဏ်းနှင်ထုတ်ခံရတယ်။ ထေရဝါဒဂိုဏ်း တစ်ဂိုဏ်းပဲ ဝါဆိုစေ၊ ၁၇ ဂိုဏ်းက မြောက်ပိုင်းကို ထွက်ပြေးသွားကြတယ်။ ဒါကြောင့် နိုင်ငံတွေအနှံ့အားလုံးပြန့်ကျဲပြီး အဲဒီသံဃာတွေရောက်သွားကြတယ်။ သာသနာနှစ် ၅၀၀ ကျော်မှာ တစ်ကမ္ဘာလုံးရဲ့အခြေအနေကိုကြည့်လိုက်၊ ဘာသာရေးစစ်ပွဲတွေက ကမ္ဘာမှာအလွန်သမိုင်းရှည်တဲ့ စစ်ပွဲကြီးတွေအများကြီးပဲ။ ဗုဒ္ဓဘာသာက အဲဒီလို ၁၈ ဂိုဏ်းလောက်ကွဲသလို၊ ခရစ်ယာန်တွေလဲကွဲတာပဲ၊ အစ္စလာမ်လဲကွဲတာပဲ ဟိန္ဒူဆိုပိုများတယ်။ အဲဒီလို ဘာသာရေးအငြင်းအခုံတွေဖြစ်လာတော့ ဓမ္မအဓိကရုဏ်းလို့ဆိုချင်တယ်။ ဘာသာရေးငြင်းခုံမှုတွေရှိလာရင် မြတ်စွာဘုရားက ဓမ္မ၊ အဓမ္မတွေ အကြောင်းပြုလို့ သံဃာတော်တွေရဲ့ လောက၊ ဘာသာရေးလောက ငြင်းကြခုံကြပြီဆိုရင် ငြင်းခုံတဲ့အထဲ မပါနဲ့ မပါအောင် ဘယ်လိုနေမလဲဆိုရင် ပညာနဲ့နေ၊ ဒီအရာသည် ဟုတ်သလား၊ ဒီဝါဒသည် မှန်သလား၊ မှားသလားဆိုတာ သိတတ်တဲ့ အသိဉာဏ်ရှိရမယ်။

အသေးစိတ်သိတဲ့ဉာဏ်ကို ပညာလို့ခေါ်တယ်၊ ဘာသာရေးငြင်းခုံမှုတွေပေါ် လာရင်တော့ အသိဉာဏ်ကြီးကြီးထားနေမှ ကောင်းမယ်၊ အသိဉာဏ်နဲ့ ပညာနဲ့နေတာကို 'အရိယ ဝိဟာရ'လို့ခေါ်တယ်၊ သူတော်ကောင်းတို့ရဲ့ နေနည်းထိုင်နည်းနဲ့နေ။

ဒီကနေ့ နှစ်သစ်မှာ နေနည်းသုံးပါး၊ ကာမဂုဏ်သောင်းကျန်းတဲ့ခေတ်မှာ သမာဓိခိုင်ခိုင်ထားနေ၊ အာဏာပါဝါအတွက် အလွန်အကြူးကျင့်သုံးကုန်ကြပြီဆိုရင်၊ အာဏာတန်ခိုးအစိုးရဖို့ လွန်လွန်ကဲကဲကျင့်သုံးကုန်ကြပြီဆိုရင် မေတ္တာနဲ့နေကြ၊ဘာသာရေးငြင်းခုံမှုတွေများလာရင် အသိဉာဏ်ရှိမှ ငြင်းခုံပွဲထဲမပါဘဲဖြစ်မယ်၊ အသိပညာနဲ့ ဆင်ခြင်သုံးသပ်၍နေကြ။

တရားချစ်ခင်သူတော်စင်အပေါင်းတို့ မြတ်စွာဘုရားက ကမ္ဘာလောကကို တစ်နေ့ ခြောက်ကြိမ်ကြည့်သလို မျက်စိ၊ နားဖွင့်ပြီး နားလဲစွင့်၊ မျက်စိလဲဖွင့် ကမ္ဘာကြီးရဲ့ အခြေအနေတွေကို မျက်စိနဲ့ ကြည့်၊ နားနဲ့နားထောင်ပြီးမှ နေတတ်အောင်နေကြ၊ ကာမဂုဏ်သောင်းကျန်းတဲ့ခေတ်မှာ သမာဓိနဲ့နေ၊ အာဏာပါဝါတွေအလွန်အကြူးတွေ ဖြစ်ကုန်ကြပြီဆိုရင်တော့ မေတ္တာနဲ့နေ၊ မုန်းတီးခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ခိုက်ရန်ပွားခြင်းတွေပယ်တာက မေတ္တာ။

မုန်းတီးမှုမှန်သမျှ၊ စိတ်ဆိုးမှုမှန်သမျှကို အကုန်ပယ်ရှားပြီးတော့နေတာက 'ဗြဟ္မ ဝိဟာရ' ခေါ်ပါတယ်၊ ဘာသာရေးငြင်းခုံမှုတွေကလဲ ဘာသာတရားတိုင်းမှာရှိတယ်။

ဓမ္မနဲ့ အဓမ္မ ငြင်းကြခုံကြပြီဆိုရင် အသိဉာဏ်၊ ပညာကြီးကြီးနဲ့နေမှ ငြင်းခုံပွဲက လွတ်မြောက်မယ်၊ ငြင်းခုံပွဲကလွတ်ပြီး ချမ်းသာစွာနေရမယ်၊ အဲဒီနေနည်းသုံးပါးကို မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။ ဒါကြောင့် ဒီကနေ့ နှစ်ဟောင်းက ကုန်လာခဲ့ပြီ၊ မှားယွင်းတာတွေရှိရင် ပြန်ပြင်ဖို့မရတော့ဘူး။ အနာဂတ်နှစ်သစ်မှာ အားလုံး ချမ်းသာစွာနေတတ်ဖို့ (၁)သမာဓိထူထောင်ရမယ်၊ (၂) မေတ္တာ၊ ကရုဏာတရားလက်ကိုင်ထားရမယ်၊ (၃)အသိဉာဏ်ပညာလက်ကိုင်ထားရမယ်၊ ဒီတရားသုံးပါးလက်ကိုင်ထားပြီး နေတတ်ရင် အားလုံးချမ်းသာကြမှာဖြစ်ပါတယ်။

မြတ်စွာဘုရား ဘယ်မှာပဲနေနေ၊ တစ်နေ့ ခြောက်ကြိမ်ကြည့်ပြီးတော့ ချမ်းသာစွာနေသွားသလို၊ အားလုံးနေနိုင်ကြပါစေလို့ အားလုံးချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေလို့ မေတ္တာပို့ရင်းနဲ့ နှစ်ဟောင်းကုန်လို့နှစ်သစ်ကူးတဲ့ ဒီကနေ မေတ္တာနဲ့ နှုတ်ဆက်ပါတယ်။

**သီတဂူစန်းလပမာ ချမ်းမြသာယာရှိတော်မူကြပါစေ။**


## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

# ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနား-မန်ခိန်လမ်း ကတ္တရာကွန်ကရစ်(AC)လမ်းသစ်ဖွင့်ပွဲ ကျင်းပ



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက မြစ်ကြီးနား မန်ခိန်လမ်း ကတ္တရာကွန်ကရစ်(AC) လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃၁**

၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနား-မန်ခိန်လမ်း ကတ္တရာကွန်ကရစ်(AC) လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက လမ်းတည်ဆောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက လမ်းသစ်ဖွင့်လှစ်ပေးခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မြစ်ကြီးနား-မန်ခိန်လမ်း ကတ္တရာကွန်ကရစ်(AC)လမ်းသစ်မှာ ၄၈ ပေအကျယ် တစ်မိုင် တစ်ဖာလုံ၊ ပေ ၄၀ အကျယ် နှစ်မိုင် နှစ်ဖာလုံ၊ ၂၄ ပေအကျယ် နှစ်မိုင် ငါးဖာလုံဖြင့် အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း အရှည် ခြောက်မိုင်ရှည်လျားကြောင်း သတင်းရရှိသည်။

(ဉာဏ)

# ပုသိမ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၃၁**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ချီးမြှင့်ငွေနှင့်အာဟာရဖြစ်ဖွယ် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ဉာဏ)



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများ ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ် ၁၀၂ မြို့နယ်၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ လုပ်ဆောင်ချက်များအပေါ် ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံရေးပါတီများ၊ သတင်းမီဒီယာများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကလည်း သက်ဆိုင်ရာမဲရုံများသို့ သွားရောက်၍ စောင့်ကြည့်လေ့လာမှုများ ဆောင်ရွက်ခဲ့ကြပြီး လုပ်ငန်းစဉ်များ အားလုံးတွင် ပြီးပြည့်စုံမှုရှိပြီး တာဝန်ခံမှု အပြည့်အဝဖြင့် အောင်မြင်အောင်လုပ်ဆောင်နိုင်ခဲ့သည်ဟု မှတ်ချက်များပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဆက်လက်ဆောင်ရွက်ရန်ရှိသည့် ပြည်သူလူထုက လိုလားတောင့်တလျက်ရှိသော လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂)နှင့် အပိုင်း (၃) တို့ကိုလည်း အောင်မြင်စွာ ကျင်းပပြီးဆုံးသည်ထိ အစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းပါဝင်၍ ကဏ္ဍအသီးသီးမှ ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ၊ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု တားဆီးကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးအပါအဝင် ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြုသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်ခဲ့သည့်အတွက် တစ်နှစ်ထက် တစ်နှစ် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း။

**"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောများ ထိန်းသိမ်းခြင်း၊ လေကာတန်းများစိုက်ပျိုးခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးနည်းစနစ်များကျင့်သုံးခြင်း၊ ရေအရင်းအမြစ်များ စနစ်တကျစီမံခြင်း စသည့်နည်းလမ်းကိုလည်း ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်သည် ပွင့်လင်းခြောက်သွေ့သည့် ရာသီဖြစ်သည့်အတွက် မီးဘေးအန္တရာယ်မဖြစ်ပွားအောင် ဂရုပြုကြရန်လိုကြောင်း၊ မီးလောင်ကျွမ်းမှုအများစုသည် ပေါ့ဆမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်သဖြင့် မီးအသုံးပြုမှု စနစ်တကျရှိရန်လိုအပ်ကြောင်း၊ လျှပ်စစ်မီးအသုံးပြုရာတွင် ဝိုင်ယာရှော့ခ်ဖြစ်ပွားခြင်းကဲ့သို့ ပေါ့ဆမှုကြောင့် မီးလောင်မှုများပြားသည်ကိုတွေ့ရသည့်အတွက် အသိပညာပေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

**"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဟူသောဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်းရှိ လူငယ်များအားလုံး ပညာသင်ကြားနိုင်ရေးကို စီမံဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အခမဲ့ပညာရေးစနစ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြောင်း၊ လာမည့် ဖေဖော်ဝါရီလတွင် အခြေခံပညာမူလတန်းအဆင့် ပြီးမြောက်မှုစစ်ဆေးခြင်း Grade-5၊ အလယ်တန်းအဆင့် ပြီးမြောက်မှုစစ်ဆေးခြင်း Grade-9 စာမေးပွဲများနှင့် ကျန်ရှိသည့် အခြေခံပညာ အတန်းများအတွက် ကျောင်းတွင်းစစ် နှစ်ဆုံးစာမေးပွဲများ ဖြေဆိုကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ကျောင်းသူများ အောင်မြင်စွာ ရာနှုန်းပြည့် ဖြေဆိုနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲအနေဖြင့် **"ဆေးရုံတိုင်း ဆရာဝန်ရှိစေရမည်"** ဟူသည့် မူဝါဒကို ချမှတ်ပေးထားကာ နိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် ကျန်းမာရေးဝန်ထမ်းများ နှစ်စဉ် ဖြည့်ဆည်းခန့်ထားပေးလျက်ရှိပြီး ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ရောဂါဖြစ်ပွားလာပါကလည်း အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် နေရာများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း။

ဘဏ္ဍာရေးနှင့်စပ်လျဉ်း၍ ဘဏ္ဍာနှစ်အလိုက် လျာထားခွင့်ပြုထားသည့် ဘဏ္ဍာငွေများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများကိုလည်း သတ်မှတ်ထားသည့် ဘဏ္ဍာနှစ်မကုန်မီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသားစာရင်းအင်းစနစ် ခိုင်မာအားကောင်းရေးသည် အထူးလိုအပ်ကြောင်း၊ စာရင်းဇယားများ မှန်ကန်တိကျမှုရှိစေရေး ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်ပြသည့် စာရင်းဇယားအချက်အလက်များသည် မြေပြင်အခြေအနေနှင့် အနီးစပ်ဆုံး မှန်ကန်မှုရှိမှသာလျှင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို သုံးသပ်သိရှိနိုင်မည် ဖြစ်သကဲ့သို့ သုံးသပ်မှုမှန်ကန်မှသာလျှင် မှန်ကန်သည့်ဆုံးဖြတ်ချက်များနှင့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက အမှာစာများကို ရှင်းလင်းဖတ်ကြားကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(ဉာဏ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို**

**ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**

**(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၇ /၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေတွင်ပါရှိသော "ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန"ဆိုသည့်စကားရပ်ကို "ကျန်းမာရေးဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁)နှင့် ပုဒ်မ ၁၆ ပုဒ်မခွဲ(က)တို့တွင်ပါရှိသော "ကိုကားပင်"ဆိုသည့်စကားရပ်ကို "ကိုကပင် (Coca)"ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)၏ နောက်တွင် ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) **ထောင်ဒဏ်တစ်သက်**ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူကို အကျဉ်းထောင်၌ သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့်ထောင်ဒဏ်ကို ဆိုသည်။"

၅။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) ဆေးဝါးသုံးစွဲသူများကို ပြန်လည်ထူထောင်ပေးရေးနှင့်စပ်လျဉ်း၍ စီမံချက်များချမှတ်ပြီး စည်းရုံးလှုံ့ဆော်ခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ သင့်လျော်သော ကူညီထောက်ပံ့မှုများပေးခြင်း၊ ကောင်းမွန်သောလူနေမှုဘဝသို့ ပြန်လည်ရောက်ရှိစေရန် ပြန်လည်ထူထောင်ရေး သင်တန်းများဖွင့်လှစ်၍ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာပြုစုပျိုးထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊"

၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ဍ)၏ နောက်တွင် ပုဒ်မခွဲ(ဎ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဎ) အခြားလိုအပ်သော လုပ်ငန်းအဖွဲ့များ။"

၇။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(ခ)၊ (ဆ)နှင့် (ဇ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( ခ ) ဆေးဝါးသုံးစွဲသူကို ဆေးကုသပေးရေးနှင့် ဆေးကုသမှုပြီးဆုံးပါက သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်းသို့ လွှဲပြောင်းပေးပို့ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော အစီအစဉ်များချမှတ်ဆောင်ရွက်ရမည်။

(ဆ) တရားရုံးသည် ဆေးဝါးသုံးစွဲသူက ပုဒ်မခွဲ(စ)အရ ချမှတ်သော အမိန့်နှင့်အညီ ခံဝန်ချုပ်ချုပ်ဆိုခြင်းမပြုလျှင်ဖြစ်စေ၊ ချမှတ်သောခံဝန်ချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ ဆေးကုသမှုခံယူရေးနှင့် ပြုစုပျိုးထောင်ရေးတို့အတွက် ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသော သက်ဆိုင်ရာပြန်လည်ထူထောင်ရေးစခန်းသို့ သုံးလပို့အပ်သည့် အမိန့်ချမှတ်ရမည်။

( ဇ ) ကျန်းမာရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ရောက်ရှိသော ဆေးဝါးသုံးစွဲသူကို ပြန်လည်ထူထောင်ရေးကာလအတွင်း လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုအတွက် တာဝန်ယူကုသပေးရမည်။"

၈။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၁ ခြေဆင်းတွင် ပါရှိသော "ဆေးဝါးသုံးစွဲသူများ"ဆိုသည့်စကားရပ်ကို "မူးယစ်ဆေးဖြတ်ပြီး ပြန်လည်ထူထောင်မှုခံယူရမည့်သူများ"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပြစ်မှုနှင့်သက်ဆိုင်သည့် မူးယစ်ဆေးဝါး၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါး၊ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ထုတ်လုပ်ရာ၌ အသုံးပြုသည့် ပစ္စည်းဖြစ်သည်ဟု ကြေညာထားသည့် ဓာတုပစ္စည်းများ၊ငွေကြေး၊ပစ္စည်း၊ကိရိယာများကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးခြင်း၊"

၁၀။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၁၇-က တို့တွင်ပါရှိသော "ဆက်သွယ်ရေးလုပ်ငန်းများ" ဆိုသည့် စကားရပ်အစား "အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ပုဂ္ဂလိကလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်း"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၄-က ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၄-က။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရ ပြစ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်မှတ်တမ်းများနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့က ထုတ်ဆင့်သည့် အမိန့်ရရှိလျှင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများမှ တာဝန်ရှိသူသည် ပြစ်မှုနှင့်သက်ဆိုင်သော မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် မိတ္တူကူးယူခြင်းတို့ကို ခွင့်ပြုရမည်။"

၁၂။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၅။ ဆေးဝါးသုံးစွဲသူသည် ပုဒ်မ ၉ ပုဒ်မခွဲ(ဆ)အရ ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသော ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသည့်ကာလအတွင်း သက်ဆိုင်ရာပြန်လည်ထူထောင်ရေးစခန်းက ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဖောက်ဖျက်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် လူမှုအကျိုးပြုလုပ်ငန်းများဖြစ်သည့် သစ်ပင်ပန်းမန်စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လမ်းတံတားများ ပြုပြင်ခြင်း၊ လူမှုရေးအဖွဲ့များနှင့်ပူးပေါင်း၍ အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို ကြီးကြပ်သူရှေ့မှောက်၌ နှိမ့်ချခြင်း၊ ခွဲခြားဆက်ဆံခြင်းသဘော မသက်ရောက်သည့်သတ်မှတ်ထားသောဝတ်စုံကိုဝတ်ဆင်လျက် တစ်ရက်လျှင် တစ်နာရီဖြင့် အနည်းဆုံး ၄၅ နာရီမှ အများဆုံးနာရီ ၉၀ ထိ ကိုယ်တိုင်လုပ်အားဖြင့် အခမဲ့လုပ်ကိုင်ဆောင်ရွက်ရမည်။"

၁၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ ခြေဆင်းနှင့် ပုဒ်မ ၂၀ ခြေဆင်းတို့တွင်ပါရှိသော "နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်"ဆိုသည့်စကားရပ်ကို "ထောင်ဒဏ်တစ်သက်"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော "အသက် ၁၆ နှစ်"ဆိုသည့်စကားရပ်ကို "အသက် ၁၈ နှစ်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၄ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပုဒ်မ ၁၆ မှ ပုဒ်မ ၂၁ ထိ ပြဋ္ဌာန်းထားသော ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် ပြစ်မှုနှင့်သက်ဆိုင်သည့် မူးယစ်ဆေးဝါး၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါး၊ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ထုတ်လုပ်ရာ၌ အသုံးပြုသည့် ပစ္စည်းဖြစ်သည်ဟု ကြေညာထားသည့် ဓာတုပစ္စည်းများ၊ ငွေကြေး၊ ကိရိယာ၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ ယာဉ်၊ တိရစ္ဆာန်ကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုသည့်အမိန့် ချမှတ်ရမည်၊"

၁၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၆။ မည်သူမဆို အောက်ဖော်ပြပါ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို ယင်းနှင့် ယှဉ်တွဲဖော်ပြထားသော အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက်ဖြစ်စေ၊ ယင်းသတ်မှတ်ချက်ထက်ပို၍ဖြစ်စေ လက်ဝယ်ထားလျှင် ရောင်းချရန်အလို့ငှာ လက်ဝယ်ထားသည်ဟုလည်းကောင်း၊သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းဖြစ်လျှင် ရောင်းချရန်အလို့ငှာ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းဖြစ်သည်ဟုလည်းကောင်း မှတ်ယူရမည်-

(က) ဘိန်းဖြူ(ဟယ်ရိုးအင်း)ဖြစ်ပါက သုံးဂရမ်၊

( ခ ) မော်ဖင်းဖြစ်ပါက သုံးဂရမ်၊

( ဂ ) မက်အင်ဖ်ဖီတမင်း (METAMFETAMINE)ဖြစ်ပါက သုံးဂရမ်၊

(ဃ) ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဂ)တို့ပါ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး နှစ်မျိုး သို့မဟုတ် သုံးမျိုးပေါင်း သုံးဂရမ်၊

( င ) ဘိန်းမည်း သို့မဟုတ် ပြုပြင်ထားသော ဘိန်း သို့မဟုတ် ယင်းနှစ်ခုပေါင်းဖြစ်ပါက တစ်ရာဂရမ်၊

( စ ) ဘိန်းစာရွက်အခြောက် သို့မဟုတ် ဘိန်းစာမှုန့်ဖြစ်ပါက ၁ ဒသမ ၅ ကီလိုဂရမ်၊ ဘိန်းစာရွက်အစိုဖြစ်ပါက ၆ ကီလိုဂရမ်၊

(ဆ) ဆေးခြောက် သို့မဟုတ် ဆေးခြောက်အဆီ သို့မဟုတ် ယင်းနှစ်ခုပေါင်းဖြစ်ပါက တစ်ရာဂရမ်၊

( ဇ ) ကိုက(Coca)ရွက်ဖြစ်ပါက တစ်ရာဂရမ်၊

( ဈ ) ကိုကင်းဖြစ်ပါက သုံးဂရမ်၊

(ည) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)နှင့် (ဈ)တို့တွင် ပါရှိသော ဆေးဝါးများနှင့် ကျန်းမာရေးဝန်ကြီးဌာနက ရောင်းချရန်အလို့ငှာမှတ်ယူနိုင်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်၍ အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက် သတ်မှတ်ထားသော မူးယစ်ဆေးဝါးများ သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများမှတစ်ပါး ကျန်မူးယစ်ဆေးဝါးများ သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဖြစ်ပါက သုံးဂရမ်၊

( ဋ ) ကျန်းမာရေးဝန်ကြီးဌာနက ရောင်းချရန်အလို့ငှာ မှတ်ယူနိုင်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်၍ အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက်သတ်မှတ်ထားသော မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးပါ အရည်များမှတစ်ပါး ကျန်မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးပါ အရည်များဖြစ်ပါက တစ်ရာမီလီလီတာ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) **မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ယာယီသမ္မတ**

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)နှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)တို့မှ ၂၀၂၆ ခုနှစ် နှစ်သစ်မင်္ဂလာ ဆုတောင်းစကားသံများ
















**ဦးရဲထွန်း**

**ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) YMBA**

ခရစ်သက္ကရာဇ် ၂၀၂၅ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၆ ခုနှစ်သို့ ကူးပြောင်းတဲ့အခါ သမယမှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသား အားလုံး၊ ရဟန်းရှင်လူ ပြည်သူ၊ ပြည်သား များအားလုံး၊ ကမ္ဘာသူ၊ ကမ္ဘာသားများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ် ခင်ဗျာ။ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရဲ့ ဦးတည်ချက်လေးရပ် အောင်မြင်ရေးနဲ့ ကျင်းပလျက်ရှိတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြဖို့ အလေးအနက် တိုက်တွန်းလိုပါတယ်။

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးမှ ပေါ်ပေါက်လာတဲ့ အစိုးရသစ်နဲ့အတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ကြီးကို နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှုအားဖြင့် ပူးပေါင်း ဆောင်ရွက်သွားကြဖို့လဲ မေတ္တာရပ်ခံ အပ်ပါတယ်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသား၊ မိဘပြည်သူ ညီအစ်ကို မောင်နှမများအားလုံး တစ်ဦး အပေါ် တစ်ဦး အပြန်အလှန်မေတ္တာထား ပြီး နိုင်ငံနှင့်လူမျိုး ကောင်းကျိုးကို သယ်ပိုး ဆောင်ရွက်နိုင်သူများ ဖြစ်ကြပါစေ ကြောင်း နှစ်သစ်ကူးဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျာ။

**ဦးဝဏ္ဏ**

**ဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ. . . .

ယနေ့ဟာ ခရစ်သက္ကရာဇ် ၂၀၂၅ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၆ ခုနှစ်ကာလသို့ ရောက်ရှိလာသော အခါသမယလဲဖြစ်ပါတယ်။ ယနေ့ ၂၀၂၆ ခုနှစ် နှစ်ဆန်း ဇန်နဝါရီ ၁ ရက်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ နိုင်ငံသူ၊ နိုင်ငံသားများနှင့်တကွ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံလျက် အေးချမ်းသာယာပြီး ပြီးပြည့်စုံသော လူ့ဘောင်ဘဝကြီးကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွင်း အမုန်းစကား၊ အမုန်းတရားများ ပယ်ပျောက်၍ ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ကြပြီး နိုင်ငံတော်အေးချမ်း သာယာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်နိုင်ကြပါစေရန်လဲ မေတ္တာပို့ဆုတောင်းအပ်ပါတယ်။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ် ရေးအဖွဲ့ကြီး၏ ဆောင်ပုဒ်ဖြစ်တဲ့ **"ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး မှသည် ငြိမ်းချမ်းရေးဆီသို့"** ဆိုသည့် အလျောက် ဘာသာမတူ၊ လူမျိုးမတူ၊ ယုံကြည်ချက် မတူညီကြသော်လည်း အမိမြန်မာနိုင်ငံတော်အတွင်း အတူတကွ မှီတင်းနေထိုင်ကြခြင်း ဖြစ်တဲ့အတွက် မေတ္တာတရားရှေ့ထားကာ အဖွဲ့အစည်း အချင်းချင်း၊ လူမျိုးအချင်းချင်း၊ တိုင်းရင်း သားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် အမိနိုင်ငံတော်၏အကျိုး၊ အမိနိုင်ငံတော် ၏အရေးကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက် ကြပါစို့၊ ငြိမ်းချမ်းရေးလမ်းကို အတူတကွ လျှောက်လှမ်းကြပါစို့လို့ တိုက်တွန်းရင်း မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေ ကြောင်း ထပ်လောင်းဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျာ။

**ဦးအောင်ဇော်ဝင်း (အစ္စလာမ်ဘာသာ)**

**ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ...

၂၀၂၅ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၆ ခုနှစ် နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသား၊ ကမ္ဘာသူ၊ ကမ္ဘာသား အားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး လိုအင်ဆန္ဒ အလုံးစုံပြည့်ဝပါစေကြောင်း အစ္စလာမ် ဘာသာဝင်များကိုယ်စား ကျွန်တော် ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်းက ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးမှာ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုး ပေါင်းစုံ၊ ဘာသာပေါင်းစုံ စုပေါင်းနေထိုင် ကြပြီး ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ အပြင် နတ်ကိုးကွယ်မှုများလဲရှိပြီး တစ်ဦး၏ ဘာသာအယူဝါဒကို တစ်ဦးက အပြန်အလှန်လေးစားကြ၍ တစ်ဦးနဲ့ တစ်ဦး မေတ္တာတရားရှေ့ထားပြီး ချစ်ချစ် ခင်ခင် အေးချမ်းစွာနေထိုင်လာတဲ့ မြန်မာ နိုင်ငံကြီးဖြစ်ပါတယ်။

ကျွန်တော်တို့ အစ္စလာမ်ဘာသာဝင် များအနေဖြင့်လဲ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးနဲ့ ပူးပေါင်း လက်တွဲကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးနဲ့ နိုင်ငံတော်ငြိမ်းချမ်းသာယာရေး အတွက် ကျရာအခန်းကဏ္ဍက တတ်စွမ်း သမျှ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

အခုလို နှစ်ဟောင်းကုန်လို့ နှစ်သစ် ကူးအခါသမယမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့ကြီးအနေနဲ့ အမိမြန်မာ နိုင်ငံတော်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံး အန္တရာယ် အပေါင်းမှ ကင်းဝေးပြီး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ မိသားစုအကျိုး၊ နိုင်ငံအကျိုး၊ ဘာသာသာသနာအကျိုးကို ရွက်သယ်ပိုးနိုင်ကြပါစေ၊ ကိုးကွယ်ရာ ဘာသာကြီးလေးရပ်၏ တူညီသော သစ္စာ တရား၊ မေတ္တာတရားများဖြင့် ကြိုဆို ကြပါလို့ နှစ်သစ်ကူးဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျာ။

**ဒေါက်တာတူးတူး(ခရစ်ယာန်ဘာသာ)**

**ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ. . . .

ယနေ့ဟာ ၂၀၂၅ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၆ ခုနှစ်ကို ရောက်ရှိလာတဲ့ နှစ်သစ်ကူး အခါသမယနေ့ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ မြန်မာ နိုင်ငံသူ၊ မြန်မာနိုင်ငံသားများအားလုံး ပျော်ရွှင်စရာ မင်္ဂလာနှစ်သစ်ဖြစ်ပါစေလို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တူးတူးက ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်း မှီတင်းနေထိုင်ကြသူတိုင်းရဲ့ လူမှုရေး၊ စီးပွားရေး၊ ဘဝလုံခြုံရေး ပြည့်စုံ စေရန်အတွက် အလိုအပ်ဆုံးဖြစ်တဲ့ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင်လဲ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးနဲ့ အတူ လက်တွဲကာ ပူးပေါင်းပါဝင်ဆောင်ရွက် လျက်ရှိပါတယ်ခင်ဗျာ။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးဟာ လူမျိုး မတူ၊ ဘာသာမတူ၊ အယူအဆမတူကြသူ တွေ မေတ္တာတရားကို အခြေခံထားကာ အမိမြန်မာနိုင်ငံတော်ကြီးရဲ့ အလံတော် အောက်မှာ တစ်မြေတည်းနေ တစ်ရေ တည်းသောက်ပြီး အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် မိဘပြည်သူများ ကလဲ အမိမြန်မာနိုင်ငံတော်ကြီးအတွင်း အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရေး အတွက် ကျွန်တော်တို့အဖွဲ့ကြီးနဲ့အတူ ပူးပေါင်းပါဝင်ကြပါစို့လို့ တိုက်တွန်း နှိုးဆော်လိုက်ပါတယ်။

ယခုလို နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာ ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်တည်ထောင်ရေးအတွက် မြန်မာ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ဝိုင်းဝန်း ကူညီသယ်ပိုးထမ်းဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

အားလုံးနှစ်သစ်မှာ လိုအင်ဆန္ဒ ပြည့်ဝကြပါစေ။

**ဦးဇော်ဇော်နိုင် (ဟိန္ဒူဘာသာ)**

**ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို)**

၂၀၂၅ ခုနှစ် ကုန်ဆုံး၍ ၂၀၂၆ ခုနှစ် မင်္ဂလာနှစ်သစ်မှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသား၊ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ကျန်းမာသုခပြည့်စုံပြီး လိုရာဆန္ဒ အစစ အရာရာအဆင်ပြေကြပါစေလို့ ဆုတောင်း မေတ္တာပို့သပါတယ်၊ ဂေါတမမြတ်စွာ ဘုရားရဲ့ မေတ္တာကြောင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာပါစေ၊ မဟာပိန္နဲဘုရားရဲ့ မေတ္တာကြောင့် ပြည်တွင်း၊ ပြည်ပရန်များ ကင်းရှင်းပြီး ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော် ကြီးဖြစ်ပါစေ၊ မိမိတို့နိုင်ငံမှာ လိုအပ်ချက် နှစ်ခုပဲရှိပါတယ်၊ တစ်ခုကတော့ မေတ္တာ များများထားပေးဖို့နဲ့ နောက်တစ်ခုက အလုပ်များများလုပ်ပေးဖို့လိုပါတယ်။

၂၀၂၆ ခုနှစ် နှစ်သစ်ကစပြီး နိုင်ငံ အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်း သားညီအစ်ကိုမောင်နှမများ၊ မြန်မာနိုင်ငံ သူ၊ နိုင်ငံသားများ၊ ကမ္ဘာသူ၊ ကမ္ဘာသား အားလုံး ရေလိုအေးချမ်းပြီး ပဒုမ္မာရွှေကြာ ပန်းလို မွှေးကြိုင်ကြပါစေ၊ အစစအရာရာ လိုရာဆန္ဒတွေ ပြည့်ဝအဆင်ပြေကြပါစေ လို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

## အသိပေးနှိုးဆော်ချက်

၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၆ ရက် နံနက် ၄ နာရီတွင် အစမ်းလေ့ကျင့်ခြင်း၊ ၄-၁-၂၀၂၆ ရက် နံနက် ၄ နာရီတွင် အလံတင်အခမ်းအနား၊ နံနက် ၇ နာရီတွင် နိုင်ငံတော်အလံအလေးပြုခြင်းအခမ်းအနားနှင့် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်ထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသော ယာဉ်များသည် မြေနီကုန်းတံတားအောက် ရှင်စောပုလမ်းသို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော် အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**




# စာပေပညာရှင်များ၏ ၂၀၂၆ ခုနှစ် နှစ်သစ်မင်္ဂလာ ဆုတောင်းစကားသံများ


ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ)


စာရေးဆရာမောင်ဆွေသက်


ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)


ဒေါက်တာတင်ထွန်းဦး

**ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ)**

မြန်မာ့နှစ်သစ်ကူးက တန်ခူးလဖြစ်ပြီး အခုနှစ်သစ်ကူးကတော့ ကမ္ဘာ့နှစ်သစ်ကူးပဲဖြစ်ပါတယ်။ နှစ်သစ်ကူးတယ်ဆိုတာ အဟောင်းတွေထားခဲ့ပြီး သစ်လွင်မှုကို တက်လှမ်းတာဖြစ်ပါတယ်။ နှစ်သစ်အခါမှာ နိုင်ငံတော်က အသစ်ကိုတက်လှမ်းဖို့ ဒီမိုကရေစီစနစ်ကို သေသေချာချာ အကောင်အထည်ဖော်တဲ့ ရွေးကောက်ပွဲကြီးကို ကျင်းပနေပါပြီ။ ပြည်သူတွေကိုယ်တိုင်သူတို့အသိနဲ့ တက်တက်ကြွကြွ ပါဝင်ပြီး တိုင်းပြည်အတွက် ဒီမိုကရေစီနည်းကျတဲ့ ကိုယ်စားလှယ်တွေရရှိဖို့အတွက် မဲပေးကြတာပါ။ ဘယ်သူတွေ ဘယ်လိုပြောနေနေ ပြည်သူအများစုကတော့ အမှန်အတိုင်း မြင်နေကြပါပြီ။ ဘယ်သူဟာအပြု၊ ဘယ်သူဟာအဖျက်ဆိုတာ အမှန်အတိုင်းသိလာပြီဖြစ်တဲ့အတွက် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တစ်နည်းပြောရရင် ပြည်သူတွေကိုယ်တိုင် အကောင်အထည်ဖော် ရွေးချယ်တဲ့ ပြည်သူ့ဒီမိုကရေစီအစိုးရ တက်လာပြီး တိုင်းပြည်ကို မြှင့်တင်ပေးသွားပါလိမ့်မယ်။

မြန်မာနိုင်ငံဟာ ရေ၊ မြေပေါတယ်။ ရေအောက်၊ မြေအောက်မှာလဲ ဓာတ်သတ္တုမျိုးစုံရှိတယ်။ ကမ္ဘာမှာ ရောင်းဝယ်နေကြတဲ့ ကျောက်စိမ်း ၉၀ ရာခိုင်နှုန်းဟာ မြန်မာ့ကျောက်စိမ်းပါပဲ။ မြန်မာ့ပုလဲကို တခြားနိုင်ငံတွေ ဘာလို့မမီကြလဲဆိုရင် မြန်မာနိုင်ငံဟာ ရေခံမြေခံကောင်းလို့ပါ။ ရတနာတွေရှိပြီး ညီညွတ်ငြိမ်းချမ်းရေး လိုနေတဲ့အတွက် အာရှတိုက်ရဲ့ ကျားတစ်ကောင် မဖြစ်လာသေးတာပါ။ စီးပွားရေးဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဟာ အာရှတိုက်ရဲ့ ကျားပဲ။ ကျွန်တော်တို့သာ ညီညွတ်ငြိမ်းချမ်းကြမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ လေးတောင်ကျားမဟုတ်ပါဘူး။ ကိုးတောင်ကျားဖြစ်မှာအမှန်ပါ။ ဒါကြောင့် ကိုးတောင်ကျားကြီးဖြစ်လာမယ့် နိုင်ငံကို ဘာလို့ပစ်ထားကြမှာလဲ။ ဒါကြောင့် နှစ်သစ်မှာ အားလုံး စည်းလုံးညီညွတ်စွာ လက်တွဲ ပူးပေါင်းဆောင်ရွက်ကြဖို့လိုပါတယ်။

မင်္ဂလာဆိုတာ မကောင်းမှုမှန်သမျှကို ခုတ်ဖြတ်ဖယ်ရှား၏လို့ ဆိုပါတယ်။ မကောင်းမှုအကုန်ပယ်၊ ကောင်းမှုဆောင်တာဟာ အဲဒါမင်္ဂလာပါပဲ။ နှစ်သစ်မှာ မကောင်းမှုတွေ ပပျောက်ပြီး ကောင်းမှုတွေ ရောက်လာဖို့ပါပဲ။ မြန်မာနိုင်ငံဟာ ရွှေနိုင်ငံ၊ ပတ္တမြားနိုင်ငံ ဖြစ်နိုင်တယ်။ သူတစ်ပါးက သွေးထိုး၊ သွေးခွဲတာကို သဘောပေါက်ကြတဲ့ တစ်နေ့၊ ကျွန်တော်တို့အားလုံး တညီတညွတ်တည်း ဒါတို့မြေ၊ ဒါတို့ပြည်ဆိုတာ သိရှိတဲ့တစ်နေ့ တိုင်းပြည် တစ်ဟုန်ထိုးတိုးတက်သွားမှာပါ။ နှစ်သစ်မင်္ဂလာမှာ မြန်မာနိုင်ငံဟာ အထူးဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီတွေ လျှံလျှံဝေနေတဲ့ ပတ္တမြားနိုင်ငံတော်ကြီး ဖြစ်ပါစေ။ အားလုံး ကျန်းမာချမ်းသာကြပါစေ၊ ဘေးကင်းကြပါစေ၊ စိုးရိမ်ကြောင့်ကြသောက ကင်းကြပါစေ၊ ဆင်းရဲခြင်းကင်းပြီး ချမ်းသာသုခအဖြာဖြာ ရရှိကြပါစေလို့ နှစ်သစ်ဆုတောင်း ပို့သလိုက်ပါတယ်။

**စာရေးဆရာမောင်ဆွေသက်**
**(ဗိုလ်မှူးကြီးညွန့်ဆွေ- ငြိမ်း)**

ကျွန်တော်တို့ ပြည်သူတွေ အခုမဲပေးလိုက်ပါပြီ။ ဘယ်သူပဲဖြစ်ဖြစ် တိုင်းပြည်အတွက် အကျိုးရှိအောင် ဆောင်ရွက်မယ့်သူလို့ ယုံကြည်တယ်။ ရွေးချယ်ပေးလိုက်သူဟာ ဒေသအသီးသီး၊ ဆက်စပ်နေတဲ့ တိုင်းပြည်နဲ့ ကမ္ဘာကြီးအတွက် အကျိုးပြုနိုင်မယ့် ပုဂ္ဂိုလ်လို့ ယုံကြည်ပါတယ်။ ရွေးချယ်လိုက်တဲ့ပုဂ္ဂိုလ်ဟာ တစ်ဦးတစ်ယောက်အတွက်မဟုတ်ဘဲ အားလုံးအတွက် အကျိုးရှိမယ့်သူဖြစ်မယ်လို့ ယုံကြည်တဲ့အတွက် မဲပေးခဲ့ပါပြီ။ ဒါဟာလဲ မင်္ဂလာစကားဖြစ်ပါတယ်။

နိုင်ငံသူ နိုင်ငံသားတွေနဲ့ ကမ္ဘာသူ ကမ္ဘာသားအားလုံးဟာ ကိုယ့်နိုင်ငံကို အေးချမ်းသာယာစေချင်ကြပါတယ်။ အဲဒီလိုပဲ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေဟာလဲ တိုင်းပြည်ကို အေးချမ်းစေလိုကြပါတယ်။ ကျွန်တော်တို့နိုင်ငံ အေးချမ်းသလို ဆက်စပ်နေတဲ့ နိုင်ငံတွေအားလုံး အေးချမ်းမယ်ဆိုရင် ကမ္ဘာကြီးလဲ အေးချမ်းစေမှာပါ။ ဒါကြောင့် ကမ္ဘာကြီးလဲ အေးချမ်းပါစေ၊ မြန်မာနိုင်ငံလဲ အေးချမ်းပါစေ၊ ပြည်သူ၊ ပြည်သားအပေါင်းလဲ အေးချမ်းကြပါစေ၊ ဒေသတွင်းနိုင်ငံတွေလဲ အေးချမ်းသာယာမှုကို တူညီစွာ ခံစားရရှိကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

**ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)**
**(မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ)**

အခုလို နှစ်သစ်ကူးကာလမှာ နှုတ်ခွန်းဆက်မင်္ဂလာစကား ပြောကြားရတဲ့အတွက် များစွာဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသား ပြည်သူတွေအားလုံး လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်တဲ့ ကိစ္စရပ်တွေကို ပြီးခဲ့တဲ့နှစ်ဟောင်းကာလမှာ လုပ်ဆောင်ခဲ့ကြပြီးဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ကျရောက်လာခဲ့တဲ့ ကိစ္စအဝဝကိုလဲ အတူလက်တွဲပြီး ဆောင်ရွက်ခဲ့ကြပါတယ်။ ကြုံဆုံခဲ့ရတဲ့ သဘာဝဘေးအန္တရာယ်တွေကို ကြံ့ကြံ့ခံခဲ့ပြီး ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး ပြန်လည်ထူထောင်နိုင်ဖို့အတွက် နိုင်ငံတော်က ကြပ်မတ် ဆောင်ရွက်ပေးခဲ့မှုကြောင့် ထူထောင်တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတော်ကို ချီတက်နိုင်ဖို့အတွက်လဲ နည်းလမ်းစနစ်ကျစွာ ဆောင်ရွက်သင့်သလောက် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ နောက်ထပ် ဆောင်ရွက်ရမယ့် အစီအစဉ်တွေလဲ ရှိပါသေးတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံဟာ ညီညွတ်သော၊ ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ်အဖြစ် ရှေ့ကာလတွေမှာ ဆက်လက်ပြီး ရောက်ရှိနိုင်အောင် တိုင်းရင်းသားပြည်သူတွေ၊ မိဘပြည်သူတွေ၊ နိုင်ငံတော်အကြီးအကဲ အုပ်ချုပ်သူတွေနဲ့အတူ ဆက်လက်ဆောင်ရွက်သွားဖို့အတွက် အားသစ်ခွန်သစ်တွေမွေးပြီး နိုင်ငံတော်ကို အစဉ်ထာဝရ ဘာသာသာသနာအမွေ၊ ယဉ်ကျေးမှုအမွေ၊ နယ်မြေပိုင်ဆိုင်မှု အမွေတွေကို တည်တံ့ခိုင်မြဲအောင် ကြိုးစားဆောင်ရွက်ကြပါစို့လို့ ပြောကြားလိုပါတယ်။ ပြည်သူအားလုံးကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေ ။

**ဒေါက်တာတင်ထွန်းဦး (မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ)**

အခုအချိန်ကတော့ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ပြည့်ဝတဲ့ ၂၀၂၆ ခုနှစ် နှစ်ဆန်းကာလပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ၂၀၂၅ ခုနှစ် မတ်လအတွင်းက လှုပ်ခတ်ခဲ့တဲ့ အလွန်ပြင်းထန်တဲ့ မန္တလေးငလျင်ကြီးအပါအဝင် အခက်အခဲအမျိုးမျိုးတို့ကြောင့် ပြည်သူအများ ရုန်းကန်ခဲ့ကြရပါတယ်။ ဒါပေမဲ့ ဘေးဒုက္ခမျိုးစုံနဲ့ ရင်ဆိုင်တွေ့ကြုံခဲ့ကြရတဲ့ ပြည်သူတွေအနေနဲ့ စိတ်ဓာတ်မကျဘဲ **"လဲရင်ပြန်ထမယ်"**ဆိုတဲ့ ကြံ့ခိုင်တဲ့ စိတ်ခွန်အားနဲ့ ကြိုးစားပြီး ပြန်လည်ရှင်သန် နိုးထနိုင်ခဲ့ကြပါတယ်။

နှစ်သစ်မှာ စကားလက်ဆောင်မွန်အနေနဲ့ အဲဒီလိုအခက်အခဲတွေကို ဖြေရှင်းဖို့ကြိုးစားခဲ့ကြရင်း အခွင့်အလမ်းတွေကို တွေ့နိုင်ကြပါလိမ့်မယ်။ အခက်အခဲ၊ ပြဿနာ၊ စိန်ခေါ်မှုနဲ့ ကျရှုံးမှုဆိုတာ တကယ်တော့ ကြီးပွားတိုးတက်အောင်မြင်ခြင်းရဲ့ လမ်းစပဲဖြစ်ပါတယ်။ အခွင့်အလမ်းတွေလဲ ဖြစ်ပါတယ်။ အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ရလဒ်ကို အခွင့်အလမ်းအဖြစ် ရယူအသုံးချပြီး မဆုတ်မနစ် ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ မိမိရည်မှန်းချက်အတိုင်း အစွမ်းကုန် ဆက်လက်ကြိုးပမ်းကြမယ်ဆိုရင် မိမိရဲ့ အောင်မြင်မှုပန်းတိုင်ကို မလွဲမသွေ အရောက်လှမ်းနိုင်ကြမှာ ဖြစ်ပါတယ်။ အခက်အခဲဆိုတာ အောင်မြင်ခြင်းအတွက် အခွင့်အလမ်းတွေပါပဲ။

အခုဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကျင်းပနေပြီး များမကြာခင်ကာလမှာ ပြည်သူအများ ရွေးချယ်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ ပါဝင်တဲ့ လွှတ်တော်ကြီး ပေါ်ထွန်းလာတော့မှာ ဖြစ်ပါတယ်။ အဲဒီကနေ ဆက်လက်ပြီး အစိုးရသစ်တစ်ရပ်လဲ ပေါ်ထွက်လာတော့မှာဖြစ်ပါတယ်။ အဲဒီအခါမှာ တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတွေ ပိုမိုကောင်းမွန် တိုးတက်လာလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ မကြာခင် ကာလတွေမှာနိုင်ငံနဲ့ ပြည်သူတွေအတွက် **"ပိုမိုခိုင်မာကောင်းမွန်တဲ့ အနာဂတ်"** ဖြစ်လာပါလိမ့်မယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေနဲ့လဲ သတင်းမီဒီယာကဏ္ဍကို နိုင်ငံတော်ရဲ့ စတုတ္ထမဏ္ဍိုင်အဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းရပ်တည်နိုင်အောင်၊ သတင်းမီဒီယာလောကကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးစားလုပ်ဆောင်သွားကြမှာ ဖြစ်ပါတယ်။ ဒ့ါပြင် နိုင်ငံနဲ့ပြည်သူ့အကျိုးအတွက် သတင်းမီဒီယာကဏ္ဍကနေ အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း သတင်းစကားပါးလိုက်ရပါတယ်။

အခုလို မင်္ဂလာရှိလှတဲ့ နှစ်ဆန်းချိန်ခါမှစပြီး တစ်နှစ်တာကာလမှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ ဘေးအန္တရာယ်အသွယ်သွယ် အပေါင်းမှ ကင်းဝေးကြပါစေ၊ စိတ်သွားတိုင်း ကိုယ်ပါ၍ လိုရာဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းပို့သပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တစ်ခုလုံး နိုင်ငံအနှံ့ တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး ဖြစ်ပါစေကြောင်းနှင့် ပြည်ထောင်စုကြီး ထာဝရ အခွန့်ရှည်တည်တံ့ခိုင်မြဲပါစေလို့ ဆန္ဒပြုပါတယ်။

## ကလော-ရွှေညောင်၊ ရွှေညောင်-ကလော ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ်ကို အထူးရထားတွဲဆိုင်းဖွဲ့ဆင်ပြီး Package ဖြင့် စင်းလုံးငှားရမ်းပြေးဆွဲလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် သာစည်-ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်းရှိ တောင်ကြီး-ပေါမူအပိုင်းတွင် ခရီးသွားပြည်သူများအနေဖြင့် တောင်ကြီးမြို့၏ သာယာလှပသောရှုခင်းများကို စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါမူ-တောင်ကြီး အသွား၊ အပြန် Sight Seeing ရထားခရီးစဉ်ကို အပတ်စဉ် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များ၌ ပြေးဆွဲပေးသကဲ့သို့ အဆိုပါရထားလမ်းပိုင်းရှိ ကလော-ရွှေညောင် ရထားလမ်းပိုင်းတွင် ဟဲဟိုးဘဝသံသရာတံတားကို လေ့လာကြည့်ရှုနိုင်ရန်၊ လမ်းခရီးရှိ ရေမြေတောတောင် သဘာဝရှုခင်းများ လေ့လာကြည့်ရှုနိုင်ရန်နှင့် ဒေသန္တရဗဟုသုတ ရရှိစေရန် ရည်ရွယ်၍ ကလော-အောင်ပန်း-ဟဲဟိုး-ရွှေညောင် အသွား၊ အပြန် ဟဲဟိုး ဘဝသံသရာရှုခင်းကြည့် ရထားခရီးစဉ်ကို ယနေ့မှစတင်၍ Package ဖြင့်အထူးရထားစင်းလုံးငှားရမ်းပြေးဆွဲပေးလျက်ရှိသည်။



ပြေးဆွဲသည့် အထူးရထားမှာ မြင်းကောင်ရေ ၂၀၀၀ အား ဒီဇယ်စက်ခေါင်းဖြင့် ခရီးသည် ဦးရေ ၄၀ လိုက်ပါစီးနင်းနိုင်သော ရိုးရိုးတန်းတစ်တွဲ၊ ခရီးသည် ၁၅ ဦးလိုက်ပါစီးနင်းနိုင်သည့် အထက်တန်းနှစ်တွဲနှင့် ရထားထိန်းတွဲ တစ်တွဲပါဝင်ပြီး အထူးရထားတွဲဆိုင်းကို Package ဖြင့် စင်းလုံးငှားရမ်းခမှာ လူတစ်ဦးလျှင် ကလော-ရွှေညောင် အသွား၊ အပြန် ရိုးရိုးတန်းငွေကျပ် ၃၀၀၀၀ နှင့် အထက်တန်းငွေကျပ် ၅၀၀၀၀ ဖြင့် စုစုပေါင်းငွေကျပ် ၂၇၀၀၀၀၀ ကျသင့်မည်ဖြစ်သည်။

အဆိုပါ ကလော-ရွှေညောင် အသွား၊ အပြန်ခရီးစဉ်အတွက် အထက်ပါသတ်မှတ်နှုန်းထားဖြင့် ယနေ့မှစ၍ စတင်ပြေးဆွဲပေးလျက်ရှိပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့်ဝန်ဆောင်မှုလုပ်ငန်းများမှ ရထားအဆိုင်းလိုက် တစ်စီးလုံး ငှားရမ်းမည်ဖြစ်ပြီး ရုံပိုင်တာဝန်ခံ ကလော ဖုန်း ၀၈၁-၂၃၅၀၁၄၃ မှတစ်ဆင့် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

(သတင်းစဉ်)

# စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်မှ ထင်ရှားကျော်ကြားသူများ၏ ၂၀၂၆ ခုနှစ် နှစ်သစ်မင်္ဂလာဆုတောင်းစကားသံများ


ဦးကြည်စိုးထွန်း


ဦးလွင်မြင့်


ဦးအောင်တင်ဝင်း


ဦးအောင်လွင်


ပန်းချီစိုးမိုး


ဒေါ်နွဲ့နွဲ့စန်း

**ဦးကြည်စိုးထွန်း(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး)**

လောကနိယာမအတိုင်း အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းပြီး အသစ်အသစ်တို့ ပေါ်လာကြပါတယ်။ အခု နှစ်ဟောင်းကုန်ပြီး နှစ်သစ်ကိုကူးပြောင်းခဲ့ပြီ။ နှစ်ဟောင်းက အပြစ်အနာအဆာတွေကို သင်ခန်းစာယူပြီး နှစ်သစ်မှာ အကောင်းအမွန်တို့ ဖြစ်ထွန်းလာစေဖို့ ဆက်လက်ကြိုးပမ်းကြရမှာဟာ လူ့ဘဝရဲ့ တာဝန်တစ်ရပ်ပါ။

ယဉ်ကျေးမှုအစဉ်အလာ ကြီးမားခဲ့တဲ့ မြန်မာလူမျိုးတွေဟာ ဘာသာတရားရဲ့ အဆုံးအမနဲ့ ကောင်းမွန်သောဓလေ့ထုံးစံတွေကိုလိုက်နာပြီးညီညွတ်သောစိတ်ထားတွေနဲ့ နယ်ပယ်အသီးသီးမှာ ကြီးမားသောအောင်မြင်မှုများ ရရှိကြပါစေ။ နှစ်သစ်အခါသမယမှာ မြန်မာပြည်သားအပေါင်း စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်စွာနဲ့ နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက်နိုင်ကြသူများ ဖြစ်ကြပါစေကြောင်း နှစ်သစ်ဆုတောင်းစကားပါးလိုက်ရပါတယ်။

**ဦးလွင်မြင့်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဗဟို)**

ရွက်ဟောင်းတွေကြွေလို့ ရွက်သစ်တွေဝေတဲ့ အချိန်အခါ၊ အဟောင်းတွေ ညောင်းလို့ အသစ်တွေပြောင်းတဲ့ ကာလ နှစ်သစ်မင်္ဂလာမှာ နိုင်ငံသူ၊နိုင်ငံသားတွေ အားလုံး၊ကမ္ဘာသူ၊ကမ္ဘာသားတွေ အားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာ ကောင်းခြင်းမင်္ဂလာအဖြာဖြာနဲ့ ကိုယ်စီကိုယ်င ပြည့်စုံကြပါစေလို့ဦးစွာ ဆုတောင်းမေတ္တာ ပို့သပါတယ်။

နိုင်ငံတော်သည်လဲ နှစ်သစ်ကူး ကာလကစတင်ကာ အသစ်အသစ်သော၊ အေးချမ်းသာယာ ဖွံ့ဖြိုးမှုရောင်ခြည်တွေ ယှက်သန်းနေမယ်လို့ ယုံကြည်ပြီး လောဘ၊ဒေါသ၊မောဟ၊အာဃာတတရားတွေ ပြေပျောက်ပြီးတော့ ချစ်ခြင်းတရား လွှမ်းမိုးပြည့်စုံတဲ့ နိုင်ငံတော်ကြီးဖြစ်မှာ သေချာတဲ့အတွက် အားလုံးစိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ နိုင်ငံတော်သစ်ကို ကြိုဆိုကြပါစို့လို့ နှစ်သစ်ဆုတောင်းစကား ပြောကြားလိုပါတယ်။

**အလင်္ကာကျော်စွာ ဦးအောင်တင်ဝင်း (နာယက၊မြန်မာနိုင်ငံသဘင်အစည်းအရုံး)**

နှစ်သစ်မင်္ဂလာအခါသမယမှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ လန်းဖြာကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ သဘင်လောကသားတွေလဲ လုပ်ငန်းတွေ အဆင်ပြေကြပြီး နှစ်သစ်မှာ စီးပွားရေး အခွင့်အလမ်းသစ်တွေနဲ့ နိုင်ငံနဲ့ပြည်သူကို အလုပ်အကျွေးပြုနိုင်ကြပါစေ။ ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံးလဲ ကျန်းမာချမ်းသာလန်းဖြာကြပြီး ကပ်ကြီးသုံးပါးကို ကျော်လွှားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းပို့သပါတယ်။

**ဦးအောင်လွင်(ရုပ်ရှင်သရုပ်ဆောင်)**

အားလုံးမင်္ဂလာပါခင်ဗျာ။ အခုဆိုရင် ၂၀၂၅ ခုနှစ်ကနေ ၂၀၂၆ ခုနှစ်ကို ကူးပြောင်းပါပြီ။ မြန်မာ့ရုပ်ရှင်ဆိုရင်လဲ နှစ်ပေါင်း ၁၀၅ နှစ်ကနေ ၁၀၆ နှစ်ကို ဝင်ရောက်ခဲ့ပါပြီ။ ရုပ်ရှင်ထုတ်လုပ်သူ၊ ပြသသူ၊ ရုပ်ရှင်လောက အလွှာအသီးသီးနဲ့ ရုပ်ရှင်ကို အစဉ်အားပေးခဲ့ကြတဲ့ ပြည်သူ၊ ပြည်သားအပေါင်း၊ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ကျန်းမာချမ်းသာလန်းဖြာကြပါစေ။ မြန်မာ့ရုပ်ရှင် အသက်ရှင်အောင် ပံ့ပိုးပေးခဲ့ကြတဲ့ ရုပ်ရှင်ချစ်မြတ်နိုးသူ ပရိသတ်အားလုံးကိုလဲ ကျေးဇူးအထူးတင်ပါတယ်။ နှစ်သစ်မှာ နှလုံးစိတ်ဝမ်းအေးချမ်းပြီး ကျန်းမာသုခ အဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

**ပန်းချီစိုးမိုး(ဒါရိုက်တာ)**

နှစ်သစ်ချိန်ခါမှစပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ အချိန်ဟာ ပုံမှန်ရွေ့လျားပြီး ဘယ်သူ့ကိုမှမစောင့်ဘဲ တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးနေပါတယ်။ အခု ၂၀၂၅ ခုနှစ်ကနေ ၂၀၂၆ ခုနှစ်ကိုပြောင်းလဲပြီ။ ကုန်ဆုံးပြီးခဲ့သော အချိန်တွေမှာ မိမိဘဝနဲ့ မိသားစုဘဝ အတွက်လည်းကောင်း၊ ဘာသာ သာသနာ အတွက်လည်းကောင်း၊ တိုင်းပြည်နှင့် လူမျိုးအတွက်လည်းကောင်း ကောင်းကျိုးအထွေထွေကိုဆောင်ရွက်ခဲ့ပြီး ဖြစ်မယ်လို့ ယုံကြည်မိပါတယ်။

အခု ၂၀၂၆ ခုနှစ် နှစ်သစ်ကိုရောက်ရှိပြီဖြစ်တဲ့အချိန်မှာ မြင့်မြတ်သောစိတ်ထား၊ နှလုံးသားနဲ့ မိမိဘဝကို ပိုမိုကောင်းမွန်စေဖို့နဲ့ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး၊သာသနာအကျိုးကို သယ်ပိုးစောင့်ရှောက်ရမှာဖြစ်ပါတယ်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး နှစ်သစ်ကစပြီး စိတ်သစ်၊ ကိုယ်သစ်နဲ့ မိမိဒေသအကျိုး၊ နိုင်ငံအကျိုးတို့ကို စွမ်းစွမ်းတမံ ငြိမ်းချမ်းစွာ လက်တွဲဆောင်ရွက်နိုင်ကြပါစေကြောင်း စေတနာဆန္ဒများစွာနဲ့ တောင်းဆုပြုအပ်ပါတယ်။ နှစ်ဦးမှစပြီး ပေါင်းစည်းညီညာ အေးချမ်းသာယာ ကြွယ်ဝချမ်းသာတဲ့ မြန်မာနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေဖို့ စိတ်တူကိုယ်တူ ကြိုးစားကြပါစို့လို့ တူညီသောဆန္ဒပြုရင်း နှစ်သစ်ဆုတောင်း မေတ္တာပို့သလိုက်ပါတယ်။

**ဒေါ်နွဲ့နွဲ့စန်း( ရုပ်ရှင်သရုပ်ဆောင် )**

ကမ္ဘာကြီးအေးချမ်းပြီး မြန်မာနိုင်ငံလဲ အေးချမ်းသာယာစေလိုပါတယ်။ ကမ္ဘာသူ၊ ကမ္ဘာသားတွေအားလုံး ကပ်ဘေးအပေါင်းမှ ကျော်လွှားနိုင်ကြပါစေ၊ နိုင်ငံအကြီးအကဲတွေနဲ့ ပြည်သူပြည်သားအပေါင်း ကျန်းမာချမ်းသာပြီး ဘေးဘယာဝေးကွာကြပါစေ၊ ကပ်ကြီးသုံးပါး ကျော်လွှားနိုင်ကြပါစေ။ အနုပညာကို ချစ်မြတ်နိုးကြတဲ့ ပြည်သူပြည်သားအပေါင်း အားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး စီးပွားလာဘ်လာဘများ တိုးတက်ကြပါစေ၊ အနုပညာမျိုးဆက်သစ်တွေအနေနဲ့ စာရိတ္တခိုင်မာစွာနဲ့ အနုပညာကိုလေးစားပြီး သမိုင်းကောင်း ရေးထိုးနိုင်ကြပါစေ၊ ရုပ်ရှင်လောကသားအပေါင်းလဲ လုပ်ငန်းတွေအဆင်ပြေချောမွေ့ပြီး အမောများပြေကြပါစေ၊ ခုနစ်ရက်သားသမီးများ နှစ်ခြိုက်တဲ့ ဇာတ်ကားတွေရိုက်ကူးနိုင်ပြီး ဇာတ်ကားများများထုတ်လုပ်နိုင်ကြပါစေ၊ ထုတ်လုပ်သူတွေနဲ့ရုပ်ရှင်လောကသားတွေ အားလုံး အဆင်ပြေကြပြီး ကျန်းမာချမ်းသာစွာ အေးချမ်းမှုအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှစ်သစ်ဆုတောင်း မေတ္တာပို့သလိုက်ပါတယ်။

# စီးပွားရေးလုပ်ငန်းရှင်အသင်းများမှ တာဝန်ရှိသူများ၏ ၂၀၂၆ ခုနှစ် နှစ်သစ်မင်္ဂလာ ဆုတောင်းစကားသံများ


ဦးမျိုးမြင့်


ဦးမောင်မောင်ဇော်


ဦးမောင်မောင်ဆန်း


ဦးကံညွန့်


ဦးနန္ဒကျော်

**ဦးမျိုးမြင့် ဥက္ကဋ္ဌ MKT Construction Company Ltd.**

၂၀၂၆ နှစ်သစ်မှစတင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာငြိမ်းချမ်းခြင်းနဲ့ ပြီးပြည့်စုံပါစေ။ ပြည်သူများအားလုံးလဲ စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး လုံခြုံအေးချမ်းသောဘဝများကိုပိုင်ဆိုင်နိုင်ပါစေ။ ဥစ္စာစီးပွားများလဲ ပြည့်စုံဖြိုးမောက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**ဦးမောင်မောင်ဇော် ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း**

၂၀၂၅ ခုနှစ်ကနေ ၂၀၂၆ ခုနှစ်သို့ကူးပြောင်းတဲ့ နှစ်သစ်မင်္ဂလာအချိန်ကာလမှစ၍ မြန်မာပြည်သူပြည်သားများ၊ အသင်းဝင်စားသုံးသူ မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။

နှစ်သစ်မှစ၍ ဘေးဘယာတွေ ကင်းဝေးပြီး ကျန်းမာချမ်းသာစွာ၊ အေးချမ်းသာယာစွာဖြင့် လိုရာဆန္ဒပြည့်ဝကြပါစေ၊ မြန်မာနိုင်ငံရှိ နိုင်ငံသူ၊နိုင်ငံသားအားလုံး သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။

**ဦးမောင်မောင်ဆန်း ဘဏ္ဍာရေးမှူး မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

မင်္ဂလာရှိတဲ့ ၂၀၂၆ ခုနှစ် နှစ်ဆန်းချိန်မှစပြီး မြန်မာနိုင်ငံသူ၊နိုင်ငံသားတွေ၊ ကမ္ဘာသူ၊ကမ္ဘာသား အားလုံးသော ခုနစ်ရက်သားသမီး သူတော်ကောင်းအပေါင်းတို့ စိတ်သစ်လူသစ်ဖြင့် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ စီးပွားဥစ္စာရတနာတွေလဲ တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက်ကြီးပွားနိုင်ကြပါစေ၊ လိုအင်ဆန္ဒများနဲ့လဲ ပြည့်ဝကြပါစေ၊ ရောဂါဘယများလဲ ကင်းဝေးကြပါစေ၊ မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေကြောင်း၊ ငြိမ်းချမ်းပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

**ဦးကံညွန့် ဥက္ကဋ္ဌ မြန်မာနိုင်ငံလုံးဆိုင်ရာ ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်**

၂၀၂၆ ခုနှစ် နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ အားလုံး စိတ်၏ချမ်းသာခြင်း၊ကိုယ်၏ကျန်းမာခြင်း အလုံးစုံပြည့်ဝကြပါစေ။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို နိုင်ငံသူ၊ နိုင်ငံသားများအားလုံး၊ မဲပေးခွင့်ရှိသူများ အားလုံးတက်တက်ကြွကြွမဲပေးပြီး ဒီမိုကရေစီအုပ်ချုပ်ရေး အစိုးရတစ်ရပ် ပေါ်ပေါက်လာရန်မှာ နိုင်ငံသူ၊ နိုင်ငံသား အားလုံး၏ တာဝန်သာဖြစ်ပါတယ်။

ကျွန်တော်များ မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ်ဟာ ဒီမိုကရေစီအရ တရားဝင်တက်ရောက်လာတဲ့ အစိုးရအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ပြီး အသေးစား၊ အလတ်စား ပြည်တွင်းထုတ်လုပ်ငန်းများ ပိုမိုဖြစ်ထွန်းတိုးတက်လာနိုင်ရေးအတွက် အထူးကြိုးပမ်းဆောင်ရွက် သွားမှာဖြစ်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်လာနိုင်ရေးမှာ လွန်စွာမှ အရေးကြီးသည့် အချိန်အခါဖြစ်ပြီး ဒီမိုကရေစီ အစိုးရသစ်ပေါ်ပေါက်လာမှသာ နိုင်ငံတော်ကြီး ယခုထက်ပိုမိုသာယာဝပြော၍ နိုင်ငံသူ၊ နိုင်ငံသားအားလုံး လိုအင်ဆန္ဒများ၊ စီးပွားဥစ္စာခနများ ဖွံ့ဖြိုးတိုးတက်နိုင်ပါစေလို့ နှစ်သစ်ကူးဆုမွန်တောင်းလိုက်ပါတယ်။

**ဦးနန္ဒကျော် ဥက္ကဋ္ဌ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း**

၂၀၂၅ နှစ်ဟောင်းကုန်လို့ ၂၀၂၆ နှစ်သစ်ရောက်ခဲ့ပြီ။ အချိန်ကာလတွေ တရွေ့ရွေ့ကူးပြောင်းခဲ့တာ နှစ်များစွာ။ ဒီနှစ်အတွက် ထူးခြားမှုက အမှောင်ထုတွေကုန်ဆုံးလို့ မျှော်လင့်ချက်ရောင်နီတွေမြင်လာရတဲ့ ကာလတစ်ခုပါ။ ကပ်ဘေးနဲ့ အခက်အခဲမျိုးစုံကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားခဲ့ရတဲ့ မြန်မာပြည်ကြီးဟာ မကြာခင် မင်္ဂလာတွေဖြာဖြာဝေတဲ့ ရွှေရောင်နေ့သစ်တွေဆီ ပြန်လည်ရောက်ရှိမယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

နိုင်ငံရေး၊ စီးပွားရေးပြန်လည်ကောင်းမွန်လာမယ့် အရိပ်အယောင်တွေမြင်တွေ့နေရပါပြီ။ ရရှိလာတဲ့အခွင့်အလမ်းသစ်တွေကို မိသားစုအကျိုး၊ မိမိဒေသအကျိုး၊ နိုင်ငံ့အကျိုးအတွက် ထိထိရောက်ရောက် ဆုပ်ကိုင် အသုံးချနိုင်ဖို့ ပြင်ဆင်ထားကြရပါမယ်။ အခြေအနေအကြောင်းကြောင်းကြောင့် ကြုံတွေ့လာတဲ့စိန်ခေါ်မှုတွေကို အတူတကွရင်ဆိုင် ကျော်ဖြတ်နိုင်ခဲ့တဲ့ မြန်မာပြည်သူ၊ ပြည်သားတွေရဲ့ ကြံ့ကြံ့ခံတဲ့စိတ်ဓာတ်ကို လေးစားမိပါတယ်။ အခက်ခဲဆုံးအချိန်မှာတောင် မိမိမြေ၊ မိမိရေကို ပြစ်ပယ်မသွားဘဲ ဆိုးတူကောင်းဖက်ခရီးဆက်ခဲ့ကြတာ လေးစားစရာပါ။ ရွေးကောက်ပွဲအလွန် နိုင်ငံရေးတည်ငြိမ် ကောင်းမွန်လာနိုင်မှုနဲ့အတူ ပြည်ပရင်းနှီးမြှုပ်နှံမှု စီးပွားရေးအခွင့်အလမ်းသစ်တွေ ပါလာပါလိမ့်မယ်။ ပြီးခဲ့တာတွေသင်ခန်းစာယူလို့ အနာဂတ်သစ်ဆီ၊ ဖွံ့ဖြိုးတိုးတက်မှုတွေဆီ မျိုးဆက်သစ်တို့နဲ့အတူ မောင်းနှင်ချီတက်လိုပါတယ်။

အမြော်အမြင်ကြီးမားတဲ့ ခေါင်းဆောင်များနဲ့ ကြံ့ကြံ့ခံနိုင်တဲ့ ပြည်သူပြည်သားတွေ တွဲလက်ညီညီနဲ့ ဆောင်ရွက်ကြရင် ဆယ်စုနှစ် အနည်းငယ်အတွင်းမှာ ရွှေရောင်လွှမ်းတဲ့ အောင်မြင်မှုတွေ ပိုင်ဆိုင်လာမှာ မြေကြီးလက်ခတ်မလွဲပါ။ စိတ်ရှည်သည်းခံ မှု၊ စာနာနားလည်မှုများနဲ့အတူ တိုင်းပြည်နဲ့ လူမျိုးအကျိုး ကျရာတာဝန် ကိုယ်စီဖြည့်ဆည်းရင်း အမိ မြန်မာနိုင်ငံတော်ကြီး အေးချမ်းခေတ်မီစွာ ဖွံ့ဖြိုးတိုးတက်လာပါစေကြောင်း၊ အောင်မြင်မှုအသီးအပွင့်တွေကို အားလုံးမျှဝေ ခံစားနိုင်ကြပါစေကြောင်း နှစ်သစ်မှာ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

# ၂၀၂၆ နှစ်သစ်ကူးခြင်းကို နှစ်ဟောင်းနှုတ်ဆက်ပြီး နှစ်သစ်ကို အေးချမ်းပျော်ရွှင်မှုများနှင့်အတူ တပျော်တပါးကြိုဆို



**မန္တလေး ဒီဇင်ဘာ ၃၁**

၂၀၂၅ ခုနှစ် နှစ်ဟောင်းကုန်ဆုံး၍ ၂၀၂၆ နှစ်သစ်ကို ကူးပြောင်းပြီဖြစ်ရာ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး၌ နှစ်သစ်ကူးပြောင်းခြင်းကို နိုင်ငံသူ၊ နိုင်ငံသားများက ယနေ့ညဉ့်နက် သန်းခေါင်ယံထိစောင့်ဆိုင်း၍ နှစ်သစ်ကို ကြိုဆိုခြင်းအထိမ်းအမှတ် ပျော်ရွှင်ဖွယ်ရာများဖြင့် အေးချမ်းပျော်ရွှင်မှုများနှင့်အတူ တပျော်တပါးကြိုဆိုကြသည်။

မန္တလေးမြို့၌ကျင်းပသည့် နှစ်သစ်ကြိုဆိုခြင်း အထိမ်းအမှတ်ပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ဇနီးများ၊ ဧည့်သည်ပရိသတ်တို့က မန္တလေးမြို့သူ၊ မြို့သားများ ပြည်သူလူထုနှင့်အတူ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၆ ခုနှစ် နှစ်သစ်မကူးခင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီမှ စတင်ကာ မန္တလေးမြို့တွင် နှစ်သစ်ကြိုဆိုခြင်း၏ အနှစ်သာရကို မန္တလေးမြို့သူ၊ မြို့သားများ ပြည်သူလူထုတို့က နိုင်ငံကျော်အဆိုတော် သရုပ်ဆောင်အနုပညာရှင်များ၊ DJတို့၏ မြူးကြွသည့် ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ မြူးထူးကခုန်ပျော်ရွှင်အေးချမ်းစွာဖြင့် ဖြတ်သန်းကြသည်။

၂၀၂၅ ခုနှစ် နှစ်ဟောင်းကုန်ဆုံးခါနီးအချိန် ၂၀၂၆ ခုနှစ် နှစ်သစ်သို့ကူးပြောင်းရောက်ရှိတော့မည့် စက္ကန့်ပိုင်းအလိုတွင် နှစ်သစ်ကူး Countdown ကို အတူရေတွက်ခြင်း၊ ည ၁၂ နာရီတိတိတွင် Happy New Year ဟု သံပြိုင်ရွတ်ဆိုခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့နှင့်အတူ နှစ်ဟောင်းကိုနှုတ်ဆက်၍ နှစ်သစ်ကို တပျော်တပါးကြိုဆိုခဲ့ကြကြောင်း၊ နိုင်ငံတော်ကြီး ပိုမိုငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုတောင်းကြိုဆိုခဲ့ကြကြောင်းနှင့် မိတ်ဟောင်းဆွေဟောင်း မိတ်သစ်ဆွေသစ်များထံသို့ စိတ်ရင်း စေတနာဖြင့် နှစ်သစ်ကူးဆန္ဒများနှင့်အတူ မက်ဆေ့ချ်များပေးပို့ခြင်းတို့ဖြင့် ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)နှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်အပေါ် သုံးသပ်ညှိနှိုင်းအစည်းအဝေးကျင်းပ



ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)နှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်အပေါ် သုံးသပ်ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၁) အောင်မြင်စွာကျင်းပပြီးနောက် အားနည်းချက်၊ အားသာချက်အပေါ် သုံးသပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများက အပိုင်း(၁) ရွေးကောက်ပွဲတွင် ဆောင်ရွက်ခဲ့သည့် မြို့နယ်များ၏ အားသာချက်၊အားနည်းချက်များကို သုံးသပ်အကြံပြုဆွေးနွေး၍ ဆက်လက်ကျင်းပမည့် အပိုင်း(၂) ရွေးကောက်ပွဲတွင် ဆောင်ရွက်သွားမည့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(၅၀၁)**

# နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် အထူးရထားများ တိုးချဲ့ပြေးဆွဲမည်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားလမ်းပိုင်းများ ပိုမိုကောင်းမွန်လာခြင်း၊ အချက်ပြစနစ်ပိုမို ခေတ်မီလာခြင်းနှင့်အတူ ခေတ်မီစက်ခေါင်းနှင့် လူစီးတွဲများ အသုံးပြုလာနိုင်ခြင်းအားဖြင့် ရန်ကုန်-မန္တလေး အဓိကရထားလမ်းပိုင်း၌ ရထားအမြန်နှုန်းများတိုးမြှင့်ပြီး ပြေးဆွဲချိန်လျှော့ချနိုင်ခြင်းကြောင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာသွားလာနိုင်ရန် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့်လည်းကောင်း၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတို့တွင် လေအိတ်ရထားတွဲဆိုင်းများဖြင့်လည်းကောင်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များကြိုက်နှစ်သက်ကြပြီး စီးနင်းမှုများပြားသဖြင့် နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများကို အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၁.၁.၂၀၂၆ | DEMU (စပိန်) အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၂ | ။ | DEMU (စပိန်) အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၃ | ။ | လေအိတ် အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၄ | ၄.၁.၂၀၂၆ | DEMU (စပိန်) အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၅ | ။ | DEMU (စပိန်) အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၆ | ။ | လေအိတ် အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |

အထက်ပါနေ့ရက်များအလိုက် ထပ်မံတိုးချဲ့ပြေးဆွဲပေးမည့် အထူးရထားများ၏ လက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် အထက်တန်းလက်မှတ်ကို သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်ကို တစ်ရက်ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများတွင်ဝယ်ယူနိုင်ကြောင်း၊ ထို့ပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန် လမ်းပိုင်းအတွင်းပြေးဆွဲလျက်ရှိသည့် ရထားများအတွက် ကြိုတင်လက်မှတ်များရောင်းချရာတွင် ငါးရက်ကြိုတင်၍ တယ်လီဖုန်းအမှတ် ၀၉-၈၈၀၉၄၂၆၀၀(နေပြည်တော်)၊ ၀၉-၈၈၀၉၄၂၆၀၁(ပျဉ်းမနား)၊ ၀၉-၈၈၀၉၄၂၆၀၈(ရန်ကုန်)တို့ကို ကြိုတင် Booking ပြုလုပ်၍ MMQR Code ဖြင့်အသုံးပြုကာ ငွေပေးချေခြင်း၊ တန်းစီခရီးသည်များလက်မှတ်ဝယ်ယူရာတွင်လည်း လက်မှတ်ခကို ငွေသားအပြင် MMQR Code အသုံးပြု၍ ငွေပေးချေခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမောင်မောင်သန်း<br>ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေ<br>စစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး<br>အလုပ်သမားဝန်ကြီးဌာန |
| (ခ) | ဦးမောင်မောင်ကျော်<br>ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးဝါးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလတ်လတ်ဝင်းအား အစမ်းခန့်ကာလ တစ်နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ပြည်သူများထံ အသိပေးပန်ကြားချက်

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည်ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

## ရောဝတီမြစ်ရေ နည်းမည်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ရောဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၃၂၅ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ပထမ ၁၀ ရက်ပတ်အတွင်း လက်ရှိရေမှတ်အောက် ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၀၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



တပ်မတော်စစ်ကြောင်းများကို ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်စဉ်။



သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ တပ်မတော်စစ်ကြောင်းများ ရောက်ရှိမှုကို တွေ့ရစဉ်။



မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်သဖြင့် ခရီးသွားပြည်သူများ၏ မော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်များ သွားလာရန်စောင့်ဆိုင်းနေမှုကို တွေ့ရစဉ်။

**❍ သောင်းသောင်းဖြဖြကြိုဆိုမှု**

နိုင်ငံပိုင်မြေပေါ်၊ မြေအောက်သယံဇာတများကို အဓမ္မနည်းဖြင့်ထုတ်ယူပြီး ကိုယ်ကျိုးသုံးစွဲခြင်း၊ ပြည်သူလူထုများ၏နေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ အဆောက်အအုံများကို အခိုင်အမာခံ စစ်နေရာများအဖြစ် အသုံးပြုခြင်း၊ ယာယီအခြေပြုနေထိုင်ခြင်း၊ ဆက်သွယ်ရေးလမ်းမကြီးများပေါ်၌ ဂိတ်များဖွင့်လှစ်၍ ဒေသခံပြည်သူများ၊ ခရီးသွားများထံမှ ငွေကြေးကောက်ခံခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့ကြသဖြင့် တပ်မတော်စစ်ကြောင်းများက အဆိုပါဒေသများ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးမှုရှိစေရေးတို့အတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)ကို စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်လည်းကောင်း၊ မတ္တရာမြို့နယ်ရှိ ဖယောင်းတောင်သတ္တုတွင်းဒေသကို ဩဂုတ် ၂၄ ရက်တွင် လည်းကောင်း၊ အယ်လ်ဖာဘိလပ်မြေစက်ရုံ တစ်ဝိုက်ကို ဩဂုတ် ၂၈ ရက်တွင် လည်းကောင်း၊ ဆည်တော်ကြီးကျေးရွာနှင့် ရေလှောင်တမံကို နိုဝင်ဘာ ၇ ရက်တွင်လည်းကောင်း၊ စဉ့်ကူးမြို့နှင့် အနီးတစ်ဝိုက်တို့ကို ဒီဇင်ဘာ ၁၉ ရက်တွင် လည်းကောင်း တပ်မတော်စစ်ကြောင်းများက အဝေးရောက် ဒေသခံပြည်သူများ၏ စစ်ရေးသတင်းပေး ကူညီမှုများဖြင့် အဆင့်ဆင့်ခြေကုပ်ယူထိုးစစ်ဆင်၍ အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သမားများ၏ စိတ်ကူးယဉ်စစ်ရေးရည်မှန်းချက်ကို အပြီးတိုင် ရိုက်ချိုးနိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ပြန်လည်ထိန်းချုပ်ရရှိပြီးဖြစ်သည့် အဆိုပါမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်မှုမရှိစေရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ လုံခြုံချောမွေ့မှုရှိစေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးတို့အတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ သပိတ်ကျင်းဘက်မှ နယ်မြေရှင်းလင်း ချီတက်လာသည့် တပ်မတော်စစ်ကြောင်းများသည် အောက်တိုဘာ ၁၁ ရက်တွင် သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာ၊ အောက်တိုဘာ ၁၃ ရက်တွင် ဖော့တောလမ်းဆုံ၊ ဒီဇင်ဘာ ၁၈ ရက်တွင် ဇရပ်ကွင်းကျေးရွာ ၎င်းမှ ဒီဇင်ဘာ ၂၂ ရက်တွင် လိပ်ကျကျေးရွာသို့လည်းကောင်း ရှင်းလင်းချီတက်သိမ်းပိုက်ပြီး ပတ်ဝန်းကျင်နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ အလားတူ စဉ့်ကူးဘက်မှ ချီတက်လာသည့် တပ်မတော်စစ်ကြောင်းများသည် စဉ့်ကူးမြို့နယ် လက်ပံလှကျေးရွာမှ ဒီဇင်ဘာ ၂၈ ရက်တွင် ကျည်တောက်ပေါက်ကျေးရွာ၊ ဒီဇင်ဘာ ၂၉ ရက်တွင် သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာ၊ ဒီဇင်ဘာ ၃၁ ရက် ယနေ့တွင် လိပ်ကျကျေးရွာသို့ နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ကာ အဆင့်ဆင့်ချီတက်ရောက်ရှိခဲ့ပြီး လိပ်ကျကျေးရွာနေရာ၌ တပ်မတော်စစ်ကြောင်းများ လက်ချင်းချိတ်ဆက်ပေါင်းဆုံခဲ့ကာ မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်းကို အပြည့်အဝထိန်းချုပ်စိုးမိုး ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများအနေဖြင့် လုံခြုံစိတ်ချစွာဖြင့် သွားလာ အသုံးပြုနိုင်ပြီဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း ဒေသတစ်ဝိုက် တည်ငြိမ်အေးချမ်းမှုရှိစေရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ ပြည်သူလူထုများ စိတ်အေးချမ်းလုံခြုံစွာဖြင့် သွားလာအသုံးပြုနိုင်ရေး ရွပ်ရွပ်ချွံချွံ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ နယ်မြေများအတွင်း လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့စဉ် နယ်မြေရှင်းလင်းချီတက်ရာ လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ မတရားနှိပ်စက်ညှဉ်းပန်းမှုခံနေရသည့် ဒေသခံပြည်သူများအနေဖြင့် တပ်မတော်စစ်ကြောင်းများဝင်ရောက်လာမှုကို ကျားမ၊ ကြီးငယ်မရွေး အောင်သပြေပန်းများ၊ ပန်းကုံးများကိုင်ဆောင်ကာ သောင်းသောင်းဖြဖြဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်ကို ကြည်နူးဝမ်းမြောက်ဖွယ် တွေ့မြင်ခဲ့ရသည်။




မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်သဖြင့် ခရီးသွားပြည်သူများ၏ မော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်များ သွားလာအသုံးပြုနေမှုကို တွေ့ရစဉ်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် သပိတ်ကျင်း - မိုးကုတ်ဒေသအနီးဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများလုံခြုံစေရေး ကုန်စည်ကူးသန်းရောင်းဝယ်မှုများလွယ်ကူလျင်မြန်ချောမွေ့လာစေရေးနှင့် နိုင်ငံစီးပွားတိုးတက်ရေး အထောက်အကူပြုသည့် မြေပေါ်၊ မြေအောက်သယံဇာတများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရေးတို့အတွက် သပိတ်ကျင်း - မိုးကုတ် ဆက်သွယ်ထားသည့် လမ်းကြောင်းကို အမြန်ဆုံးဖွင့်လှစ်နိုင်ရေး လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၃၈ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများကို စနစ်တကျဆက်လက်မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၃၁




မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့ရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ... ကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုး၊မီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်းအဆောက်အအုံ ၈၁ လုံးတို့ကို ရာနှုန်းပြည့်ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ၚင်းပြင် KK park နယ်မြေအတွင်းရှိ





KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် ပစ္စည်းများမီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။





KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် သုံးထပ် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ခြောက်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် သုံးထပ်အဆောက်အအုံ နှစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ၁၁ လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၃ လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၃၈ လုံး အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများကို ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် ရခိုင်ပြည်နယ်သို့ပို့ဆောင်မည့် ငွေကျပ် ၃၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ သန်းကျော် ဖမ်းဆီးရမိ



မောင်မောင်သန့်၊ အောင်ဇင်ဝင်း(ခ)ဖိုးခွား၊ နေမျိုးအောင်နှင့် မညီညီသက်တို့ကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၃၁

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် ညနေ ၅ နာရီတွင် မင်းဘူးမြို့ ကန်ရေကျေးရွာအနီး၌ သတင်းအရ စောင့်ဆိုင်းစဉ် အောင်ဇင်ဝင်း(ခ)ဖိုးခွား မောင်းနှင်ပြီး မောင်မောင်သန့်လိုက်ပါလာသည့် CAN-TER ခြောက်ဘီးယာဉ်ပေါ် စစ်ဆေးရာ ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉၈၆၂ သန်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇ ဒသမ ၄၆၅၅ ဘီလီယံ)ကို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဆက်လက် ဖော်ထုတ်ချက်များအရ အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများကို စစ်ကိုင်းမြို့မှ မန္တလေးမြို့သို့သယ်ဆောင်၍ နေအိမ်၌ သိုဝှက်ထိန်းသိမ်းထားရှိပြီး မန္တလေးမြို့မှ မင်းတုန်းမြို့သို့ တာဝန်ခံသယ်ဆောင်သည့် နေမျိုးအောင်နှင့်၎င်း၏ ဇနီး မညီညီသက်တို့ နှစ်ဦးကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၇ နာရီခွဲတွင် မကွေးမြို့ နတ်မောက်လမ်းရှိ မကွေးဟိုတယ်၌ SUPER CUSTOM ယာဉ်တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်ရှိ ၎င်းတို့၏နေအိမ်မှ မူးယစ်ဆေးဝါး သယ်ဆောင်ရာတွင်အသုံးပြုသည့် HYUN-DAI STAREX ယာဉ်တစ်စီးကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို သယ်ဆောင်ခိုင်းသူမှာ စစ်ကိုင်းမြို့နယ် ဆည်လေးကျေးရွာနေ မင်းမင်း (ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး စစ်ကိုင်းမြို့နယ်မှ မင်းတုန်းမြို့သို့လည်းကောင်း၊ မင်းတုန်းမြို့မှတစ်ဆင့် ရခိုင်ပြည်နယ်သို့လည်းကောင်း ဆက်လက်သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# ပြာသိုလပြည့်အမေနေ့ ချမ်းမြေ့သာယာရှိပါစေ

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

အမေနှင့်အမေ့အကြောင်းများသည် ပြော၍မကုန်နိုင်၊ ရေးသား၍မကုန်နိုင်သောအကြောင်းအရာများဖြစ်သည်။ လူတိုင်းတွင် အမေရှိသည်။ ချမ်းသာသူ၊ ဆင်းရဲသူ၊ ရာထူးရာခံရှိသူ၊ ရာထူးရာခံမရှိသူစသည်ဖြင့် မည်သို့ပင်ကွဲပြားခြားနားကြသော်လည်း အမေရှိနေခြင်းကတော့ အတူတူပင်ဖြစ်သည်။ ထို့အတူ အမေက သားကိုချစ်သော၊ သမီးကိုချစ်သော အချစ်ဆိုသည်မှာလည်း အမေအားလုံးတန်းတူညီမျှရှိသည်။ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိသော်လည်း သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိသည်မှာ အမေဖြစ်သည်။

ကလေးငယ်တို့၏ကံကြမ္မာကို သူ့မိခင်ကသာ ဖန်တီးသည်။ သားငယ်၏ကောင်းမွန်သောကံကြမ္မာကို ပီတိဖြစ်နေသော မိခင်လောက်ပျော်ရွှင်သူသည် လောက၌မရှိ။ ဤလောက၌ ဇနီးမယားထက်ကောင်းမွန်သောသူတစ်ဦးရှိသည် ထိုသူမှာမိခင်ဖြစ်သည်။ မိခင်သည် မည်သူ့နေရာတွင်မဆို အစားဝင်နိုင်သော်လည်း သူ့နေရာကိုမည်သူမျှအစားမဝင်နိုင်ပေ။ ကမ္ဘာလောကကြီးကို လက်ရှိမကောင်းသော အခြေအနေများမှ ကင်းစင်ပပျောက်အောင် ပြုပြင်လိုလျှင် မိခင်များနှင့်သာ စတင်လုပ်ဆောင်ကြရမည်ဖြစ်သည်။ အလွန်ကျယ်ပြန့်သော အတိုင်းအဆမရှိသော စကြဝဠာသည် မိဘမေတ္တာနှင့်နှိုင်းယှဉ်ပါက အပ်နဖားလောက်ပမာဏသာရှိပေ၏။ လူ့လောက၏အနာဂတ်သည် မိခင်တို့၏လက်တွင်း၌သာတည်ရှိသည်။ မိခင်မေတ္တာဆိုသော တေးတစ်ပုဒ်သည် သာယာချမ်းမြေ့မှု အဝဝကိုစုစည်းထားသည်။ တေးကဗျာတို့အနက် အမေ့အကြောင်းကို သီဖွဲ့သောတေးကဗျာတို့သည် အသာယာဆုံးဖြစ်သည်။ ယူဇနာရှစ်သောင်းလေးထောင်အမြင့်ဆောင်သော မြင်းမိုရ်တောင်သည် မိဘမေတ္တာနှင့်နှိုင်းယှဉ်ပါက နွားချိုပမာဏသာရှိလေသည်။ ဤအကြောင်းအချက်များသည် စာရေးဆရာချစ်စံဝင်း၏ အမေနှင့်အမေ့အကြောင်းစာအုပ်မှ ကောက်နုတ်ထားခြင်းဖြစ်သည်။

အမေနှင့်ပတ်သက်သောသီချင်းများကို အနုသုခုမပညာရှင်တို့ များစွာရေးသားခဲ့ကြသည်။ ရေးသားခဲ့သမျှမှာလည်း လူကြိုက်များခဲ့သည်။ ထိုသီချင်းပေါင်းများစွာထဲက စာရေးသူကြိုက်နှစ်သက်သော သီချင်းတစ်ပုဒ်မှာ မြန်မာ့ဆိုင်းဆရာစိန်ဗိုလ်တင့်ရေးသားခဲ့သော အမိကျေးဇူးသီချင်းဖြစ်သည်။ ထိုသီချင်းမှာ မြန်မာ့ဆိုင်းဝိုင်းဖြင့်တီးမှုတ်ထားသည့်အတွက် မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသည်။ မိခင်ဆိုသည်မှာ သားသမီးကို ကိုးလလွယ်ကာ ဆယ်လတွင်ဖွားမြင်ခဲ့ရသည်။ သားလေလား၊ သမီးလေလားမသိရခင်မှာပင် ပူငန်စပ်ခါးရှောင်ကြဉ်ခဲ့ကြသည်။ အထိုင်အထအသွားအလာဖြည်းဖြည်းညင်သာစွာသွားလာရသည်။ ကိုယ်ဝန်ဆောင်မိခင်တို့မှာ သေဘေးနှင့်အနီးကပ်ဆုံးတွင်ရှိနေသူများဖြစ်သည်။ စိန်ဗိုလ်တင့်က အမိကျေးဇူးသီချင်းတွင် သားသမီးမွေးလာသောအခါ၌ မိခင်ဖြစ်သူ၏ဟန်ပန်ကို "မှောက်ကားထကြွ၊ တွတ်တီးတွတ်တာ၊ မပီကလာ၊ တီတီတာပြောတတ်ရင်ဖြင့်၊ မိခင်ရင်တွင်း၊ ပီတိဖြစ်ခါ၊ အရွယ်ရောက်ချိန်တိုင်အောင်၊ စောင့်ရှောက်ကာကျွေးလို့၊ ပညာကို လူတန်းစေ့စေ့၊ ထိမိသေချာ၊ သာမဏေဘောင် သွတ်သွင်းချီးမြှင့်လေတာ၊ ကျေးဇူးတွေကို၊ ထာဝစဉ် မမေ့တော့ပါ၊ ဆယ်စုံညွှတ်ကျိုး၊ လက်မိုးကသာ၊ ရှိခိုးပန်ထွာ၊ သားရေးဖွဲ့စကားမွေးတဲ့၊ အသွားတေးနဲ့ ပူဇော်နေလျက်ပါ" ဟူ၍ဖွဲ့ဆိုဂုဏ်ပြုခဲ့သည်။

သီချင်းများနည်းတူ စာပေနယ်တွင် အကြိုက်ဆုံးစာအုပ်မှာ ချစ်စံဝင်း ရေးသားသည့် အမေနှင့်အမေ့အကြောင်း စာအုပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အရောင်းရဆုံးစာအုပ်ဖြစ်ပြီး အကြိမ်ပေါင်းများစွာ ပြန်လည်ထုတ်ဝေခဲ့သောစာအုပ်မှာ ချစ်စံဝင်း၏ အမေနှင့်အမေ့အကြောင်းစာအုပ်ဖြစ်သည်။ အမေကိုတန်ဖိုးထားမြတ်နိုးသူတိုင်း ထိုစာအုပ်ကိုဝယ်ဖတ်ကြသည်။ စာရေးသူသည် ထိုစာအုပ်ကို ၁၉၉၅ ခုနှစ်က ဝယ်ယူဖတ်ရှုခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က စာအုပ်တန်ဖိုးမှာ ငွေကျပ် ၁၅ဝ ဖြစ်ပြီး ထုတ်ဝေသည့်အကြိမ်သည်ပင် အဋ္ဌမအကြိမ်ဖြစ်ပေရာ ယခုဆိုလျှင်အကြိမ်ပေါင်းမြောက်မြားစွာထုတ်ဝေပြီးဖြစ်ပေလိမ့်မည်။ အဆိုပါစာအုပ်တွင်ပါဝင်သော ဆန်နှစ်တင်းနှင့်အမေသည် ဆရာချစ်စံဝင်း၏ ကိုယ်တွေ့ဖြစ်ရပ်မှန်ဖြစ်သည်။ မည်သူမျှတစ်နေရာမှတစ်နေရာသို့ ဆန်သယ်ယူခွင့်လုံးဝပိတ်ပင်ထားချိန်တွင် ဆရာ့အမေသည် ဆန်နှစ်တင်းကို ကဝမြို့နယ်အတွင်းရှိကျေးရွာမှ ရန်ကုန်သို့အရောက်သယ်ယူလာခြင်းကို ရေးဖွဲ့ထားသည်။ ဆရာသည် ထိုစဉ်က လူသိထင်ရှားအသိမိတ်ဆွေပေါများသူဖြစ်သည်။ သူကိုယ်တိုင်မိသားစုတွင် ဆန်အခက်အခဲဖြစ်၍သွားရောက်သယ်ယူခဲ့သော်လည်း လမ်းတွင် ဖမ်းဆီးစစ်ဆေးမှုများကြောင့် သယ်လာသောဆန်များကို လက်လွှတ်ခဲ့ရသည်။ ယခုမူ ဆရာ၏အမေက သားနှင့်ချွေးမ၊ မြေးများ ဆန်ခက်ခဲမည်ကိုသိ၍ မရရအောင်သယ်ယူလာနိုင်ခြင်းမှာ ထိုခေတ်ကိုမီသူများအနေဖြင့် မည်မျှခက်ခဲကြောင်းသိရှိကြသည်။ အမေ၏မေတ္တာသည်အခက်အခဲမှန်သမျှကို ကျော်ဖြတ်နိုင်ခဲ့သည်မှာ အံ့ဖွယ်ဖြစ်သည်။

အမေနှင့်ပတ်သက်လာလျှင် လူတိုင်းတွင် ခံစားချက်ရှိကြသည်။ အမေနှင့်ပတ်သက်၍ စာပေပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ ဟောပြောပွဲများ ကျင်းပကြသည်။ စာရေးသူတို့ငယ်စဉ်က စာပေဟောပြောပွဲများသည် အဆိပ်အတောက်ကင်းသည် ဟုဆိုရမည်ဖြစ်သည်။ မိဘမေတ္တာအကြောင်း၊ အမေ့အကြောင်း၊ မကောင်းမှုကို မပြုလုပ်သင့်ကြောင်း၊ စာကြိုးစားဖို့အကြောင်း စသည်ဖြင့် လူငယ်မောင်မယ်များအတုယူဖွယ်၊ ဘဝကိုရိုးသားကြိုးစား၍ဖြတ်သန်းသင့်ပုံများကို စာရေးဆရာများ၏အတွေ့အကြုံများဖြင့်ဟောပြောကြသည်။ မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့သည် ငယ်စဉ်ကတည်းက ကြားသိလာရသောအကြောင်း ဖြစ်သည့်အတွက် စာပေဟောပြောပွဲများကို မျှော်လင့်စောင့်စားကြသည်။

> ❖ ဦးသုခသည် ၁၉၉၅ ခုနှစ် ပြာသိုလပြည့်နေ့ကို အမေနေ့အဖြစ်သတ်မှတ်၍ အမေနေ့ကျင်းပရန် ဟောပြောတိုက်တွန်းနှိုးဆော်ခဲ့သည်။ ဦးသုခ၏ တိုက်တွန်းဟောပြောချက်များကြောင့် ယခုအခါ ပြာသိုလပြည့်နေ့ကို အမေနေ့ဟုသတ်မှတ်ကာ အမေ့အကြောင်းဟောပြောပွဲများ ကျင်းပလျက်ရှိသည်မှာ လူသားအားလုံးအတွက် ဝမ်းသာကြည်နူးဖွယ်ဖြစ်သည်။ ဦးသုခ၏မိခင်အကြောင်း ဟောပြောချက်များကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည့်အတွက် ပြည်သူများသိရှိပြီးဖြစ်မည်ထင်သည်။❖

ဦးသုခသည် ၁၉၉၅ ခုနှစ် ပြာသိုလပြည့်နေ့ကို အမေနေ့အဖြစ်သတ်မှတ်၍ အမေနေ့ကျင်းပရန် ဟောပြောတိုက်တွန်းနှိုးဆော်ခဲ့သည်။ ဦးသုခ၏ တိုက်တွန်းဟောပြောချက်များကြောင့် ယခုအခါ ပြာသိုလပြည့်နေ့ကို အမေနေ့ဟု သတ်မှတ်ကာ အမေ့အကြောင်းဟောပြောပွဲများ ကျင်းပလျက်ရှိသည်မှာ လူသားအားလုံးအတွက် ဝမ်းသာကြည်နူးဖွယ်ဖြစ်သည်။ ဦးသုခ၏ မိခင်အကြောင်း ဟောပြောချက်များကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည့်အတွက် ပြည်သူများသိရှိပြီးဖြစ်မည်ထင်သည်။

ဦးသုခသည် ရုပ်ရှင်လောကတွင် အကယ်ဒမီဆုများ များစွာရရှိထားသောဒါရိုက်တာတစ်ဦးဖြစ်ပြီး ရိုက်သမျှကားတိုင်းသည် ပြည်သူလူထုနှစ်ခြိုက်ကြသည်။ ထို့အတူ စာပေလောကတွင်လည်း နာမည်ကြီးစာရေးဆရာဖြစ်သည်။ အဟောအပြောကောင်းခြင်းကြောင့်လည်း အများပြည်သူတို့ ကြိုက်နှစ်သက်ကြသည်။ အထူးသဖြင့် ဦးသုခ၏ အမေ့အကြောင်းဟောပြောချက်မှာ လွမ်းဆွတ်တမ်းတမျက်ရည်ကျကြရသည်။ ဦးသုခသည် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ဇာတိဖြစ်သည်။ ဦးသုခက အမေဆိုသည့် စာကလေးနှစ်လုံးကိုအသံထွက်အောင် ရွတ်ကြည့်လိုက်စမ်းပါ။ အလွန်ချိုမြိန်သော၊ သာယာသော၊ စိတ်ချမ်းသာသော၊ မေတ္တာဖြင့်ထုံမွမ်းသောအရသာကို ခံစားရပါလိမ့်မည်ဟု ပြောခဲ့သည်။

ဦးသုခ၏အမေသည် သားဖြစ်သူကို အစိုးရအရာရှိကြီးဖြစ်စေချင်သည်။ အင်္ဂလိပ်ကျောင်းနေ၍ အင်္ဂလိပ်စာတတ်ကာ ဝန်ထောက်ဖြစ်ရမည်ဟူသော မျှော်လင့်ချက်ထားရှိသည်။ ဦးသုခသည် အမေ့မျှော်လင့်ချက်နှင့်တခြားစီဖြစ်ခဲ့သည်။ အမျိုးသားကျောင်းများတည်ထောင်ပြီး အစိုးရကျောင်းများနှင့် ကျောင်းပြိုင်ဖွင့်သည့်အခါ သားဖြစ်သူက အမျိုးသားစိတ်ဓာတ်နှင့် အမျိုးသားစာပေကိုဝါသနာပါလာသည်။ စာကြီးပေကြီးများကို အော်ကြီးဟစ်ကျယ် အလွတ်ကျက်သည်။ ကဗျာစပ်သည်။ သီချင်းဆိုသည်။ အမေက နည်းနည်းလေးမျှ ဘဝင်မကျလှပေ။ ထိုသို့ဆိုချင်ရာဆိုနေသည့်အတွက် တစ်ကြိမ်တွင် ဦးသုခ၏အမေသည် သူ့ရင်သူတီး၍ ငိုကြီးချက်မပင် ငိုလေသည်။ ထိုထက်ဆိုးသည်မှာ ကျောင်းထွက်ကာ မိန်းမယူလိုက်ခြင်းဖြစ်သည်။

အမေက သဘောမတူသဖြင့် ယောက္ခအိမ်တွင် လိုက်နေသည်။ အလုပ်အကိုင်ရ၍ ငွေကြေးရွှင်လာသောအခါ အမေကိုသတိမရခဲ့ဘဲ ယောက္ခမကိုမျက်နှာလုပ်ခဲ့သည်။ အမေဖြစ်သူက သူ့သားချောင်ချောင်လည်လည်ဖြင့် မြင်တွေ့နေရသည့်အတွက်ပီတိဖြစ်နေသည်။ ဦးသုခသည် စာရေးဆရာ၊ ဝတ္ထုရေးဆရာ ဖြစ်လိုသည်။ ရွှင်ပျော်ပျော်၌ တစ်မူးတန်ဝတ္ထုတိုလေးတစ်ပုဒ်ပါသောအခါ မိမိကိုယ်ကိုအထင်ကြီးပြီး ရန်ကုန်သို့တက်လာခဲ့သည်။ စိတ်အထင်မှာတစ်လကိုဝတ္ထုသုံးပုဒ်ရေးပါက စားဝတ်နေမှုအဆင်ပြေမည်ဟု တွေးထင်ထားသည်။ လက်တွေ့တွင် ထိုသို့မဟုတ်ပေ။ အဆင်ပြေချောမွေ့ခြင်းမရှိဘဲ ဒုက္ခမျိုးစုံကြုံရသည်။

ထိုသို့ကြုံနေစဉ်တစ်နေ့တွင် ရွှေတိုင်ညွှန့်ရေး၍ ဒေါ်ကြည်အောင် သီဆိုသော ဝိစိတြမိဘမေတ္တာသီချင်းသံကြားရသောအခါ ကြက်သီးမွေးညင်းများပင်ထလာသည်။ နားထောင်ရင်းမှ တစ်ကိုယ်လုံးစိမ့်၍ အေးလာသည်။ ချွေးစေးထွက်ကာတုန်တုန်ယင်ယင်ဖြစ်လာသည်။ နားထဲတွင်လည်း သေးငယ်ချွန်မြသော တံကျင်ကလေးဖြင့် သွင်းလိုက်သကဲ့သို့ နာနာကျင်ကျင်ခံစားလိုက်ရသည်။ လူကမငိုရဘဲ မျက်ရည်ပူများကျလာသည်။ ထိုကဲ့သို့ကြားလိုက်ရသည့်အခါမှ မိခင်ကြီး၏မေတ္တာကို ထင်ထင်ရှားရှားတွေ့လိုက်သည်။ အမေ့ကျေးဇူးနှင့်အမေ့မေတ္တာကို ဦးသုခ သိလာခဲ့သည်။ မိခင်ကြီးကို ကျွေးချင်ပါသည်။ ပြုစုချင်ပါသည်ဆိုသော်လည်း ငွေကမရှိ။ သူသည်ပင် သူများအိမ်မှာကပ်နေရသည့်အဖြစ်။ ဘယ်လိုပဲဖြစ်ပါစေ မိခင်ထံပြန်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ရန်ကုန်မှကျိုက်လတ်သို့ပြန်လာခဲ့သည်။ မိခင်ထံတိုက်ရိုက်မပြန်ရဲသေးသည့်အတွက် ဘုန်းကြီးကျောင်းတွင်ခေတ္တမီခိုနေထိုင်သည်။ ထိုသို့နေထိုင်ချိန်၌ ကံအားလျော်စွာ ဒုလ္လဘရဟန်းခံခွင့်ရခဲ့သည်။ ရဟန်းဘဝဖြင့် ဆွမ်းခံကြွချိန်တွင် ဦးသုခသည် သူ့မိခင်ကြီးနေသောအိမ်နားသို့ ရောက်သွားသည်။ ထိုအိမ်ကြီးရှေ့တွင် တဲကလေးထိုးကာ သူ့မိခင်ကြီးနေထိုင်သည်။ ဦးသုခသည် သူ့မိခင်ကြီးကို တွေ့ရသောအခါ ဆို့တက်လာပြီး ဆွမ်းခံမှပြန်လာသောအခါရရှိလာသောဆွမ်းကို မိခင်ကြီးကိုကျွေးရန် ထိုတဲကလေးသို့ကြွသွားခဲ့သည်။

တဲကလေးသို့ရောက်သော် မိခင်ကြီးသည် ဆွမ်းတော်ရပ်သည်ကိုမလှူနိုင်၍ "ကန်တော့ဆွမ်းပါဘုရား"ဟု မပြောရက်မဆိုရက်ဖြစ်နေစဉ် ရဟန်းဦးသုခက "အမေ..အမေ၊ အမေ့သား မောင်ရဟန်းပါ၊ မောင် ရဟန်းခံလာသောဆွမ်းကိုအမေစားပါတော့" ဟု ကျွေးသောအခါ အမေသည် ဝမ်းသာလွန်း၍ ချုံးပွဲချငိုတော့သည်။ ဤသည်မှာ စာရေးဆရာဒါရိုက်တာ ဦးသုခပြောပြသော အမေ့အကြောင်းဖြစ်သည်။ ထိုဟောပြောမှုကို နားထောင်သူတိုင်းမျက်ရည်ဝိုင်းခဲ့ကြသည်။ တချို့ ရှိုက်ကြီးတငင်ငိုကြသည်။ ဦးသုခသည်လည်း ထိုကဲ့သို့အမေ၏ကျေးဇူးကို သိပြီးသည်နှင့်တစ်ပြိုင်နက် အလုပ်အကိုင်အတည်တကျရှိလာခဲ့သည်။ အောင်မြင်ကျော်ကြားလာခဲ့သည်။ ထို့ကြောင့် ပြာသိုလပြည့်နေ့ကို အမေနေ့အဖြစ်သတ်မှတ်ကျင်းပကြရန်နှင့် မိဘကိုလုပ်ကျွေးပြုစုကြရန်၊ အမေကိုတန်ဖိုးထားကြရန်၊ အမေရှိနေစဉ်မှာအမေကိုလုပ်ကျွေးပြုစုကြရန် တိုက်တွန်းပြောကြားခဲ့သည်။ ပြာသိုလပြည့်နေ့သည် အေးမြသာယာသည်။ အအေးဓာတ်လွှမ်းခြုံသည်။ မိခင်မေတ္တာဆိုသည်မှာ အေးမြသည်။ ထာဝစဉ်အအေးဓာတ်ကိုပေးထားသည်။ စာဖတ်သူများအနေဖြင့် မိမိတို့တွင် အမေ၊ အဖေရှိနေပါက ပြုစုလုပ်ကျွေးကြပါ။ တန်ဖိုးထားကြပါ။ မိဘကို လုပ်ကျွေးသူသည် မည်သည့်အခါမှ ဆင်းရဲသောကမရောက်ဘဲကြီးပွားတိုးတက်မည်သာဖြစ်သည်။ ပြာသိုလပြည့်အမေနေ့တွင် အမေအားလုံးကို ရိုသေလေးစားစွာ ဤဆောင်းပါးဖြင့် ကန်တော့အပ်ပါသည်။

**ကိုးကား**

**- ချစ်စံဝင်း- အမေနှင့်အမေ့အကြောင်း**

**- စိန်ဗိုလ်တင့်- အမိကျေးဇူးသီချင်း**

# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၉၅၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၉၅၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၅၉၉၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၅၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"တန့်ဆည်မြို့နယ်အတွင်း ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲ ၂၅၉၉၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈)၊ ရေဆင်း (၁၁) မျိုးတို့ကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ် ကျောက်တိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး


**ကြံခင်း ဒီဇင်ဘာ ၃၁**


ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကျောက်တိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းနှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အဖွဲ့ဝင်များနှင့်အတူ ကျောက်တိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်တိုင်ကျေးရွာ၌ အရှည်ပေ ၁၂၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**



နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၃၉၀၇၇

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်ပင်တို့မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၂၁ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇




ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀

စက်ရုံနှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

## တပ်မတော်အသံလွှင့်တပ်
## သဇင်အသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းခေါ်ယူခြင်း

၁။ တပ်မတော်အသံလွှင့်တပ်၊ သဇင်အသံလွှင့်ဌာနတွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်) ဝန်ထမ်းအဖြစ် ခန့်အပ်ရန်အလိုရှိပါသည်-

(က) ကြေညာသူ(မြန်မာ)၊ ကြေညာသူ(အင်္ဂလိပ်)၊ ကြေညာသူ(တိုင်းရင်းသား)
(ခ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)
(ဂ) အယ်ဒီတာ(မြန်မာ) (ဝိဇ္ဇာဘွဲ့(မြန်မာစာ)နှင့်ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ) ဦးစားပေးမည်)
(ဃ) အယ်ဒီတာ(အင်္ဂလိပ်) (ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)နှင့်မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) ဦးစားပေးမည်)
(င) အသံဖမ်း(မြန်မာ/အင်္ဂလိပ်) (ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)
(စ) ပရိုဂရမ်မာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျန်းမာရေးကောင်းမွန်သူများဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကျော်စေရ။
(ဂ) အသံကောင်းမွန်ပြီး အနုပညာစိတ်ဝင်စားသူဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(င) တူရိယာပစ္စည်းတစ်မျိုးမျိုး တီးခတ်နိုင်သူ (သို့မဟုတ်) အသံကောင်းမွန်သူ (သို့မဟုတ်) တိုင်းရင်းသားဘာသာစကားများထဲမှ ဘာသာစကားတစ်မျိုးမျိုးအား တတ်ကျွမ်းသူ ဖြစ်ရမည်။
(စ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ အလုပ်လျှောက်လွှာပုံစံများကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သဇင်အသံလွှင့်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀ နှင့် ၀၉၆၈၄၁၂၄၄၉၂ သို့ ဆက်သွယ်၍ဖြစ်စေ အခမဲ့ ထုတ်ယူနိုင်ပါသည်။

၄။ အလုပ်လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့ နောက်ဆုံးထား၍ပေးပို့ရမည်။

၅။ အချက်အလက်ပြည့်စုံသော အလုပ်လျှောက်ထားသူများ၏ လူတွေ့အင်တာဗျူးအား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နှင့် ၃၀ ရက်နေ့များတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက သဇင်အသံလွှင့်ဌာန၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀ နှင့် ၀၉၆၈၄၁၂၄၄၉၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **ပိုးတန်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၇/ခ)၊ အကွက်အမည် **ပုလဲတန်း**ကွင်း၊ ဦးပိုင်အမှတ် **(၄၀/ခ)**၊ ဧရိယာ**(၀.၀၈၀)**ကေရှိသည့်အနက်မှ ဦးပိုင်အမှတ် **(၄၀/ခ-၁)**၊ ဧရိယာ**(၀.၀၃၈)**ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | |
|---|---|---|
| (က) အရှေ့လားသော် | - | ဦးပိုင်အမှတ်-၃၉ |
| (ခ) အနောက်လားသော် | - | လမ်း |
| (ဂ) တောင်လားသော် | - | ဦးပိုင်အမှတ်-၄၀-ခ ကျန်မြေ |
| (ဃ) မြောက်လားသော် | - | ဦးပိုင်အမှတ်-၃၉ |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ခိုင်ဇာဖြူ**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများ ရှိပါက **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၉)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ရေကြည်ပေါက်အထက(ခွဲ)ကျောင်း၊ Grade- 11 တွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ် ၁၉၄၅ မောင်ပိုင်မင်းခန့်၏ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်းဝင်း(၉/အမရ(နိုင်)၀၉၆၆၆၉)**

**သင့်သွေးဖြင့်**
**အသက်ကယ်ပါ**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ပြန်လည်တည်ဆောက်ခြင်းဟူသည်မှာ ပြန်လည်နာလန်ထူအောင် လုပ်ဆောင်ခြင်းသာမကဘဲ အနာဂတ်တွင် လုံခြုံအာမခံမှုရှိသည့် နိုင်ငံတစ်နိုင်ငံကို ဖန်တီးတည်ဆောက်ခြင်းလည်းဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၃၀ ရက်တွင်ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ (Rebuilding Myanmar:Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတိလောကာဘိဝံသဆရာတော်ကြီး၏ ၂၀၂၆ ခုနှစ်အတွက် နှစ်သစ်ဆုတောင်းသဝဏ်လွှာ** စာမျက်နှာ - ၁၆

**နိုင်ငံတော်ဩဝါဒါစရိယ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော်ကြီး၏ ၂၀၂၆ ခုနှစ် နှစ်သစ်ကူးဩဝါဒကထာ** စာမျက်နှာ - ၁၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၆/၂၀၂၅) ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၆/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈)အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။


ဦးစွာ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၅) မှတ်တမ်းကို အတည်ပြုခြင်းဆောင်ရွက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် **စာမျက်နှာ ၂၀ ကော်လံ ၁ ☆**



**နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၆/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။**

**တပ်မတော်စစ်ကြောင်းများက မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်**



# တပ်မတော်စစ်ကြောင်းများက မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်းကို အပြည့်အဝစိုးမိုးထိန်းချုပ်ဖွင့်လှစ်

## လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဝမ်းပန်းတသာကြိုဆို

**နေပြည်တော် ဒီဇင်ဘာ ၃၁**

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်တို့အတွင်းသို့ ဝင်ရောက်ကာ ဆက်သွယ်ရေးလမ်းကြောင်းများကို နှောင့်ယှက်ပိတ်ဆို့၍ ခရီးသွားပြည်သူများကို ဖမ်းဆီးခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ နေအိမ်များအတွင်းသို့ဝင်ရောက်၍ ပြည်သူပိုင်ပစ္စည်းများကို အတင်းအဓမ္မယူဆောင်ခြင်း၊ နိုင်ငံ့အကျိုးပြုစက်ရုံ၊အလုပ်ရုံများကို ဝင်ရောက်မီးရှို့ဖျက်ဆီးခြင်း၊ **စာမျက်နှာ ၂၇ ကော်လံ ၁ ❍**


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

Services

- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Services
- Loans , Overdraft and Hire Purchase System
- Gift Cheque Services and Payment Order Services
- Safe Deposit Locker
- ATM / POS Services / MPU Debit Card / Credit Card
- MIR Card POS Services / MIR Card Cashout (MMK) Via POS
- Mobile Banking and Internet Banking Services
- Foreign Banking Services with Russian Banks

Phone: (01) 2301367, 2301368
(01) 2301452, 2301378